# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၈၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက် | ၂၀၂၂ ခုနှစ်၊ ဇူလိုင် ၁၉ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၁)၊ အမှတ် (၂၈၇)


## ဝီရိယကို မြဲမြံစွာအားထုတ်

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သောသူ၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံး ကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




သခင်မြ


ဒီးဒုတ်ဦးဘချို


ဦးဘဝင်း


စဝ်စံထွန်း


မန်းဘခိုင်


ဦးရာဇတ်


ဦးအုန်းမောင်


ရဲဘော်ကိုထွေး



## မြန်မာ့အလင်း

# ပြည်ထောင်စုဖွားတို့ ဥမကွဲ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့လို

ဒုတိယကမ္ဘာစစ်ပြီးကာလတွင် ကမ္ဘာကြီးသည် ခေတ်သစ်တစ်ခုဆီသို့ ပြောင်းလဲသွားခဲ့သည်။ နယ်ချဲ့အင်ပါယာကြီးများ တစ်ခုပြီးတစ်ခုပြိုလဲသွားကြပြီး ကမ္ဘာ့မြေပုံမှာလည်း အကြီးအကျယ်ပြောင်းလဲသွားသည်။ ခေတ်ဟောင်းကာလက ဘုရင့်နိုင်ငံများ သမ္မတစနစ်သို့ ကူးပြောင်းကြသလို ဘုံဝါဒ အားကောင်းလာကာ ဥရောပအရှေ့ပိုင်းအားလုံးနီးနီး ကွန်မြူနစ်ဖြစ်သွားကြသည်။ မြန်မာနိုင်ငံတွင်မူ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သည့် အစိုးရအဖွဲ့က "ဗြိတိသျှအစိုးရသည် မြန်မာ့လွတ်လပ်ရေးနှင့် ပတ်သက်၍ ကြေညာရန်နှင့် မကြေညာပါက ၁၉၄၇ ခု၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် အစိုးရတစ်ဖွဲ့လုံး နုတ်ထွက်မည်" ဟူသော ကြေညာချက်ကို ၁၉၄၆ ခု၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ထုတ်ပြန်လိုက်သည်။

အဆိုပါ ကြေညာချက်အရ လွတ်လပ်ရေးကိစ္စအတွက် ဆွေးနွေးရန် ဗိုလ်ချုပ်အောင်ဆန်းအား ဗြိတိသျှအစိုးရက ဖိတ်ကြားသည့်အတွက် မသွားရောက်မီ ၁၉၄၇ ခုနှစ် နှစ်သစ်ကူးသည့် ဇန်နဝါရီ ၁ ရက်နေ့ ညတွင် တိုင်းပြည်သို့ အသံလွှင့်မိန့်ခွန်း ပြောကြားခဲ့သည်။ လွတ်လပ်ရေးအတွက် ဆွေးနွေးအရေးဆိုရမည့်ကာလတွင် နိုင်ငံတစ်ခုလုံး၏ အင်အားက အရေးကြီးသည်။ တစည်းတလုံးတည်းရှိရန်၊ တညီတညွတ်တည်း ဖြစ်ရန်အပြင် စည်းကမ်းတကျရှိနေဖို့ကလည်း လိုသည်။ ထို့အတွက် ဗိုလ်ချုပ်က ၎င်း၏မိန့်ခွန်းတွင် "တိုင်းသူပြည်သား လူအများဟာ ဥမကွဲ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျ ရှိဖို့လိုတယ်။ မလိုတဲ့လူတွေက ဘယ်လိုတိုက်တိုက်၊ ရှို့ရှို့၊ စစ၊ မိမိတို့ အဓိကပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ၊ လမ်းမလွဲအောင် ကြိုးစားဖို့ လိုတယ်" ဟူ၍ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

စစ်ပြီးခေတ် လွန်ခဲ့သည့် နှစ်ပေါင်း ၇၀ ကျော် ၈၀ ခန့်ကာလ ပတ်လုံး ကမ္ဘာ့နိုင်ငံရေးမှာ လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သောနိုင်ငံတိုင်း တန်းတူရည်တူ မဟုတ်ဘဲ အုပ်စုအားပြိုင်မှုကသာ အဓိကဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။ ကုလသမဂ္ဂမှသည် နိုင်ငံတကာစီးပွားရေးနှင့် ငွေရေးကြေးရေးအစီအစဉ်များအထိ အနောက်စူပါ ပါဝါက လွှမ်းမိုးကြိုးကိုင်ထားနိုင်ခဲ့ရာ ကိုလိုနီနယ်ချဲ့လက်အောက်မှ လွတ်မြောက်ခဲ့ရသော ဖွံ့ဖြိုးဆဲနိုင်ငံတို့အဖို့ ၎င်းတို့၏ ထီးရိပ်အောက်သို့ မဝင်၊ ဩဇာမခံဘဲနှင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရန်မှာ လွန်စွာခက်ခဲလှသည်။ စူပါပါဝါတို့အနေဖြင့် ၎င်းတို့၏ အကျိုးစီးပွားနှင့် ထိပ်ဆုံးတွင် ထာဝရရပ်တည်နိုင်ရေးတို့အတွက် မဟာဗျူဟာများ ချမှတ်အကောင်အထည်ဖော်ရာတွင် ဩဇာခံနိုင်ငံများနှင့် ပုဂ္ဂိုလ်များမှာ မဖြစ်မနေ လိုအပ်သလို ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဟူသော အမျိုးသားအကျိုးစီးပွားနှင့် တစ်ဖက်တွင် သူတစ်ပါးဩဇာခံဘဝ မကျရောက်စေရေးဟူသော ချောက်ကမ်းပါးတို့အကြား လိမ္မာပါးနပ်စွာ ဆောင်ရွက်ကြရခြင်းဖြစ်သည်။

မျက်မှောက်ကာလ မြန်မာနိုင်ငံကို ပါတီစုံဒီမိုကရေစီစနစ်ကို အခြေခံသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်အဖြစ် ဦးတည်မျှော်မှန်း တည်ဆောက်ကြရာတွင် ဥမကွဲ သိုက်မပျက် ညီညွတ်ရေးနှင့် စည်းကမ်းတကျ ရှိရေးတို့သည် အသက်သွေးကြောများသဖွယ် မဖြစ်မနေလိုအပ်နေဆဲပင် ဖြစ်သည်။ ထို့အပြင် ပြည်တွင်း ပြည်ပမှ မလိုသူတို့၏ ဖျက်လိုဖျက်ဆီးတိုက်ခိုက်မှု၊ တို့မီးရှို့မီး လုပ်ကြံဖန်တီးမှုတို့ဖြင့် နိုင်ငံကို အလုံးစုံပျက်သုဉ်းရေး ကြံစည်ကြိုးပမ်းမှုများကို စည်းလုံးညီညွတ်သော အင်အားဖြင့် စုပေါင်းကာကွယ်ကြပြီး ရည်မှန်းချက်ပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ ကြိုးပမ်းကြကာ ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာရပ်တည်နိုင်ရေးသည် မိမိတို့ မျိုးဆက်များ၏ သမိုင်းပေးတာဝန်သာ ဖြစ်ပါကြောင်း။ ။

# ပြည်ထောင်စုဝန်ကြီး ဦးကိုကို အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး) နှင့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်)တို့တွင် (၇၅)နှစ်မြောက် အာဇာနည်နေ့ အထူးပြပွဲ ခင်းကျင်းပြသမှုများ လှည့်လည်စစ်ဆေး

ရန်ကုန် ဇူလိုင် ၁၈

(၇၅) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ဒုတိယဝန်ကြီး ဒေါက်တာ မိုးဇော်ထွန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ ဝန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး)သို့ရောက်ရှိပြီး ပါလီမန်အဆောက်အအုံနေရာ၊ နိုင်ငံတော်အလံတင်အခမ်းအနား ကျင်းပရာနေရာ၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည် ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် အစည်းအဝေးခန်းမနှင့် အဆိုပါ အစည်းအဝေးခန်းမ



အတွင်းရှိ ခင်းကျင်းပြသထားသည့်ပစ္စည်းများနှင့် ခင်းကျင်းပြသထားမှုများကို လှည့်လည်စစ်ဆေးသည်။(**အပေါ်ပုံ**)

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်)သို့ ရောက်ရှိပြီး (၇၅)နှစ်မြောက် အာဇာနည်နေ့ အထူးပြပွဲအတွက် ဗိုလ်ချုပ်ပြတိုက်အတွင်း ခင်းကျင်းထားမှု၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက် စိမ်းလန်းစိုပြည် သာယာလှပရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှု၊ ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းပေါင်းချုပ် အပြည့်အစုံကို ၃၂ လက်မ Touch Screen ဖြင့် ပြသထားမှု၊ ဗိုလ်ချုပ်အောင်ဆန်း၏ ရှားပါးဓာတ်ပုံများ၊ စျာပနအခမ်းအနားတို့ကို Hologram ဖြင့် အများပြည်သူ အလွယ်တကူ လေ့လာ သိရှိနိုင်စေရေးအတွက် Digital Museum နည်းပညာအသုံးပြု၍ ခင်းကျင်းပြသထားမှုတို့နှင့် စိုက်ခင်း ပြင်ဆင်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အာဇာနည်

❂ အာဇာနည် . . .
သူ့တိုင်းသူ့ပြည် တိုးတက်စည်ဖို့
အားမာန်ကိုပျိုး စိတ်ထားရိုးပြီး
ရှာဖွေသိမ်း ပညာကြီးသည်
ထောက်ဆမျှော်တွေး ဆင်ခြင်သည်။

❂ အာဇာနည် . . .
စိတ်ဓာတ်သန်ရည် ဖွဲ့ကိုတည်ပြီး
ဖြစ်လာသမျှ ရင်ဆိုင်ရလည်း
မဆုတ်မတွန့် ဥာဏ်ကိုကွန့်ကာ
ပြီးမြောက်ချောမွေ့ အောင်စေသည်။

❂ အာဇာနည် . . .
မိသားစုများ မတွေ့နိုင်အားပဲ
ဒီကတာဝန် သူ့တာဝန်ဟု
အစဉ်ကြပ်မတ် သတိကပ်၍
စွန့်လွှတ်စွန့်စား စွမ်းဆောင်သည်။

❂ အသက်သေသေ အရိုးကျေကြွေ
ဂရုမထား သွေမသွားဘဲ
ပန်းတိုင်ကိုရည် လျှောက်နေညီဆဲ
အားကုန်ကြိုးထုတ် စွန့်၍လုပ်စဉ်
အငြိုးကြီးမား မိစ္ဆာများ၏
မတော်လက်ချက် ကြံစည်သတ်ကြောင့်
စောစွာနှုတ်ဆက်ခဲ့ချေပြီ။

❂ အာဇာနည်မျိုး မသေရိုးဟု
တစ်နှစ်တစ်ခါ ဂုဏ်ပြုကာဖြင့်
တာဝန်မကျေ မပြီးလေဘု။
သင်တကယ်ချစ် လေးစားလျက်ဆို
သူ့ပုံစံတူ အတုယူ၍
စွန့်လွှတ်အားထုတ် ရိုးရိုးကုပ်ဖြင့်
ရှိသည့်တာဝန် ထမ်းဆောင်ငင်လော့။
ဒါမှ သူတို့ ကြိုးပမ်းဖို့သည့်
မြေဆီမြေလွှာ ဒီပြည်မှာဖြင့်
ဝေဆာသီးပွင့် စည်ပင်တင့်မည်
နေ့စဉ်ပိုမို တိုးတက်လိုသည့်
စိတ်သတိကပ် ကြိုးစားတတ်စေ
မျိုးဆက်သစ်များ တာဝန်ကျေ။ ။

မောင်သန့်

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ (၂၀၂၂-၂၀၂၆) တွင် ပါဝင်တာဝန်ထမ်းဆောင်ကြမည့် ပုဂ္ဂိုလ်များကို ဂုဏ်ပြုကြိုဆိုသည့်အခမ်းအနားသို့ တက်ရောက်

**နေပြည်တော် ဇူလိုင် ၁၈**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ယနေ့ မွန်းလွဲပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန (ရန်ကုန်) ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ (၂၀၂၂-၂၀၂၆ ခုနှစ် )တွင် ပါဝင်တာဝန်ထမ်းဆောင်ကြမည့် ပုဂ္ဂိုလ်များကို ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။




ပြည်ထောင်စုဝန်ကြီးများနှင့် မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ ၂၀၂၂-၂၀၂၆ ခုနှစ်တွင် ပါဝင်တာဝန်ထမ်းဆောင်ကြမည့်ပုဂ္ဂိုလ်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**များစွာကျယ်ပြန့်နက်ရှိုင်း**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့ခေတ် နိုင်ငံတကာဆက်ဆံရေးနှင့် သံခင်းတမန်ခင်းတွင် သံတမန်နည်းလမ်းသွယ်-၂ သည် ယခင်ကထက် ပိုမိုအရေးပါကာ အသိပညာရှင်အဖွဲ့များ၏ ကွန်ရက်နှင့် အခန်းကဏ္ဍသည် များစွာကျယ်ပြန့်နက်ရှိုင်းနေပြီဖြစ်ပါကြောင်း၊ သို့ဖြစ်ရာ လက်ရှိ နိုင်ငံတကာဆက်ဆံရေးစိန်ခေါ်မှုများတွင် မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့အနေဖြင့် မဟာဗျူဟာကျသည့် အခန်းကဏ္ဍတွင် တည်ရှိနေပါကြောင်း၊ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့အနေဖြင့် ပြည်တွင်းပြည်ပရှိ အသိပညာရှင်များ၊ အဖွဲ့အစည်းများနှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်ပြီး အတွေးအခေါ်နှင့် အသိပညာဗဟုသုတများ ဖလှယ်ခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့အတွက် အကျိုးရှိမည့် မူဝါဒရေးရာ အဆိုပြုချက်များ၊ အကြံပြုချက်များ ဖော်ထုတ်ပေးရန် လိုအပ်ပါကြောင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် အရာထမ်း/အမှုထမ်းများအတွက် အဆင့်အမျိုးမျိုးသော သင်တန်းများတွင် ပညာရပ်နှင့် ဘာသာရပ်ဆိုင်ရာတို့တွင် ပံ့ပိုးကူညီပေးသွားရန် မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးအဖွဲ့အနေဖြင့် နိုင်ငံခြားရေး၊ နိုင်ငံတကာဆက်ဆံရေး၊ ကာကွယ်ရေး၊ လုံခြုံရေး၊ ဥပဒေရေးရာ၊ စီးပွားရေး စသည့်ဘာသာရပ်နယ်ပယ်အသီးသီးတွင် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိုးဖောက်သွားနိုင်ရန် ဆက်လက်ကြိုးပမ်းကြရန် တိုက်တွန်း ပြောကြားသည်။

မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ (၂၀၂၂-၂၀၂၆)ကို အတွေ့အကြုံ၊ ဗဟုသုတများ ကြွယ်ဝသည့် ဒုတိယဝန်ကြီးများ၊ အငြိမ်းစားသံအမတ်ကြီး၊ နိုင်ငံခြားရေး၊ နိုင်ငံတကာဆက်ဆံရေး၊ ကာကွယ်ရေး၊ လုံခြုံရေး၊ ဥပဒေရေးရာ၊ စီးပွားရေး စသည့် ဘာသာရပ်များအလိုက် ပညာရှင်များ၊ ကျွမ်းကျင်သူများသည် နယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်သည်။

**ရင်းနှီးနွေးထွေးစွာ ပူးပေါင်း**

အဖွဲ့၏ ရည်ရွယ်ချက်မှာ လက်ရှိဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များကို လေ့လာသုံးသပ်၍ သုတေသနပြုကာ အတွေးအခေါ်သစ်များနှင့် မူဝါဒရေးရာ အကြံပြုချက်များ ဖော်ဆောင်နိုင်ရန်နှင့် သံတမန်နည်းလမ်းသွယ်-၂ ကို ထိရောက်စွာအသုံးပြု၍ နှစ်ဖက်အကျိုးတူ စိတ်ပါဝင်စားသည့် ကိစ္စရပ်များနှင့် စိုးရိမ်မကင်းဖြစ်ရသည့် ကိစ္စရပ်များတွင် ပြည်တွင်းပြည်ပရှိ အသိပညာရှင်အဖွဲ့များနှင့် ရင်းနှီးနွေးထွေးစွာ ပူးပေါင်းဆောင်ရွက်ရန် ဖြစ်သည်။

**အသိပညာရှင်အဖွဲ့အစည်းတစ်ခုဖြစ်**

မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ကို ယခင်က မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာနအမည်ဖြင့် ၁၉၉၂ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် လက်ရှိအမည်ဖြင့် ပြန်လည်ဖွဲ့စည်းတည်ထောင်ကာ (၄)နှစ်သက်တမ်းရှိသည့် ဘုတ်အဖွဲ့များဖြင့် စဉ်ဆက်မပြတ် ဖွဲ့စည်းထားရှိသည့် နိုင်ငံခြားရေးဝန်ကြီးဌာနအောက်တွင် ဖွဲ့စည်းထားရှိသည့် အသိပညာရှင်အဖွဲ့အစည်းတစ်ခုဖြစ်သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ (၂၀၂၂-၂၀၂၆ ခုနှစ်) တွင် ပါဝင်တာဝန်ထမ်းဆောင်ကြမည့် ဝါရင့်အကြံပေးအဖွဲ့နှင့် အမှုဆောင်အဖွဲ့တို့မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ရုပ်သံအစီအစဉ်များ ရိုက်ကူးလေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇူလိုင် ၁၈**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယိုများ၌ ရုပ်သံအစီအစဉ်များ ရိုက်ကူးနေမှုများကိုကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုအားပေး**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် စတူဒီယို (၁)တွင် သုတဝေဖြာ သီရိဂေဟာ ပွဲစဉ် (၇၅) ကျန်းမာရေးဆိုင်ရာ အသိပညာပေးရုပ်သံအစီအစဉ်ပြသနိုင်ရန်အတွက် သရုပ်ဆောင် ထူးပြည့်အောင်နှင့် ပွင့်နဒီမောင်တို့ စီစဉ်တင်ဆက်ပြီး ဟာသသရုပ်ဆောင်များနှင့် ၎င်းတို့မိသားစုများ ပါဝင်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

**ချီးမြှင့်ငွေများပေးအပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စတူဒီယို ( ဒီ )၌ ဇူလိုင် ၂၂ ရက် သောကြာနေ့ညတွင် Friday Night Live Show အဖြစ် ဖျော်ဖြေတင်ဆက်မည့် မြန်မာပြည်သိန်းတန်၏ သီချင်းဒိုင်ယာရီ (၃) အစီအစဉ်အတွက် မြန်မာပြည်သိန်းတန် နှင့်အတူ စောဒယ်နီရယ်၊ အိအိလှိုင်၊ ချိုမီမီဇော်နှင့် ရေဂျီးနားတို့ သီဆိုအသံသွင်းနေမှုကို လည်းကောင်း၊ Master Control Room ၌ ဩဂုတ် ၅ ရက် သောကြာနေ့ညတွင် Friday Night Live Show အဖြစ် ဖျော်ဖြေတင်ဆက်မည့် မြန်မာ့ဆိုင်းဝိုင်းကြီးနှင့်အတူ သီဆိုလေ့ကျင့်နေမှု၊ စတူဒီယို (ဘီ)၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား သံစုံတီးဝိုင်း လေ့ကျင့်တီးခတ်နေမှုတို့ကိုလည်းကောင်း၊ စတူဒီယို(စီ)၌ ရေဒီယိုအစီအစဉ်များ၊ အသံသွင်းနိုင်ရန်အတွက် ပြန်လည်ပြုပြင်ပြီးစီးမှုနှင့် ရေဒီယိုအစီအစဉ်များ အသံသွင်းမှုတို့ကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အနုပညာရှင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးကာ ဝန်ထမ်းများအား ချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် အဖွဲ့ဝင်များ စတူဒီယို(ဘီ)၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား သံစုံတီးဝိုင်း လေ့ကျင့်တီးခတ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၁၈**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် မိုးပိုလာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ၂၀၂၂ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ



နေပြည်တော် ဇူလိုင် ၁၈

**၂၀၂၂ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား/ အမျိုး သမီး) ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း(B)ရှိ ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ အားကစားနှင့်လူငယ် ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ပြည်ထဲရေး ဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာ နိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ ဝန်ထမ်းများနှင့် ဘော်လီဘော အားကစား နည်းကို စိတ်ပါဝင်စားသည့် အားကစားဝါသနာရှင်များ တစ်ခဲနက်လာရောက်ကြည့်ရှုအားပေးကြသည်။**

(အမျိုးသမီး) ဗိုလ်လုပွဲ ပွဲစဉ်တွင် ကာကွယ်ရေး ဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေး ဝန်ကြီးဌာနအသင်းက (၃)ပွဲ(၂)ပွဲဖြင့် အနိုင်ရရှိခဲ့ပြီး (အမျိုးသား) ဗိုလ်လုပွဲ ပွဲစဉ်တွင် ကာကွယ်ရေးဝန်ကြီး ဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဝန်ကြီးဌာန အသင်းက (၃)ပွဲ(၂)ပွဲဖြင့် အနိုင်ရရှိခဲ့ကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနား ကို ဆက်လက်ကျင်းပရာ ဘော်လီဘော (အမျိုးသမီး) ပြိုင်ပွဲတွင် အကောင်းဆုံးစပေးဘောဆုရ ပို့ဆောင် ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းမှ ကျော နံပါတ်(၁၀) မကလျာဝင်း၊ အကောင်းဆုံး ပင့်ထောင် ဆုရ ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ ကျောနံပါတ် (၉) မနန္ဒာဝင်းပြည့်၊ အကောင်းဆုံး ရိုက်ခုတ်ဆုရ ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ကျောနံပါတ်(၂) မဆုမွန်သဲ၊ အကောင်းဆုံး ပိတ်ဆို့ဆုရ ပြည်ထဲရေး ဝန်ကြီးဌာနအသင်းမှ ကျောနံပါတ်(၁၇) မသုဇာ အောင်၊ အကောင်းဆုံး ခုခံဆယ်မဆုရ ကာကွယ်ရေး ဝန်ကြီးဌာနအသင်းမှ ကျောနံပါတ် (၅) မညီလှိုင်မြင့်၊ အကောင်းဆုံးဘော်လီဘော(အမျိုးသမီး)အားကစား သမားဆုရ ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ကျောနံပါတ်(၁၇)မသက်ထားတို့ကို အကောင်းဆုံး ဆုနှင့် ငွေသားဆု ကျပ်တစ်သိန်းစီကို လည်းကောင်း၊ (အမျိုးသမီး)ဘော်လီဘောပြိုင်ပွဲတွင် စတုတ္ထဆုရရှိ သော အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းကို ငွေသားဆုငွေကျပ် ၁၀ သိန်းကို လည်း ကောင်း ကာကွယ်ရေးဝန်ကြီးဌာန တပ်ထိန်းချုပ် ဗိုလ်ချုပ်သက်ထွန်းဦးက ပေးအပ်ချီးမြှင့်သည်။

ထို့နောက် (အမျိုးသမီး)ဘော်လီဘောပြိုင်ပွဲတွင် တတိယဆုရရှိသော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနအသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုငွေကျပ် ၁၅သိန်းကို အားကစားနှင့်လူငယ် ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က လည်းကောင်း၊ ဒုတိယဆုရရှိသော ပြည်ထဲရေး ဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆု ငွေကျပ်သိန်း ၂၀ ကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင် ကျော်ထွန်းကလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဘော်လီဘော(အမျိုးသား)ပြိုင်ပွဲ တွင် အကောင်းဆုံး စပေးဘောဆုရ နယ်စပ်ရေးရာ ဝန်ကြီးဌာနအသင်းမှ ကျောနံပါတ်(၇) မောင်ပြည့်စုံ ထွေး၊ အကောင်းဆုံးပင့်ထောင်ဆုရ ပြည်ထဲရေး ဝန်ကြီးဌာနအသင်းမှ ကျောနံပါတ်(၂) မောင်မင်း ဟိန်းခန့်၊ အကောင်းဆုံး ရိုက်ခုတ်ဆုရ ကာကွယ်ရေး ဝန်ကြီးဌာနအသင်းမှ ကျောနံပါတ်(၉) မောင်လှိုင် ဝေကျော်၊ အကောင်းဆုံး ပိတ်ဆို့ဆုရ ကာကွယ်ရေး ဝန်ကြီးဌာနအသင်းမှ ကျောနံပါတ်(၆) မောင်ကျော် ဇေယျ၊ အကောင်းဆုံးခုခံဆယ်မဆုရ ကာကွယ်ရေး ဝန်ကြီးဌာနအသင်းမှ ကျောနံပါတ် (၁၂) မောင်ခိုင် မင်း၊ အကောင်းဆုံးဘော်လီဘော (အမျိုးသား) အားကစားသမားဆုကို ပြည်ထဲရေးဝန်ကြီးဌာန အသင်းမှ ကျောနံပါတ်(၇) မောင်တိုးမင်းမောင်တို့ကို အကောင်းဆုံးဆုနှင့် ငွေသားဆု ကျပ် တစ်သိန်းစီကို လည်းကောင်း၊ (အမျိုးသား)ဘော်လီဘောပြိုင်ပွဲ တွင် စတုတ္ထဆုရရှိသော သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာနအသင်းအား ငွေသားကျပ် ၁၀ သိန်းကို လည်းကောင်း သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက ပေးအပ် ချီးမြှင့်သည်။

ဆက်လက်၍ (အမျိုးသား)ဘော်လီဘောပြိုင်ပွဲ တွင် တတိယဆုရရှိသော နယ်စပ်ရေးရာဝန်ကြီး ဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသား ဆုကျပ် ၁၅သိန်းကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်က လည်းကောင်း၊ ဒုတိယဆုရရှိသော ပြည်ထဲရေးဝန်ကြီးဌာနအသင်း ကို တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုကျပ်သိန်း ၂၀ ကို ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် စိုးတင့်နိုင်က လည်းကောင်း၊ (အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသော ကာကွယ် ရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုကျပ်သိန်း ၃၀ နှင့် တံခွန်စိုက်ဒိုင်းဆု တို့ကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံကလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် (အမျိုးသား)ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသော ကာကွယ်ရေးဝန်ကြီးဌာနအသင်း အား တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုကျပ်သိန်း ၃၀ နှင့် တံခွန်စိုက်ဒိုင်းဆုတို့ကို နယ်စပ်ရေးရာဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ဆုများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(အပေါ်ပုံ)** **သတင်းစဉ်**

# ၂၀၂၂-၂၀၂၃ ခုနှစ် ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များမှ အလုပ်သင်ဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်မည့်သူများ ကြိုဆိုပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၁၈



ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာ ရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီး ဌာနအောက်ရှိ ဆေးတက္ကသိုလ် များနှင့် သွားဘက်ဆိုင်ရာ ဆေး တက္ကသိုလ်များတွင် နောက်ဆုံး နှစ်စာမေးပွဲများကို ဖြေဆို အောင်မြင်ပြီး သက်ဆိုင်ရာ ဆေး တက္ကသိုလ်များ၏ သင်ကြားရေး ဆေးရုံများနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များတွင် ယနေ့မှ စ၍ အလုပ်သင်ဆရာဝန်အဖြစ် (၁)နှစ် တာဝန်ထမ်းဆောင်ကြ မည့်သူများ ကြိုဆိုနှုတ်ခွန်းဆက် အခမ်းအနားကို ဆေးတက္ကသိုလ် (၁)ရန်ကုန် ဆေးပညာကျွမ်းကျင်မှု ပုံတူပြုလေ့ကျင့်ရေးနှင့် သုတေ သနဌာန Recreation Center (8th Floor)၌ ယနေ့ နံနက် ၉ နာရီ တွင် Semi Virtual စနစ်ဖြင့် ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ကျန်းမာ ရေးဝန်ကြီးဌာန၏ ရည်မှန်းချက် များ အောင်မြင်မှုရရှိစေရန် အတွက် အရည်အသွေးပြည့်ဝ သော လူ့စွမ်းအားအရင်းအမြစ် များ အလုံအလောက်မွေးထုတ်ပြီး စဉ်ဆက်မပြတ် လေ့ကျင့်ပေးနိုင် ရန် ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာနနှင့် ဆေး တက္ကသိုလ်များနှင့် ဆေးပညာ နှီးနွယ်တက္ကသိုလ်များ၏ အခန်း ကဏ္ဍသည် လွန်စွာ အရေးကြီးပါ ကြောင်း၊ ကျန်းမာရေးလူ့စွမ်းအား စုများတွင် ပါဝင်သည့် ဆရာဝန် များ၊ သွားဘက်ဆိုင်ရာ ဆရာဝန် များ၊ ဆေးဝါးပညာရှင်များ၊ ဆေးဘက်ဆိုင်ရာ နည်းပညာရှင် များ၊ သူနာပြုများ၊ အခြေခံ ကျန်းမာရေး ပညာရှင်များကို လေ့ကျင့်မွေးထုတ်ပေးခဲ့ရာ ယနေ့ အထိ ဆရာဝန် ၆၇၃၃၃ ဦး၊ သွားဘက်ဆိုင်ရာ ဆရာဝန် ၅၄၂၇ ဦး၊ ဆေးဝါးပညာရှင် ၄၂၀၃ ဦး၊ ဆေးဘက်ဆိုင်ရာ နည်းပညာရှင် ၄၅၀၁ ဦး၊ သူနာပြုသိပ္ပံဘွဲ့ရ ၉၄၅၄ ဦး၊ အခြေခံကျန်းမာရေး ပညာရှင် ၂၃၅၆ ဦးတို့ကို မွေးထုတ် ပေးပြီးဖြစ်ပါကြောင်း၊ လက်ရှိ အချိန်တွင် ဒီပလိုမာ၊ မဟာသိပ္ပံ နှင့် ပါရဂူ/ဆေးလက်တွေ့ပါရဂူ ဘွဲ့လွန်သင်တန်း အမျိုးအစား ၁၄၀ ကို ဖွင့်လှစ်ပို့ချပေးလျက် ရှိရာ ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် အထိ ဒီပလိုမာဘွဲ့ရရှိသူပေါင်း ၃၇၂၇ ဦး၊ ဆေးပညာမဟာသိပ္ပံဘွဲ့ ရရှိသူပေါင်း ၁၀၉၃၆ ဦး၊ ပါရဂူဘွဲ့ ရရှိသူပေါင်း ၁၅၀၆ ဦးကို မွေးထုတ် ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

ယခုကဲ့သို့ အလုပ်သင် ဆရာဝန်အဖြစ် တာဝန်ထမ်းဆောင် ခြင်းသည် အများပြည်သူအတွက် အကျိုးရှိစေခြင်း၊ ပရဟိတနှင့် မိမိတို့၏ပညာရပ်ဆိုင်ရာနယ်ပယ် တွင် အသုံးချခွင့် လေ့လာဆည်းပူး ခွင့် ရရှိစေခြင်း၊ အတ္တဟိတသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ် ပါကြောင်း၊ ဆရာဝန်များ၏ အဓိဋ္ဌာန်ပြု ကတိသစ္စာအတိုင်း မိမိတို့ တတ်မြောက်ထားသည့် ဆေးပညာရပ်များကို လက်တွေ့ အသုံးချပြီး ဆရာဝန်တစ်ယောက် ၏ စစ်မှန်သောခံယူချက်၊ Profe- ssional တစ်ဦး ပီပီသသဖြင့် ပြုစုကုသပေးပါက ကောင်းကျိုး မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြ မည်ဖြစ်ပါကြောင်း၊ ယခုလို ဆရာဝန်တစ်ဦးဖြစ်အောင် ပညာ သင်ကြား မွေးထုတ်ပေးလိုက် သည့် မိဘ၊ ဆရာနှင့် နိုင်ငံတော်၏ ကျေးဇူးတရားကို သိတတ်၍ နိုင်ငံ တော်၏ တစ်ထောင့်တစ်နေရာမှ ပါဝင်၍ ကျေးဇူးဆပ်စေလိုပါ ကြောင်း ပြောကြားသည်။


ဆက်လက်၍ မြန်မာနိုင်ငံ ဆေးကောင်စီ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ခင်မောင်အေးက ဆရာဝန်တစ်ဦး လိုက်နာစောင့် ထိန်းရမည့် ကျင့်ဝတ်များ၊ လူနာ များကို ပြုစုကုသရာတွင် လူမျိုး၊ ဘာသာ၊ ဆင်းရဲ / ချမ်းသာ၊ အသက်အရွယ်၊ ကျား/မ၊ နိုင်ငံရေး ခံယူချက်မတူကွဲပြားခြင်း စသည့် အချက်များအပေါ် အခြေမခံဘဲ လူနာတိုင်းကို ဆရာဝန်တစ်ဦး၏ ကျင့်ဝတ်နှင့်အညီ ပြုစုကုသပေး ရေး၊ မည်သည့်အခြေအနေ အချိန် အခါတွင်မှ လူနာများကို စွန့်ခွာ မသွားရေးတို့ကို မှာကြားသည်။

ယင်းနောက် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်ထွန်းက ကြိုဆိုနှုတ်ခွန်းဆက် အမှာစကား ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က အလုပ်သင် ဆရာဝန်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် ကြသည်။

(၂၀၂၂-၂၀၂၃) ခုနှစ်တွင် ရန်ကုန်၊ မန္တလေးနှင့် မကွေး ဆေးတက္ကသိုလ်များမှ အလုပ်သင် ဆရာဝန် ၃၃၂ ဦး၊ ရန်ကုန်၊ မန္တလေးသွားဘက်ဆိုင်ရာ ဆေး တက္ကသိုလ်များမှ အလုပ်သင် ဆရာဝန် ၆၆ ဦး စုစုပေါင်း ၃၉၈ဦး တို့သည် ဇူလိုင် ၁၈ ရက်မှစ၍ အလုပ်သင်ဆရာဝန်များ အဖြစ် စတင်တာဝန်ထမ်းဆောင်ကြမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အမြင်ကျယ်ကျယ်၊ အမြော်အမြင်ကြီးကြီးထား



တိုင်းပြည်တစ်ပြည် ထူထောင်တာဟာ ဘယ်လောက်ခက်ခဲတယ်၊ အတက်အကျ လောကဓံအမျိုးမျိုးကို တွေ့ရတယ်ဆိုတာ ကမ္ဘာ့ရာဇဝင်သိတဲ့ လူတိုင်းတော့ ဆင်ခြင်နိုင်ကြမှာပဲ။ ဒါကြောင့် အမြင်ကျယ်ကျယ် အမြော်အမြင်ကြီးကြီးနဲ့ စိတ်မပျက်လက်မပျက်ဘဲ ရသမျှအခွင့်အရေးကိုရတုန်း မိမိရရယူကြရလိမ့်မယ်။ ဒါမှသာ ကျုပ်တို့မြန်မာပြည်ကြီး ကျုပ်တို့ချစ်ရာရောက်မယ်။ ကျုပ်တို့ မြန်မာပြည်ထူထောင်နိုင်မယ်။

(ဗိုလ်ချုပ်အောင်ဆန်း ၁၉၄၄ ခုနှစ် နိုဝင်ဘာလအတွင်း တိုင်းပြည်သို့ အသံလွှင့်ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့်စေလွှတ်ရန် အမျိုးသား၊ အမျိုးသမီး စုစုပေါင်း ၈၀၀ တို့ကို OWIC ပြုလုပ်ပေးနေ၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ယခုနှစ် ဇွန် ၃၀ ရက်အထိ အလုပ်သမား ၃၆၃၆၅ ဦးကို ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ် (OWIC) ပြုလုပ်ပေးပြီး စေလွှတ်ခဲ့

ရန်ကုန် ဇူလိုင် ၁၈

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (မြောက်ဒဂုံ)သို့ သွားရောက်၍ ပြည်ပနိုင်ငံများသို့ အလုပ်သမားစေလွှတ်ရေးအတွက် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆိုမှု၊ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ် (Overseas Worker Identification Card – OWIC) ထုတ်ပေးနေမှုနှင့် EPS စနစ်ဖြင့် ကိုရီးယားသမ္မတနိုင်ငံသို့ သွားရောက်လုပ်ကိုင်မည့် အလုပ်သမားများ စာမေးပွဲမှတ်ပုံတင်ကြေးပေးသွင်းမှုလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။



### ကြည့်ရှုစစ်ဆေး

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (မြောက်ဒဂုံ) ၌ ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့်စေလွှတ်ရန် Trade Win အေဂျင်စီအပါအဝင် အေဂျင်စီ ၈ ခုတို့မှ အလုပ်သမား ၈၅၁ ဦးတို့ကို အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုနေမှုနှင့် Golden Plant အေဂျင်စီအပါအဝင် အေဂျင်စီသုံးခုတို့မှ အမျိုးသား ၄၃၀၊ အမျိုးသမီး ၃၇၀ စုစုပေါင်း ၈၀၀ တို့ကို OWIC ပြုလုပ်ပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

အလုပ်သမားဝန်ကြီးဌာနအနေဖြင့် မတ် ၂၅ ရက်မှ ဇွန် ၃၀ ရက်အထိ ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့် အလုပ်သမား စုစုပေါင်း ၃၉၉၃၉ ဦးကို အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုပေးနိုင်ခဲ့ပြီး ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ယခုနှစ် ဇွန် ၃၀ ရက်အထိ ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီအစီအစဉ်ဖြင့် လည်းကောင်း၊ မိမိအစီအစဉ်ဖြင့်လည်းကောင်း၊ ခွင့်ပြန်/ PR ဖြင့်လည်းကောင်း ထိုင်းနိုင်ငံသို့ ၁၁၁၂၃ ဦး၊ စင်ကာပူနိုင်ငံသို့ ၁၀၅၆၁ ဦး၊ ကိုရီးယားနိုင်ငံသို့ ၂၀၈၃ ဦး၊ ဂျပန်နိုင်ငံသို့ ၇၅၅၈ ဦး၊ မလေးရှားနိုင်ငံသို့ ၃၂၈၆ ဦးအပါအဝင် ပြည်ပနိုင်ငံ ၅၇ နိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်မည့် အလုပ်သမား ၃၆၃၆၅ ဦးကို ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ် (OWIC) ပြုလုပ်ပေးပြီး စေလွှတ်ခွင့်ပြုပေးခဲ့သည်။

၂၀၂၂ ခုနှစ် EPS-TOPIK စာမေးပွဲအတွက် Online စနစ်ဖြင့် စာမေးပွဲလျှောက်လွှာ တင်သွင်းခြင်းကို ဇူလိုင် ၇ ရက်မှ ၂၃ ရက်အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး စာမေးပွဲမှတ်ပုံတင်ကြေးပေးသွင်းခြင်းကို ဇူလိုင် ၁၄ ရက်မှ ၂၃ ရက်အထိ ပင်လုံခန်းမ (မြောက်ဒဂုံ)တွင် ကောင်တာ (၈)ခု ဖွင့်လှစ်လက်ခံ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

### လိုအပ်သည်များ မှာကြား

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် ၂၀၁၃ ခုနှစ်တွင် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားသော Vocational Training Center of CVT Myanmar သို့ သွားရောက်ပြီး သင်တန်းပို့ချရာတွင် အသုံးပြုသည့် စာသင်ခန်းများ၊ Workshop များ၊ သင်ထောက်ကူပစ္စည်းများ၊ စက် ပစ္စည်းများနှင့် လက်သုံးကိရိယာပစ္စည်းများ၊ သင်ရိုးညွှန်းတမ်းများနှင့် ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ သင်တန်းများ ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး တောင်ဒဂုံမြို့နယ် (၆၃) ရပ်ကွက်၊ စက်မှုလမ်း၊ အမှတ် (၂၉၆၄) ရှိ Arbourfield Assessment Center သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက Welder Level-1 အလုပ်အကိုင်အတွက် လုပ်သား ၁၂ ဦးကို ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရာတွင် စစ်ဆေးအကဲဖြတ်ရေးနည်းလမ်းများ၊ အသုံးပြုမည့် ပစ္စည်းကိရိယာများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရေး Familia-rization ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကာ ကျွမ်းကျင်လုပ်သားများကို အရည်အချင်း ပြည့်ဝစေရေးနှင့် Welder အလုပ်အကိုင်အတွက် ကျွမ်းကျင်လုပ်သား များစွာမွေးထုတ်နိုင်ရေး ဦးစားပေးဆောင်ရွက်ရန် လမ်းညွှန်မှာကြားသည်။

### စစ်ဆေးအကဲဖြတ်နိုင်ခဲ့

မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (National Skills Standards Authority – NSSA) အနေဖြင့် ၂၀၁၄ ခုနှစ်မှ ယနေ့အထိ အလုပ်အကိုင်အမျိုးအစား (၃၀) အတွက် ၁၉၅၁၂ ဦးကို စစ်ဆေးအကဲဖြတ်နိုင်ခဲ့ပြီး အရည်အသွေးပြည့်ဝသူ ၁၇၆၃၀ ကို အသိအမှတ်ပြုနိုင်ခဲ့ကြောင်း၊ Welder Level-1 (MMAW, GMAW, FCAW) နှင့် Welder Level-2 (MMAW) အတွက် ၂၀၇၄ ဦးကို စစ်ဆေးအကဲဖြတ်ခဲ့ရာ Level-1 ၁၆၃၆ ဦးနှင့် Level-2 ၁၅ ဦး စုစုပေါင်း ၁၆၅၁ ဦးကို အသိအမှတ်ပြုပေးနိုင်ခဲ့ကြောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း လုပ်သား (၅၀၀၀) စစ်ဆေးအကဲဖြတ် ရန် လျာထားသတ်မှတ်ထားပြီး Welder အလုပ်အကိုင်အတွက် ကျွမ်းကျင်မှုအဆင့် (၁)၊ အဆင့်(၂)နှင့် အဆင့်(၃) လုပ်သား ၂၀၂ ဦးကို စစ်ဆေးအကဲဖြတ်ရေးဆောင်ရွက်ရန် လျာထားပြီး လျာထားချက်အတိုင်း ပြည့်မီအောင် အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲတွင် တနင်္သာရီရေတပ်စခန်းဌာနချုပ်အသင်းက တံခွန်စိုက်ဒိုင်းဆုရရှိ

နေပြည်တော် ဇူလိုင် ၁၈

၂၀၂၂ ခုနှစ် ကာကွယ်ရေးဦးစီးချုပ် (ရေ) တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် ရေဝတီရေတပ်စခန်း ဌာနချုပ်ရှိ သီဟသူရထွန်းတင်ခန်းမ၌ ပြုလုပ်ရာ နယ်မြေခံရေတပ် ကွပ်ကဲမှုဌာနချုပ်၊ ဌာနချုပ်မှူး ဗိုလ်ချုပ်ထိန်ဝင်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ရေတပ်ကွပ်ကဲမှု ဌာနချုပ်မှူးက အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ ပြိုင်ပွဲဝင်အသင်းများ၏ ဗိုလ်လုပွဲ ပွဲစဉ် ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသူများနှင့် တံခွန်စိုက် ဒိုင်းဆုရရှိသော တနင်္သာရီရေတပ်စခန်း ဌာနချုပ်အသင်းအား ရေတပ်ကွပ်ကဲမှုဌာနချုပ်မှူးနှင့် အဖွဲ့ဝင်များက တံခွန်စိုက်ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ လက်ဝှေ့ပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကွပ်ကဲမှုအောက် ရေတပ်စခန်းဌာနချုပ်များမှ ပြိုင်ပွဲဝင်အသင်း ၁၄ သင်းဖြင့် ဇူလိုင် ၁၀ ရက်မှ ယနေ့အထိ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# ရုရှားမြေတွင် ပွင့်လန်းလာသည့် ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာရောင်ဝါ အလင်းတန်း

အမောင်(မြန်မာပြည်သား)၊ အေးကျော်(ရူပဗေဒ)

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ ခေတ်မီတိုးတက်မှုနှင့် ရှည်လျားသည့် သမိုင်းကြောင်းကို ပုံဖော်ပြသနေသည့် အဆောက်အအုံများက အားပြိုင်နေဟန်ရှိသည်။ မြို့အတွင်း ရစ်ခွေစီးဆင်းနေသည်က မော်စကိုမြစ်၊ ထိုမြစ်ကမ်းဘေးရှိ လမ်းမကြီးထက်မှာ နောက်ဆုံးပေါ် မာစီဒီး အနက်ရောင်တစ်စီး ဦးဆောင်သည့် နိုင်ငံတော်အဆင့် လုံခြုံရေးများ ဝန်းရံထားသည့် မော်တော်ယာဉ်များသည် ခန့်ညားစွာဖြင့် လိုရာခရီးကို ဦးတည်မောင်းနှင်လျက်ရှိသည်။

ထိုသို့ နိုင်ငံတော်အဆင့် လုံခြုံရေးများ ခြံရံထားသည့် ယာဉ်တန်းမှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လိုက်ပါလာသည်။ ရှည်လျားလှသည့် နှစ်နိုင်ငံ ဆက်ဆံရေးသမိုင်းတွင် သမိုင်းတစ်ခုအဖြစ် မှတ်တမ်းဝင်မည့် ခရီးစဉ်အပေါ် အိမ်ရှင် ရုရှားဖက်ဒရေးရှင်း နိုင်ငံ၏ လှိုက်လှဲစွာ ခရီးဦးကြိုဆိုမှုနှင့် ညှိုဝတ်ကျေပွန်မှုများက စာဖွဲ့ပြရလျှင် မပြည့်စုံနိုင်ဟုပင် ထင်မြင်မိပါသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာ နိုင်ငံတို့၏ ဆက်ဆံရေးသမိုင်းအား ပြန်ကြည့်မည်ဆိုပါက ရှည်လျားလှသည့် သမိုင်းပုံရိပ်တစ်ခုအဖြစ် မြင်ရမည် ဖြစ်သည်။ နှစ်နိုင်ငံအကြား အပြန်အလှန် သံတမန်ဆက်ဆံမှု အစပြုခဲ့သည်က ယနေ့ကာလအထိဆိုပါက ၇၄ နှစ်ပင် တိုင်ခဲ့ပြီဖြစ်ပြီး သမိုင်းတစ်လျှောက်တွင် ကောင်းမွန်သည့် ဆက်ဆံရေးများသာ ပြည့်လျှမ်းနေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ သို့ဆိုလျှင် နှစ်နိုင်ငံ၏ တည်နေရာ အနေအထားအရ နီးနီးကပ်ကပ်ရှိနေ၍လောဟု အမေးရှိက မဟုတ်ဟုသာ ဆိုရမည်ဖြစ်သည်။ နှစ်နိုင်ငံ၏ ပထဝီ အနေအထားရပ်တည်နေမှုက အလှမ်းဝေးလွန်းလှသည်။ ပထဝီဝင်အနေအထား အရ မည်မျှပင် အလှမ်းကွာဝေးစေကာမူ နှစ်နိုင်ငံဆက်ဆံရေးကား အိမ်နီးချင်း



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားနိုင်ငံ ကာလုဂါပြည်နယ် ETHNOMIR ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်ရှိ ရွှေစည်းခုံပုံတူစေတီတော်ကြီးအား တင်လှူပူဇော်မည့် ရတနာစိန်ဖူးတော်အား ပရိတ်နံ့သာရည်များ ပက်ဖျန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို ရွှေစည်းခုံ ပုံတူစေတီတော်အထွတ်သို့ ပင့်ဆောင်တပ်ဆင်ပူဇော်စဉ်။

နိုင်ငံများထက်မပိုဟုဆိုလျှင်ပင် မလျော့သော ဆက်ဆံရေးရှိသည်ဟု ဆိုနိုင်သည်။ အတူတကွ ကူးလူးဆက်ဆံနေသည့် သံတမန်ရေးနယ်ပယ်တွင်သာမက ယဉ်ကျေးမှု၊ ပညာရေး စသည့် နယ်ပယ်များတွင်လည်း အပြန်အလှန် ကူးလူးဆက်ဆံနေမှုများက မနည်းလှ။ အခြားသော တစ်ဖက်ဖြစ်သည့် ကာကွယ်ရေးအရ ပူးပေါင်းဆောင်ရွက်မှုများတွင်လည်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေသည်ကိုလည်း တွေ့မြင်နိုင်သည်။ ရုရှားနှင့် မြန်မာနိုင်ငံသည် အလှမ်းဝေးသည့်တိုင် နှစ်နိုင်ငံသည် နောက်ခံသမိုင်းကြောင်းဖြတ်သန်းခဲ့ရမှု၊ ရင်းနှီးဖော်ရွေသည့် ရိုးရာဓလေ့ထုံးတမ်းစဉ်လာတို့နှင့် ယဉ်ကျေးမှု၊ ရိုင်းပင်းကူညီတတ်မှုတို့တွင် တူညီမှုများစွာ ရှိနေသည်။ အိမ်နီးချင်းကို ရွေးချယ်ခွင့် မရှိသော်လည်း မိတ်ဆွေကောင်းကိုတော့ ရွေးချယ်ခွင့်ရှိသည်ဟူသော စကားရပ်တစ်ခုရှိသည်။ အိမ်နီးချင်း မိတ်ဆွေများနှင့် ခိုင်မာသည့် ဆက်ဆံရေးကို

> ❖ **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့၏ ယခုတစ်ကြိမ် ရုရှားနိုင်ငံသို့ သွားရောက်ခြင်းမှာ ယခင်ခရီးစဉ်များနှင့်မတူ ထူးခြားချက်အချို့ပါသည်။ နှစ်နိုင်ငံကြား လူမှုရေး၊ စီးပွားရေး၊ ကာကွယ်ရေး အစရှိသည့် ကိစ္စရပ်များအပြင် ဗုဒ္ဓဘာသာ သာသနာရောင်ဝါ နေသို့လင်းစေရန်နှင့် ကမ္ဘာအနှံ့ ဖြန့်ကြက်နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်လိုမှု အချို့လည်းပါသည်။ ကိုယ်ချင်းစာတရား၊ လူသားချင်းစာနာထောက်ထားမှု၊ ယဉ်ကျေးသိမ်မွေ့မှု စသည့် အကြောင်းခြင်းရာများကို အခြေတည်သည့် သာသနာတော်ကြီးအား အထောက်အပံ့ရစေခြင်းအတွက် ရုရှားနိုင်ငံ ကာလုဂါပြည်နယ် ETHNOMIR ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်ရှိ ရွှေစည်းခုံပုံတူစေတီတော်ကြီးအား တည်ဆောက်ပူဇော်ခဲ့ပြီး သာသနာတော်နှစ် ၂၅၆၆ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၈၄ ခုနှစ်၊ ဝါဆိုလပြည့်နေ့ဖြစ်သည့် ဇူလိုင်လ ၁၂ ရက်နေ့တွင် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားအား ကျင်းပဆောင်ရွက်သွားမည်ဖြစ်သည်။**

တည်ဆောက်ရမည်ဖြစ်သကဲ့သို့ ဝေးခြားမြေခြားမှာ ရှိနေသည့် မိတ်ဆွေကောင်း၊ မိတ်ဆွေဟောင်းများနှင့်လည်း ဆက်ဆံရေးကောင်းများ မပြတ်ရှိနေရန် လိုအပ်မည် ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် အလုပ်သဘောလည်ပတ်ရန်အတွက် မော်စကိုမြို့ Sheremetyevo အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဇူလိုင် ၁၀ ရက်ညပိုင်းတွင် ရောက်ရှိခဲ့ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Colonel General Alexander Vasilievich Fomin ၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးလွင်ဦး၊ စစ်သံမှူး ဗိုလ်မှူးချုပ် မိုးကျော်နှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ကြိုဆိုမှုတွင် ထူးခြားမှုပါသည်။ "မင်္ဂလာပါ" ဟူသော မြန်မာသံပီပီသသဖြင့် မြန်မာစကား ပြောဆိုကြိုဆိုခဲ့မှုက ရုရှား-မြန်မာ နှစ်နိုင်ငံ၏ ရင်းနှီးချစ်ကြည်မှု၊ သံယောဇဉ်တရား စသည်တို့ကို လေးလေးနက်နက် မြင်နိုင်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့၏ ယခုတစ်ကြိမ် ရုရှားနိုင်ငံသို့ သွားရောက်ခြင်းမှာ ယခင်ခရီးစဉ်များနှင့်မတူ ထူးခြားချက် အချို့ပါသည်။ နှစ်နိုင်ငံကြား လူမှုရေး၊ စီးပွားရေး၊ ကာကွယ်ရေး အစရှိသည့် ကိစ္စရပ်များအပြင် ဗုဒ္ဓဘာသာ သာသနာရောင်ဝါ နေသို့လင်းစေရန်နှင့်

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

ကမ္ဘာအနှံ့ ဖြန့်ကြက်နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်လိုမှု အချို့လည်းပါသည်။ ကိုယ်ချင်းစာတရား၊ လူသားချင်းစာနာထောက်ထားမှု၊ ယဉ်ကျေးသိမ်မွေ့မှု စသည့် အကြောင်းခြင်းရာများကို အခြေတည်သည့် သာသနာတော်ကြီးအား အထောက်အပံ့ရစေခြင်းအတွက် ရုရှားနိုင်ငံ ကာလုဂါပြည်နယ် ETHNOMIR ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်ရှိ ရွှေစည်းခုံပုံတူစေတီတော်ကြီးအား တည်ဆောက်ပူဇော်ခဲ့ပြီး သာသနာတော်နှစ် ၂၅၆၆ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၈၄ ခုနှစ်၊ ဝါဆိုလပြည့်နေ့ဖြစ်သည့် ဇူလိုင်လ ၁၂ ရက်နေ့တွင် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေ ကဇာတင် မဟာမင်္ဂလာအခမ်းအနားအား ကျင်းပဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါစေတီတော်မြတ်ကြီးအား တည်ထားရာတွင်လည်း ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာတော်ကြီး ကမ္ဘာ တည်သရွေ့ ထွန်းလင်းတောက်ပနေစေရန်၊ ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်ရေးတွင် ပိုမိုတိုးတက်မှုများရှိစေရန်၊ အရှေ့တိုင်း ဗုဒ္ဓယဉ်ကျေးမှုနှင့် မြန်မာ့ယဉ်ကျေးမှုတို့ကိုပြသရန် ရည်ရွယ်၍ ရွှေစည်းခုံပုံတူစေတီတော်မြတ်ကြီးကို တည်ထားခဲ့ခြင်းဖြစ်ပါသည်။



ရုရှားနိုင်ငံ ကာလုဂါပြည်နယ် ETHNOMIR ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်ရှိ ရွှေစည်းခုံပုံတူစေတီတော်ကြီးကို တွေ့ရစဉ်။

စေတီတော်ကြီးအား ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားကျင်းပမည့် အမျိုးသမီးများ၏ ရိုးရာယဉ်ကျေးမှုဝတ်စုံကို ဝတ်ဆင်ထားမှုအား တွေ့မြင်လိုက်ရသည့် ရုရှားလူမျိုးအချို့၏ အထင်ကြီးလေးစားဟန်ကို မြင်ရတော့ မိမိတို့ရိုးရာဝတ်စုံအပေါ် အထင်ကြီးစိတ်လည်း ဝင်မိသည်။ စိုက်ခင်းများကို ရှုမငြီးဖွယ် မြင်တွေ့ခဲ့ရပါသည်။ သစ်တောထွက်ထုတ်ကုန် သစ်လုံးကြီးများကို ခေတ်မီစက်ကိရိယာများအသုံးပြု၍ ဖြတ်တောက်စုပုံထားရှိမှုကလည်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ စနစ်ကျနမှုကို မပြောပြဘဲ သိမြင်ခဲ့ရပါ



ရုရှားနိုင်ငံ ကာလုဂါပြည်နယ် ETHNOMIR ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်ရှိ ရွှေစည်းခုံပုံတူစေတီတော်ကြီးအား တင်လှူပူဇော်မည့် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အားပင့်ဆောင်၍ စေတီတော်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်စဉ်။

**■ “ဘာသာ၊ သာသနာ ဟူသည်မှာ လူတို့၏ စိတ်နှလုံးအေးချမ်းမှု၊ ငြိမ်းချမ်းသာယာမှုကို အထောက်အပံ့ပြုစေပါကြောင်း၊ သို့ဖြစ်၍ ယခု စေတီတော်မြတ်ကြီးသည်လည်း ရုရှားနိုင်ငံသူ၊ နိုင်ငံသားများ၏ စိတ်နှလုံးအေးချမ်းမှု၊ ရုရှား-မြန်မာ ချစ်ကြည်ရင်းနှီးမှု၊ ခိုင်မြဲသည့် အေးချမ်းသာယာမှုကို ခိုင်မာစွာ ဆောင်ကြဉ်းပေးမည်ဟု မိမိအနေဖြင့် အပြည့်အဝ ယုံကြည်ပါကြောင်း၊ ရွှေစည်းခုံပုံတူစေတီတော်မြတ်ကြီး တည်ထားနိုင်ရေးအတွက် ကြိုးပမ်းတော်မူခဲ့သည့် သီတဂူဆရာတော်ဘုရားကြီးနှင့် သီတဂူဗုဒ္ဓဝိဟာရ (မော်စကို) မှ ဆရာတော်များအား ကျေးဇူးဥပကာရ တင်ရှိပါကြောင်း၊ ယနေ့ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပြီးစီးသည့် ရွှေစည်းခုံပုံတူစေတီတော်မြတ်ကြီးသည် ရုရှား-မြန်မာ နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်မှု၏ သမိုင်းမှတ်တိုင်တစ်ခုဖြစ်သည့်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် စေတီတော်မြတ်ကြီး နှစ်ပေါင်းရှည်ကြာ အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံလိုပါကြောင်း”**

နေ့ နံနက်အစောတွင် ကိုယ်စားလှယ်အဖွဲ့၏ လှုပ်ရှားမှုများက သွက်လက်လှသည်။ ပြည်ပနိုင်ငံသို့ ရောက်ရှိနေသည့်တိုင် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုကို ရုရှားနိုင်ငံမှတစ်ဆင့် ကမ္ဘာကသိရှိအောင် ကိုယ်စားလှယ် အဖွဲ့ဝင်များသာမက ရုရှားနိုင်ငံရှိ မြန်မာအသိုင်းအဝိုင်းအားလုံးကလည်း မြန်မာ့ရိုးရာဝတ်စုံကို ဝတ်ဆင်ကြသည်။ မြန်မာအမျိုးသား၊

ကိုယ်စားလှယ်အဖွဲ့ တည်းခိုသည့်နေရာမှ မဟာမင်္ဂလာ အခမ်းအနားကြီးကျင်းပပြုလုပ်မည့် စေတီတော်ကြီး တည်ရှိရာ ကာလုဂါပြည်နယ်တွင်ရှိသည့် ETHNOMIR ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်သို့ မော်တော်ယာဉ်များဖြင့် ၄၅ မိနစ်ခန့်သွားခဲ့ရပြီး လမ်းဘေးဝဲယာတစ်လျှောက်တွင်ရှိသည့် သစ်တောစိုက်ခင်းများ၊ ဂျုံနှင့် ကောက်ပဲသီးနှံ သည်။ ခရီးလမ်းတစ်လျှောက် မြို့တွင်းမြို့ပြင် လမ်းလျှောက်သူ၊ ယာဉ်မောင်းနှင်သူ၊ ယာဉ်လမ်းကြော ထိန်းသိမ်းသူတို့ အပေးအယူ မျှတစွာဖြင့် သွားလာလှုပ်ရှားမောင်းနှင်နေမှုများကို တွေ့မြင်ရသည့်အတွက်လည်း ရုရှားဖက်ဒရေးရှင်းနိုင်ငံသားများ၏ စည်းကမ်းလိုက်နာမှု၊ စနစ်တကျရှိမှု၊ အဆင့်အတန်းရှိမှုတို့ကို သိမြင်ခဲ့ရပါသည်။

မဟာမင်္ဂလာ အခမ်းအနားကြီးကျင်းပပြုလုပ်မည့် စေတီတော်ကြီး၏ ပရိဝုဏ်သို့ ရောက်ရှိချိန်တွင် ထင်မှတ်မထားသော မြင်ကွင်းကို အံ့အားသင့်ဖွယ်မြင်တွေ့ရသည်။ မြင်တွေ့လိုက်ရသည့် မြင်ကွင်းမှာ မိမိတို့ မြန်မာနိုင်ငံတွင်မဟုတ်ဘဲ ရုရှားနိုင်ငံကဲ့သို့သော ပြည်ပနိုင်ငံတစ်ခုတွင်ပြုလုပ်သည့် ဘာသာရေးအခမ်းအနားတစ်ခုအနေဖြင့် မိမိထင်မှတ်ထားသည်ထက် လူဦးရေပရိသတ်များများပြားနေသည်ကို တွေ့ရှိခဲ့ရခြင်းဖြစ်ပါသည်။ ကျွန်တော်တို့နိုင်ငံ၏ အထွတ်အမြတ်ထားရာ ထေရဝါဒ ဗုဒ္ဓဘာသာယဉ်ကျေးမှုကို ပြသသည့် အခမ်းအနားသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ Orthodox ဘုန်းတော်ကြီးများ၊ လားမားဘုန်းတော်ကြီးများကပါ

*စာမျက်နှာ ၈ သို့*

*စာမျက်နှာ ၇ မှ*

တက်ရောက်ကြသည်ကို တွေ့ရှိရသည်။ ထို့အပြင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အထက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ Konstantin Losifovich Kosachev၊ ရုရှားကာကွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး Colonel General Alexander Vasilievich Fomin၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရအဖွဲ့အစည်းများနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ ရုရှား-မြန်မာ ချစ်ကြည်ရင်းနှီးမှု ပူးပေါင်းဆောင်ရွက်ရေးအသင်းမှ ဧည့်သည်တော်များ၊ စစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့အစည်း များမှ ဧည့်သည်တော်များ၊ မော်စကို ထေရဝါဒဗုဒ္ဓအဖွဲ့အစည်းများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ နိုင်ငံပေါင်းစုံ သံရုံးနှင့် စစ်သံရုံးများမှ သံအမတ်ကြီးများ၊ စစ်သံမှူးများ၊ တာဝန်ရှိသူများ၊ ရုရှားနိုင်ငံသား ဗုဒ္ဓဘာသာဝင်များ စသည်ဖြင့် စည်ကားသိုက်မြိုက်စွာ တက်ရောက်ကြည့်ရှုလေ့လာကြသည်ကို တွေ့မြင်ခဲ့ရမှုကြောင့် ဗုဒ္ဓဘာသာ သာသနာတော်ကြီး ထွန်းကားပြန့်ပွားရေးအတွက် ယခုကဲ့သို့ အခမ်းအနားကြီး ကျင်းပပြုလုပ်ခဲ့ခြင်းကို များစွာ နှစ်ထောင်းအားရ ဖြစ်မိပါသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ပင့်ဆောင်ပူဇော်စဉ်။

**ကောင်းကင်ယံမှာ ပျံ့လွင့်နေ**

သီတဂူကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ်များ၏ အဓိပတိအဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ ရွှေကျင်နိကာယ ဥက္ကဋ္ဌ ရွှေကျင်သာသနာပိုင် သီတဂူဆရာတော်ဘုရားကြီး ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ အမှူးပြုသည့် ဆရာတော်၊ သံဃာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူကြသည့် ပရိတ်တရားတော်သံများကလည်း ETHNOMIR ကမ္ဘာ့ယဉ်ကျေးမှု မြို့တော်ကြီးရဲ့ ကောင်းကင်ယံမှာ ပျံ့လွင့်နေပြီး တိတ်ဆိတ်စွာ နာယူနေသည့် ပတ်ဝန်းကျင်ကို ခန့်ညားတည်ကြည်စွာ လွှမ်းမိုးနေသည်။

**ကြည်နူးဖွယ်တွေ့မြင်ရ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ပင့်ဆောင်၍ မြန်မာတို့၏ ထုံးတမ်းအစဉ်အလာများနှင့်အညီ စေတီတော်ကြီးအား လက်ယာရစ် လှည့်လည်ပင့်ဆောင်ပူဇော်ကြသည်။ ဆရာတော်၊ သံဃာတော်များ၊ တက်ရောက်လာသည့် ဗုဒ္ဓဘာသာဝင် သူတော်စင်များ၏ နှုတ်မှ ဘုရား၊ တရား၊ သံဃာဂုဏ်တို့အား ရည်မှန်း၍ ရွတ်ဆိုပူဇော်နေမှု၊ စည်းစနစ်ကျနစွာဖြင့် လှည့်လည် အပူဇော်ခံယူမှု၊ မြင့်မြတ်လှသည့် အစဉ်အလာကောင်းများကို ထိန်းသိမ်းဆောင်ရွက်မှုများအား တက်ရောက်လာကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် အခြားနိုင်ငံ အသီးသီးများမှ ဧည့် ပရိသတ်များ၏ ရင်သပ်ရှုမောအံ့သြ နေမှုများကလည်း ၎င်းတို့၏ မျက်နှာထက်တွင် အထင်အရှား ပေါ်လွင်နေသည်။ လေးနက်တည်ကြည်လှသော မျက်နှာ၊ ရိုးရာယဉ်ကျေးမှုအား ထိန်းသိမ်းနေမှု၊ ဘာသာတရားအပေါ် အလေးအနက်ထားမှုတို့ကို တဒင်္ဂမဟုတ်သည့် ကာလအတွင်း ကိုယ်စီပါရှိလာသည့် ကင်မရာ အမျိုးမျိုးဖြင့် မှတ်တမ်းတင်နေကြသည် မှာလည်း ဂုဏ်ယူဖွယ်ရာ တွေ့မြင်ရသည်။ မြန်မာ့ရိုးရာ အမျိုးသမီးဝတ်စုံဖြစ်သည့် ချိတ်ထဘီ၊ ရင်ဖုံးအင်္ကျီ၊ စုံချပဝါတို့ဖြင့် လှည့်လည် အပူဇော်ခံရာ လျှောက်လမ်းတစ်လျှောက်တွင် ပန်းကြဲ၍ ကုသိုလ်ယူနေသည့် ရုရှားအမျိုးသမီးငယ်နှစ်ဦးကလည်း အလှတွင် အယဉ်ဆင့်ရုံသာမက ကူးလူးနိုင်သည့် ယဉ်ကျေးမှုသဘောကိုလည်း ကြည်နူးဖွယ်တွေ့မြင်ရသည်။

**ဘာသာတရားအပေါ်**
**ရိုကျိုးသက်ဝင်မှု**

ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား စေတီတော်ကြီး၏ လျှောက်လမ်းတစ်လျှောက် လက်ယာရစ် လှည့်လည်ပူဇော်မှုခံယူပြီးနောက် မင်္ဂလာအချိန်ကျရောက်ချိန်တွင် စေတီတော်အထွတ်သို့ ထုံးတမ်းစဉ်လာများနှင့်အညီ အသီးသီးပင့်ဆောင်၍ တပ်ဆင်ပူဇော်သည်။ စေတီတော်ကြီးတွင် သက်ဆိုင်ရာ ဌာနအလိုက် ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်တို့ကို တပ်ဆင်ပူဇော်ပြီးနောက် ပရိတ်နံ့သာရည်များဖြင့် ပက်ဖျန်း၍ မဟာမင်္ဂလာအခမ်းအနား အောင်မြင်ပြီးမြောက်ခြင်း အထိမ်းအမှတ်အဖြစ် တက်ရောက်လာသည့် ရဟန်းရှင်လူများက **“အောင်ပြီ၊ အောင်ပြီ၊ အောင်ပြီ”** ဟု ကြွေးကြော်သံကား ဘဝင်္ဂသို့ပင် လွင့်ပျံ့သွားမည်ဟု ထင်ရပေသည်။ ဗုဒ္ဓဘာသာ သာသနာအတွက် တစ်ခန်းတစ်ကဏ္ဍ၊ တစ်တိုင်းတစ်ရပ်တွင် အောင်သံလွှမ်းသည်ကလည်း ကျက်သရေရှိလှပေသည်။ ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲခြင်းအောင်မြင်မှု အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးသည့် မြင်ကွင်းကလည်း ပျော်ရွှင်ကြည်နူးဖွယ် ကောင်းလှပေသည်။ အဆိုပါ မြင်ကွင်းကိုကြည့်၍ တက်ရောက်လာသည့် ရုရှားနိုင်ငံနှင့် အခြားနိုင်ငံအသီးသီးမှ ဧည့်ပရိသတ်များ၏ စိတ်တွင်လည်း မြန်မာလူမျိုးတို့၏ ဘာသာတရားအပေါ် ရိုကျိုးသက်ဝင်မှုသာမက လှူဒါန်းမှု အရာတွင်လည်း လက်မနှေးတတ်သူများအဖြစ် သိမှတ်သွားနိုင်မည်ဟုလည်း ယုံကြည်မိပါသည်။

**စုပေါင်း၍ ဆောင်ရွက်မှု**

ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ပထမဆုံး မြန်မာ့ယဉ်ကျေးမှု လက်ရာအပြည့်ဖြင့် ရွှေစည်းခုံပုံတူစေတီတော်ကြီး ယခုကဲ့သို့ တည်ထားနိုင်ရန်အတွက် မြန်မာနိုင်ငံမှ စေတနာရှင် အလှူရှင် များ၊ မြန်မာ့တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ မတည်လှူဒါန်း မှုဖြင့် စတင်ခဲ့သည်။ စေတီတော်ကြီးအား အောင်မြင်စွာ တည်ထားကိုးကွယ်နိုင်ရေးအတွက် သီတဂူဆရာတော်ကြီး ကိုယ်တော်တိုင် ၁၀ ကြိမ်တိုင်တိုင် ကြွရောက် ကြိုးပမ်းတော်မူခဲ့ပြီး သီတဂူဗုဒ္ဓဝိဟာရ(မော်စကို)တွင် သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်နေသည့် ဆရာတော်များ၊ သံအမတ်ကြီးများ၊ စစ်သံမှူးများ ဦးဆောင်စီမံကြီးကြပ်မှုနှင့် မြန်မာ့တပ်မတော်မှ ပညာတော်သင် သင်တန်းသား အရာရှိများ၊ ရုရှားနိုင်ငံမှ ဒါယကာ၊ ဒါယိကာမများ စုပေါင်း၍ ဆောင်ရွက်မှုများဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

**အထင်အရှားကြည်ညိုဖွယ်အဖြစ်**
**သိမြင်နိုင်**

ယင်းနောက် သီတဂူဆရာတော်ဘုရားကြီးက ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ ကာလုဂါပြည်နယ် ETHNOMIR ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်ရှိ ရွှေစည်းခုံ ပုံတူစေတီတော်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနား အောင်မြင်စွာ ပြီးမြောက်ခြင်းအတွက် ဝမ်းမြောက်သြဝါဒစကားနှင့် ဗုဒ္ဓဘာသာ သာသနာ ထွန်းကားပြန့်ပွားရေးအတွက် ဆောင်ရွက်ခဲ့သည့် အခြေအနေများကို မြွက်ကြားသည်။ သက်တော်အရ မငယ်လှတော့သော်လည်း ဆရာတော်ဘုရားကြီး၏ ဗုဒ္ဓဘာသာ သာသနာတော် အတွက် မဆုတ်မနစ် ကြိုးပမ်းအားထုတ်နေမှုများက ဆရာတော်ကြီး၏ မိန့်မှာချက်တွင် အထင်အရှားကြည်ညိုဖွယ်အဖြစ် သိမြင်နိုင်ပါသည်။

**ဝမ်းမြောက် စကားများအသီးသီး**
**ပြောကြား**

**“ဘာသာ၊ သာသနာ ဟူသည်မှာ လူတို့၏ စိတ်နှလုံးအေးချမ်းမှု၊ ငြိမ်းချမ်းသာယာမှုကို အထောက်အပံ့ပြုစေပါကြောင်း၊ သို့ဖြစ်၍ ယခု စေတီတော်မြတ်ကြီးသည်လည်း ရုရှားနိုင်ငံသူ၊ နိုင်ငံသားများ၏ စိတ်နှလုံး အေးချမ်းမှု၊ ရုရှား-မြန်မာ ချစ်ကြည်ရင်းနှီးမှု၊ ခိုင်မြဲသည့် အေးချမ်းသာယာမှုကို ခိုင်မာစွာ ဆောင်ကြဉ်းပေးမည်ဟု မိမိအနေဖြင့် အပြည့်အဝ ယုံကြည်ပါကြောင်း၊ ရွှေစည်းခုံပုံတူ စေတီတော်မြတ်ကြီး တည်ထားနိုင်ရေးအတွက် ကြိုးပမ်းတော်မူခဲ့သည့် သီတဂူဆရာတော် ဘုရားကြီးနှင့် သီတဂူဗုဒ္ဓဝိဟာရ (မော်စကို)မှ ဆရာတော်များအား ကျေးဇူး ဥပကာရ တင်ရှိပါကြောင်း၊ ယနေ့ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပြီးစီးသည့် ရွှေစည်းခုံ ပုံတူစေတီတော်မြတ်ကြီးသည် ရုရှား-မြန်မာ နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်မှု၏ သမိုင်းမှတ်တိုင်တစ်ခု ဖြစ်သည့်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် စေတီတော်မြတ်ကြီး နှစ်ပေါင်းရှည်ကြာ အခွန့်ရှည်တည်တံ့ခိုင်မြဲရေး အတွက် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံလိုပါကြောင်း”** ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရွှေစည်းခုံပုံတူစေတီတော်ကြီး ရတနာ စိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာ အခမ်းအနား အပြီးတွင် သီတဂူဆရာတော်ဘုရားကြီး အမှူးပြုသည့် ဆရာတော် သံဃာတော်များကို ဝမ်းမြောက်စွာ လျှောက်ထားခဲ့သည်။ လျှောက်ထားမှုအပေါ် ကြွရောက်လာကြသည့် ဆရာတော်၊ သံဃာတော်များနှင့် တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက ဝမ်းမြောက်နုမော် သာဓုခေါ်ဆိုခဲ့ကြသည်မှာလည်း ကြည်နူးဖွယ်ကောင်းလွန်းလှပါသည်။ ထို့အပြင် အခမ်းအနားသို့ ပါဝင်တက်ရောက်လာကြသည့် လားမားဘုန်းတော်ကြီးနှင့် ရုရှားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့ကလည်း စေတီတော်ကြီးအား အောင်မြင်စွာ တည်ထားကိုးကွယ်နိုင်ခဲ့မှုအပေါ် ဝမ်းမြောက်စကားများ အသီးသီး ပြောကြားခဲ့ကြသည်။

ETHNOMIR ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်ကြီးအတွင်း ကမ္ဘာ့နိုင်ငံအသီးသီးမှ ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများကို လာရောက်လေ့လာနိုင်မည်ဖြစ်ပြီး ETHNOMIR ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်ကြီး အဝင်မုခ်ဦးကို ကျော်လွန်လာသည်နှင့် ဗုဒ္ဓဘာသာဝင်များ၏ အထွတ်အမြတ်ထားရာ ဗုဒ္ဓယဉ်ကျေးမှုကို ပြသနေသည့် ရွှေစည်းခုံ ပုံတူစေတီ တော်မြတ်ကြီးကို ဖူးမြော်တွေ့ရှိနိုင်ပြီ ဖြစ်ပါတော့သည်။

*(ဆက်လက်ဖော်ပြသွားပါမည်)*

# သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းနည်းစနစ် ဖွံ့ဖြိုးစေခြင်းစီမံကိန်း အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ





**နေပြည်တော် ဇူလိုင် ၁၈**

ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တော ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်သူတို့၏ အသက်မွေးဝမ်းကျောင်း မြှင့်တင်ပေးရန် ရည်ရွယ်သည့် သီးနှံသစ်တောရောနှော စိုက်ပျိုးခြင်းနည်းစနစ် ဖွံ့ဖြိုးစေခြင်း စီမံကိန်း၏ ကနဦး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Grand Amara ဟိုတယ်တွင် ကျင်းပသည်။

အလုပ်ရုံ ဆွေးနွေးပွဲဖွင့်ပွဲတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်း ကျော်သည် ကျေးလက်နေပြည်သူများဖြစ်ပြီး နေ့စဉ်လူမှုစီးပွားရေးအတွက် သစ်တောများအပေါ် မှီခိုမှုမြင့်မားလျက်ရှိကြောင်း၊ လက်ရှိနှင့် နောင်အနာဂတ် မျိုးဆက်များအတွက် သစ်တောသယံဇာတ လိုအပ်ချက်များ စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးနိုင်ရေးအတွက် ပြည်သူလူထုပူးပေါင်းပါဝင်သည့် သစ်တောစီမံအုပ်ချုပ်မှု ဖြစ်ပေါ်လာစေရန် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများကို ၁၉၉၅ ခုနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း။

သစ်တောဦးစီးဌာနအနေဖြင့် သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်းနှင့်ပတ်သက်၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဒေသခံပြည်သူများ ပိုမိုသိရှိနားလည်စေရန် အသိပညာပေးခြင်း၊ အခြေခံသင်တန်းများ ပို့ချခြင်း၊ စိုက်ပျိုးနည်းစနစ်နှင့် သရုပ်ပြသီးနှံသစ်တော ရောနှောစိုက်ခင်း တည်ထောင်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ သီးနှံသစ်တောရောနှော စိုက်ပျိုးခြင်းဖြင့် ဒေသခံပြည်သူများ၏ အခြေခံစားဝတ်နေရေး ဖူလုံစေခြင်း၊ သစ်တောများ စိုက်ပျိုးပြုစုထိန်းသိမ်း တတ်လာစေခြင်း၊ စီးပွားရေး လုပ်ငန်းအသွင်ဖြင့် တန်ဖိုးမြှင့် ထုတ်လုပ်လာနိုင်ခြင်းစသည့် ဆင့်ကဲတိုးတက်မှုများ ရရှိလာစေမည့်အပြင် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောများ ပေါ်ထွက်လာမည် ဖြစ်သဖြင့် အထူးအလေးထား ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

အဆိုပါစီမံကိန်းအား မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ အထောက်အပံ့ဖြင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် စီမံကိန်းကာလ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၃ ခုနှစ် နိုဝင်ဘာလအထိ သတ်မှတ်၍ သီးနှံသစ်တောရောနှော စိုက်ပျိုးခြင်းနည်းစနစ်အခြေပြုသည့် ဒေသအစုအဖွဲ့ပိုင် သစ်တောများ ပေါ်ထွက်လာစေရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဆက်စပ်ဌာနများမှ ကိုယ်စားလှယ်များ၊ စီမံကိန်းဧရိယာမှ ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံမှူးကြီးက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့မှ စစ်မှုထမ်းဟောင်းအဖွဲ့ဝင် မသန်စွမ်း တစ်ဦးအား ဖွံ့ဖြိုးမှုပညာမဟာဘွဲ့သင်တန်းတက်ရောက်ရန်အတွက် ပညာသင်ထောက်ပံ့ငွေပေးအပ်

**နေပြည်တော် ဇူလိုင် ၁၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ တာဝန်ထမ်းဆောင်နေသော စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ဗိုလ်ကြီး မျိုးမြတ်အောင် (အငြိမ်းစား) ကို ဖွံ့ဖြိုးမှုပညာမဟာဘွဲ့ (MDevS) သင်တန်း တက်ရောက်ရန်အတွက် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ခြင်းကို ယနေ့ မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မေခလာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး စိန်ဝင်း (အငြိမ်းစား) တက်ရောက်၍ ပညာသင်ထောက်ပံ့ငွေ ပေးအပ်ချီးမြှင့်သည်။**(ယာပုံ)**

အဆိုပါ အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ဗိုလ်ကြီး မျိုးမြတ်အောင် (အငြိမ်းစား)၏ ကိုယ်ရေးအချက်အလက်များကို ဖတ်ကြားပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

**ဂုဏ်ထူး ၇ ခုဖြင့် အောင်မြင်**

ထို့နောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ (ဗဟိုဌာနချုပ်) ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း (အငြိမ်းစား)က ပညာသင်ဆုထောက်ပံ့ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် အဆိုပါအရာရှိသည် နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ကျန်းမာရေးဝန်ကြီးဌာနမှ တစ်ဆင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းတာဝန်ထမ်းဆောင်ခဲ့ကြောင်း၊ ၎င်းအရာရှိသည် မလေးရှားနိုင်ငံ မလေးယားတက္ကသိုလ်မှ ပြည်သူ့ရေးရာမူဝါဒမဟာဘွဲ့ကို ဂုဏ်ထူး ၇ ခုဖြင့် အောင်မြင်ခဲ့ပြီး လက်ရှိပညာသင်နှစ်တွင် မိတ္ထီလာစီးပွားရေးတက္ကသိုလ်မှ ခေါ်ယူသည့် ဖွံ့ဖြိုးမှုပညာမဟာဘွဲ့ဝင်ခွင့် စာမေးပွဲ အောင်မြင်၍ တက်ရောက်နေပြီဖြစ်သဖြင့် ယခုကဲ့သို့ ဂုဏ်ပြုရခြင်းဖြစ်ကြောင်း ပြောကြားသည်။



**လက်ခံရယူ**

ယင်းနောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌက ပညာသင်ထောက်ပံ့ငွေကျပ် ၂၈ သိန်းကို ပေးအပ်ချီးမြှင့်ရာ စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ဗိုလ်ကြီး မျိုးမြတ်အောင် (အငြိမ်းစား) က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နေပြည်တော်ကောင်စီနယ်မြေအတွင်း စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၃၉၀၀ နှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၈**

နေပြည်တော်ကောင်စီ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းက နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ စားသုံးသူပြည်သူများ စားသုံးဆီကို သက်သာသည့် ဈေးနှုန်းဖြင့် ဝယ်ယူသုံးစွဲနိုင်ရန် ရည်ရွယ်၍ စားသုံးဆီ တစ်ပိဿာလျှင် ငွေကျပ် ၃၉၀၀ နှုန်းဖြင့် ဖြန့်ဖြူးရောင်းချ ပေးလျက်ရှိသည်။

“မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းရဲ့ စီစဉ်ကြီးကြပ်မှုနဲ့ ကျွန်တော်တို့အသင်းက နေပြည်တော်ကောင်စီနယ်မြေအတွင်းမှာရှိတဲ့ စားသုံးသူပြည်သူတွေကို လက်ဝယ်အရောက် စားသုံးဆီတစ်ပိဿာကို ငွေကျပ် ၃၉၀၀ နှုန်းနဲ့ ရောင်းချပေးတာဖြစ်ပါတယ်။ ဒီနေ့မှာ ဥတ္တရသီရိမြို့နယ် ပျဉ်းမနားနဲ့ တောင်ညိုလမ်းတစ်လျှောက်မှာရှိတဲ့ ကျေးရွာတွေနဲ့ ပုဗ္ဗသီရိမြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာတွေကို ဈေးကားနှစ်စီးနဲ့ လှည့်လည်ရောင်းချပေးတာ ဖြစ်ပါတယ်။ ဈေးကားတစ်စီးကို စားသုံးဆီပိဿာချိန် ၅၅၀ နဲ့ စုစုပေါင်း ဈေးကားနှစ်စီး ပိဿာချိန် ၁၁၀၀ ကို ဒီနေ့မှာ စတင်ရောင်းချပေးတာ ဖြစ်ပါတယ်” ဟု နေပြည်တော်ကောင်စီ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်ကိုထက်က ပြောသည်။

မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ လမ်းညွှန်မှုဖြင့် နေပြည်တော်ကောင်စီ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်းတို့ ပူးပေါင်း၍ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ စားသုံးသူ ပြည်သူများထံသို့ စားသုံးဆီ လက်ဝယ်အရောက် သက်သာသော ဈေးနှုန်းဖြင့် ဝယ်ယူသုံးစွဲနိုင်ရန် ဖြန့်ဖြူးရောင်းချခြင်းဖြစ်ကြောင်း သိရသည်။



“ရပ်ကွက်၊ ကျေးရွာထဲက ကုန်စုံဆိုင်တွေမှာ စားသုံးဆီတစ်ပိဿာကို ငွေကျပ် ၈၅၀၀ နဲ့ ရောင်းနေတဲ့အချိန်မှာ ရပ်ကွက်ထဲအထိလာပြီး တစ်ပိဿာကို ငွေကျပ် ၃၉၀၀ နဲ့ လာရောင်းပေးတဲ့အတွက် ဝမ်းသာတယ်။ အခုလို စားသုံးဆီကို သက်သာတဲ့ဈေးနှုန်းနဲ့ မကြာခဏလာရောက်ရောင်းချ ပေးစေချင်ပါတယ်။ အသင်းဥက္ကဋ္ဌနဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးအထူးတင်ပါတယ်။ တစ်ဦးကို တစ်ပိဿာနှုန်းနဲ့ ရောင်းချပေးတဲ့အခါ မိသားစုနည်းတဲ့သူတွေအတွက်သာမက မိသားစုများတဲ့ သူတွေအတွက်ပါ အဆင်ပြေပါတယ်” ဟု ဥတ္တရသီရိမြို့နယ် ရွှေနံ့သာရပ်ကွက်မှ စားသုံးဆီ လာရောက်ဝယ်သူ ဒေါ်စန်းဦးက ပြောသည်။

နေပြည်တော်ကောင်စီ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်းအနေဖြင့် ယခင်က နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ဈေးများတွင် သက်သာသောဈေးနှုန်းဖြင့် စားသုံးဆီများကို အလှည့်ကျ ရောင်းချပေးခဲ့သော်လည်း အမှန်တကယ်စားသုံးသူ ပြည်သူများထံ တိုက်ရိုက်မရောက်ရှိသည့်အတွက် ယခုကဲ့သို့ ရပ်ကွက်၊ ကျေးရွာများသို့ ဈေးကားများဖြင့် လက်ဝယ်အရောက် တိုက်ရိုက်လာရောက်ရောင်းချပေးခြင်း ဖြစ်ကြောင်းနှင့် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ စားသုံးသူပြည်သူများအတွက် အသင်း၏ အစီအစဉ်ဖြင့် ကျန်ရှိသည့် ဝန်ထမ်းအိမ်ရာများနှင့် ကျေးရွာများကိုလည်း သက်သာသော ဈေးနှုန်းဖြင့် ထပ်မံလှည့်လည် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# Kaung For You ဖြစ်စဉ်နှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ဖြေကြားချက်

## သွေးထိုးလှုံ့ဆော်မှုတွေနဲ့ ခြောက်လှန့်မှုတွေကြောင့် ကျောင်းတက်ခဲ့ရတဲ့ ကျောင်းသားတွေ၊ ကျောင်းအပ်ခဲ့ရတဲ့ ကျောင်းသားမိဘတွေကို ကျွန်တော်တို့ အရေးယူဖို့ မရှိဘူးလို့ပဲ ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား ပြောချင်ပါတယ်

**မေး။** လွန်ခဲ့တဲ့ရက်ပိုင်းတုန်းက NUG အကြမ်းဖက် အဖွဲ့ရဲ့စီမံမှုနဲ့ အွန်လိုင်းကနေ စာသင်မယ်လို့ ပြောထားတဲ့ Kaung For You ကျောင်းကိစ္စနဲ့ပတ်သက်ပြီး မေးချင်လို့ပါရှင့်၊ အဲဒီ Kaung For You တရားမဝင်ကျောင်းရဲ့ ကျောင်းတာဝန်ခံဆိုသူနဲ့ အပေါင်းအပါနှစ်ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်တွေက ဖမ်းဆီးထိန်းသိမ်းပြီးချိန်မှာ အခုဆိုရင် တရားမဝင်မီဒီယာအချို့ အပါအဝင် Social Media တွေမှာ Kaung For You နဲ့ ပတ်သက်တဲ့ဝန်ထမ်းအဖြစ် လျှောက်ထားမယ့်သူတွေ၊ ကျောင်းသားမိဘတွေကို လက်ရှိနေရာ အသီးသီးကနေ ထွက်ပြေးတိမ်းရှောင်ဖို့ ခြောက်လှန့်လုပ်ဆောင်နေတာတွေကို တွေ့ရပါတယ်၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဆောင်ရွက်သွားမယ့် အခြေအနေတွေကို ဖြေကြားပေးစေလိုပါတယ်။

**ဖြေ။** ကျွန်တော်တို့ အစိုးရအနေနဲ့ အခမဲ့ပညာရေးစနစ်နဲ့ ကျောင်းတွေအားလုံးဖွင့်လှစ်နိုင်ဖို့ ကြိုးစားဆောင်ရွက်ခဲ့ပါတယ်။ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေတဲ့ကာလမှာလည်း ကျောင်းတွေ ဖွင့်လှစ်ပေးခဲ့တယ်။ ပညာရေးကဏ္ဍ မြှင့်တင်ရေးကိုလည်း ဆောင်ရွက်ပေးခဲ့ပါတယ်။ ပြည်သူလူထုအနေနဲ့ အခမဲ့ပညာရေးစနစ်နဲ့ ဆက်လက်သင်ကြားနိုင်အောင် နိုင်ငံတော်က စီစဉ်ဆောင်ရွက်ပေးခဲ့တာကိုလည်း အားလုံးအသိပဲဖြစ်ပါတယ်။ ပြဋ္ဌာန်းစာအုပ်တွေ၊ ဗလာစာအုပ်တွေနဲ့ သင်ထောက်ကူပစ္စည်းတွေကို အခမဲ့ဖြန့်ဝေပေးခဲ့ပါတယ်။ အခုလိုမျိုး ဆောင်ရွက်နေတဲ့ အချိန်မှာ NUG အမည်ခံ အကြမ်းဖက်အဖွဲ့အစည်းရဲ့ သွေးထိုးလှုံ့ဆော်မှုကြောင့် တချို့သော ဆရာ ဆရာမတွေ CDM လုပ်ခဲ့ကြပါတယ်။ အဲဒီအပေါ်မှာလည်း ကျောင်းသားကျောင်းသူတွေရဲ့ ပညာရေးထိခိုက်မှုမရှိစေဖို့အတွက် အစိုးရအနေနဲ့ CDM လုပ်တဲ့ တချို့သော ဆရာ ဆရာမတွေကို နိုင်ငံ့ဝန်ထမ်းစည်းမျဉ်းနဲ့အညီ ပြန်လည်လက်ခံခဲ့တာမျိုးတွေရှိပါတယ်။ ဒါမျိုးတွေ လုပ်ဆောင်ပေးနေပေမယ့် တချို့ကတော့ ဒီအချိန်အထိ အပြင်ဘက်ကနေပြီး အွန်လိုင်းပညာရေးလိုမျိုးကိစ္စတွေကို ဆောင်ရွက်နေတာရှိပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့အတွက် ကျွန်တော်တို့စစ်ဆေးကြည့်တဲ့အခါမှာ ငွေရေးကြေးရေးကောက်ခံခဲ့တာကို တွေ့ရပါတယ်။ နောက်ပိုင်းမှာ ငွေရေးကြေးရေးအရ အခက်အခဲရှိရင်တောင်မှ ကျောင်းသားတွေနဲ့ ကျောင်းသားမိဘတွေရဲ့အချက်အလက်တွေ သူတို့လက်ထဲမှာရှိတယ်ဆိုပြီး မပေးပေးအောင် ခြိမ်းခြောက်မှုတွေ ပြုလုပ်ခဲ့တာကိုလည်း တွေ့ရပါတယ်။ ဒီဖြစ်စဉ်နဲ့ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ ပထမဦးဆုံးအလေးအနက်ထားပြောကြားလိုတာကတော့ ဒီသွေးထိုးလှုံ့ဆော်မှုတွေနဲ့ ခြောက်လှန့်မှုတွေကြောင့် ကျောင်းတက်ခဲ့ရတဲ့ ကျောင်းသားတွေ၊ ကျောင်းအပ်ခဲ့ရတဲ့ ကျောင်းသားမိဘတွေကို ကျွန်တော်တို့ အရေးယူဖို့ မရှိဘူးလို့ပဲ ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား ပြောချင်ပါတယ်။ ကျွန်တော်တို့ဖမ်းမိခဲ့တဲ့ အဖွဲ့အစည်းတစ်ခုကိုပဲ ထောက်ပြတာ ဖြစ်ပါတယ်။ Kaung For You ဆိုတဲ့အဖွဲ့သည် ကျောင်းသားမိဘတွေဆီက ငွေကြေးကောက်ခံတယ်။ ကောက်ခံရရှိတဲ့ ငွေတွေနဲ့ သူတို့ဘာလုပ်တယ်ဆိုတာကို ကျွန်တော်တို့က သူတို့ကို ရှမ်းပြည်နယ်တောင်ပိုင်း အောင်ပန်းမြို့မှာ ဖမ်းဆီးရမိတဲ့အချိန်မှာ သိခဲ့ရပါတယ်။ ဖမ်းဆီးရမိတဲ့ကိစ္စကိုလည်း ကျွန်တော်တို့ သတင်းထုတ်ပြန်ထားပါတယ်။ ကျောင်းသားမိဘတွေဆီက ကောက်ခံရရှိတဲ့ငွေကြေးတွေကို အခကြေးငွေပေးပြီး အမျိုးသမီးတွေနဲ့ပျော်ပါးတဲ့ နေရာမှာအသုံးပြုခဲ့တာကို တွေ့ရပါတယ်။ ဒီကိစ္စကိုလည်း ဓာတ်ပုံအထောက်အထားတွေနဲ့လည်း ကျွန်တော်တို့ဖော်ပြပြီးဖြစ်ပါတယ်။ ဒါကိုပဲ ပြည်ဖျက်မီဒီယာတွေက သူရဲကောင်းကြီးတွေသဖွယ် ဖော်ပြရေးသားနေကြတာကိုတွေ့ရပါတယ်။ ကျောင်းသားမိဘတွေနဲ့ ကျောင်းသားတွေကို ဆက်လက်ပြီးတော့ သိမ်းသွင်းနေတာကို တွေ့ရပါတယ်။ ပိုပြီးဆိုးတာက ကျောင်းသားမိဘတွေနဲ့ ကျောင်းသားတွေကို




အစိုးရက ဖမ်းဆီးလိမ့်မယ်ဆိုပြီးတော့ လှုံ့ဆော်နေတာကို တွေ့ရပါတယ်။ အဲဒါကိုအခွင့်ကောင်းစောင့်ဆိုင်းနေတဲ့ EAO အဖွဲ့က ပိုပြီးဆိုးလာပါတယ်။ PDF အမည်ခံ အကြမ်းဖက်သမားတွေကလည်း သူတို့ဆီကိုလာပြီး ခိုလှုံပါဆိုပြီး သိမ်းသွင်းနေတာကိုတွေ့ရပါတယ်။ သူတို့ဘာကြောင့် ဒီလိုမျိုးလုပ်နေတာလဲဆိုရင် နံပါတ် ၁ အချက်က သူတို့တွေရဲ့ မဟုတ်တာလုပ်တာတွေကို ကျွန်တော်တို့အနေနဲ့ ဖော်ထုတ်နိုင်ခဲ့တယ်၊ သက်သေအထောက်အထားတွေနဲ့ ချပြနိုင်ခဲ့တဲ့အခါမှာ သူတို့အနေနဲ့ ဒါကိုပြန်ပြီး အဖတ်ဆယ်တာဖြစ်တယ်။ နံပါတ် ၂ အချက်ကတော့ သူတို့အနေနဲ့ အင်အားနည်းပါးနေတာရှိတယ်၊ ပြိုကွဲနေတာတွေရှိတယ်၊ သူတို့မဟုတ်တာတွေ လုပ်နေတာကို ပြည်သူတွေသိပြီးတဲ့နောက်မှာ ပြည်သူတွေအနေနဲ့ သူတို့ကိုဆန့်ကျင်လာတယ်။ အဲဒီလိုအခြေအနေတွေကို အဖတ်ဆယ်နိုင်ဖို့အတွက် အခုလိုလုပ်ခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ အခုအချိန်မှာ ၅၀၅ နဲ့ တရားစွဲခံထားရတဲ့သူတွေ၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေထဲမှာ လမ်းမှားရောက်နေတဲ့သူတွေအထဲက ရာဇဝတ်မှုမကျူးလွန်ထားတဲ့သူတွေကိုတောင် ပြန်လည်လက်ခံနေတာဖြစ်ပါတယ်။ အခုလက်ရှိအခြေအနေအထိ ကျွန်တော်တို့အနေနဲ့ ရာဇဝတ်မှုမကျူးလွန်ခဲ့တဲ့ PDF အဖွဲ့ထဲကို လမ်းမှားရောက်သွားတဲ့ လူငယ်တွေကို လက်ခံပြီးတော့ မိဘလက်ထဲကို ပြန်လည်အပ်နှံနေတာ အယောက် ၂၅၀ နီးပါး ရှိပြီးဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်ကို အခြေခံတဲ့ ပြည်ထောင်စု၊ ပါတီစုံဒီမိုကရေစီစနစ်ကို ကျွန်တော်တို့ခိုင်ခိုင်မာမာ အာမခံထားတာရှိပါတယ်။ ဒါတွေနဲ့ပတ်သက်ပြီး နိုင်ငံတော်တည်ဆောက်ရေးကို ဝိုင်းဝန်းလုပ်ဆောင်နိုင်ဖို့ ကျွန်တော်တို့လက်ခံနေတာတွေရှိပါတယ်။ ဒါကြောင့် ဒီဖြစ်စဉ်နဲ့ပတ်သက်ပြီး ပြောရမယ်ဆိုရင် ဒီဖြစ်စဉ်မှာ ပါဝင်ပတ်သက်ခဲ့သူတွေ ဦးစီးဦးဆောင်လုပ်နေတဲ့ သူတွေနဲ့ ဒီဖြစ်စဉ်မှာ လူငယ်တွေကို လမ်းမှားရောက်အောင်တွန်းပို့နေတဲ့ လူတွေမှအပ သွေးဆောင်ဖြားယောင်းခံရတဲ့ မိဘတွေနဲ့ ကျောင်းသားတွေကို အရေးယူဖို့မရှိပါဘူးလို့ပဲ ကျွန်တော်ပြောလိုပါတယ်။ ကျောင်းသားများနဲ့ မိဘများအနေနဲ့ကလည်း မိမိတို့သားသမီးတွေရဲ့ပညာရေးကို နည်းမှန်၊ လမ်းမှန်နဲ့ ဆောင်ရွက်ကြဖို့၊ မိမိရဲ့မိသားစုအရေးကို နည်းမှန်၊ လမ်းမှန်နဲ့ ဆောင်ရွက်ကြဖို့ အသိပေးပြောကြားလိုပါတယ်။

## မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသား/အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်

**နေပြည်တော် ဇူလိုင် ၁၈**

၂၀၂၂ ခုနှစ် ရှမ်းပြည်နယ် ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသား အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် လားရှိုးမြို့ လေ့ကျင့်ရေးအားကစားရုံ၌ ပြုလုပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် နိုင်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာန ဆိုင်ရာ တာဝန်ရှိသူများ၊ အသင်း အုပ်ချုပ်သူနည်းပြများ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်ဘောလုံးများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ရာ ပြိုင်ပွဲဝင်အားကစားသမားများက လက်ခံရယူကြသည်။ ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များက ပြိုင်ပွဲအားကစားသမားများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဖွင့်ပွဲစဉ်ဖြစ်သည့် လားရှိုးခရိုင် အမျိုးသမီးအသင်းနှင့် တောင်ကြီးခရိုင် အမျိုးသမီးအသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ဘတ်စကက်ဘောပြိုင်ပွဲကို ရှမ်းပြည်နယ်(မြောက်ပိုင်း) မြို့နယ်ပေါင်းစုံမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ရှစ်သင်း၊ အမျိုးသမီးအသင်း ငါးသင်းတို့ဖြင့် ဇူလိုင် ၂၅ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း မြန်မာ့သိုင်းပြိုင်ပွဲတွင် ဗထူးတပ်နယ် ကိုယ်စားပြုအသင်း ဒိုင်းဆုရရှိ

**နေပြည်တော် ဇူလိုင် ၁၈**

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၂ ခုနှစ် တိုင်းမှူးဒိုင်း မြန်မာ့သိုင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ နေ့လယ်ပိုင်းတွင် ဗထူးတပ်မြို့ရှိ နယ်မြေခံသင်တန်းကျောင်း အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်နှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များနှင့် အားကစား ဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ်များဖြစ်သည့် ဓားနှစ်လက်အတိုက်ပြိုင်ပွဲ၊ ပန်ကြပ်ဆီလပ်အတိုက်ပြိုင်ပွဲ၊ ဓားတစ်လက်အတိုက်ပြိုင်ပွဲနှင့် ဗန်တိုအတိုက်ပြိုင်ပွဲ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ အသင်းလိုက်ဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသည့် ဗထူးတပ်နယ်ကိုယ်စားပြု အသင်းတို့အား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ရှစ်သင်းဖြင့် ဇူလိုင် ၁၁ ရက်မှ ယနေ့အထိ ပြုလုပ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပထမဆုံးအကြိမ် လက်နက်၊ ခဲယမ်းများဖြင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်

နေပြည်တော် ဇူလိုင် ၁၈

**တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများ တက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်း မရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များအား ပြန်လည်ကြိုဆို လက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မြိတ်မြို့နယ်မြေခံသင်တန်းကျောင်းခန်းမ၌ ပထမဆုံးအကြိမ် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သည့် PDF အဖွဲ့ဝင်များအား ကြိုဆိုလက်ခံ၍ လက်နက်၊ ခဲယမ်းများ လွှဲပြောင်းလက်ခံရယူပြီး ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံခဲ့သည်။**

ဦးစွာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် သစ်လွင်ထူးက နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်း မရှိခဲ့သော ဘုတ်ပြင်းမြို့နယ်နှင့် တနင်္သာရီမြို့နယ်မှ PDF အဖွဲ့ဝင်အမျိုးသားနှစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့ကို ဝန်ခံကတိ လက်မှတ်ရေးထိုးစေကာ ၎င်းတို့သယ်ဆောင်လာသည့် **လက်နက်၊ ခဲယမ်းများကို** လွှဲပြောင်းရယူ၍ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြပြီး မိဘအုပ်ထိန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်း ဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည် ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံ ပေးလျက်ရှိကြောင်းနှင့် ၂၀၂၂ ခုနှစ် ဇွန် ၆ ရက်မှ ယနေ့အထိ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသူ PDF အဖွဲ့ဝင် အမျိုးသား ၁၈၁ ဦး၊ အမျိုးသမီး ၅၀ စုစုပေါင်း ၂၃၁ ဦးရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၁၉ နှစ်အောက်အမျိုးသားဘောလုံးပြိုင်ပွဲ ဇူလိုင် ၂၀ ရက်စတင်မည်

**နေပြည်တော် ဇူလိုင် ၁၈**

၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၁၉ နှစ်အောက် ဘောလုံး(အမျိုးသား)ပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အသင်းအုပ်ချုပ်သူများ ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ဝဏ္ဏသိဒ္ဓိအားကစားကွင်း(A)ရုံ၌ ကျင်းပရာ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးနှင့် ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ အသင်းအုပ်ချုပ်သူ/ နည်းပြများ၊ ပြိုင်ပွဲကျင်းပရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

**ဖြည့်ဆည်းဆောင်ရွက်**

ရှေးဦးစွာ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးက အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် ဒုတိယညွှန်ကြားရေးမှူးချုပ်က ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ဝဏ္ဏသိဒ္ဓိကွင်း၌ ကျင်းပမည်**

အဆိုပါ တိုင်းဒေသကြီးနှင့်ပြည်နယ် ယူ-၁၉ ဘောလုံး(အမျိုးသား) ပြိုင်ပွဲကို တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ပြိုင်ပွဲဝင်အသင်း ၁၄ သင်း၊ ပြိုင်ပွဲဝင် အုပ်ချုပ်/ နည်းပြ/ အားကစားသမား စုစုပေါင်း ၃၂၅ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြိုင်ပွဲကို ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၃ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၊ လေ့ကျင့်ရေးကွင်းအမှတ် (၁,၂,၃) တို့တွင် ကျင်းပသွားမည်ဖြစ်သည်။

**ဆုများ ချီးမြှင့်မည်**

ယခုပြိုင်ပွဲတွင် ဆုကြေးငွေအဖြစ် ပထမဆုငွေကျပ်သိန်း ၃၀၊ ဒုတိယဆု ငွေကျပ်သိန်း ၂၀၊ တတိယဆု ငွေကျပ် ၁၅ သိန်း၊ စတုတ္ထဆု ငွေကျပ် ၁၀ သိန်း၊ အကောင်းဆုံးအားကစားသမားဆု တစ်ဆုလျှင် ငွေကျပ် နှစ်သိန်းနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆုကို ငွေကျပ် သုံးသိန်းနှုန်းဖြင့် ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အားကာမောင်**

# သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ ထွက်ရှိသော စာအုပ်များစာရင်း



**သမိုင်းအထောက်အထား အရင်းအမြစ်များရှာဖွေခြင်း သုတေသနစာတမ်းဖတ်ပွဲတွင် ဖတ်ကြားခဲ့သော စာတမ်းများ**

မြန်မာသမိုင်းပြုစုလေ့လာရာတွင် အချက်အလက်အထောက်အထားများသည် အရေးပါပေသည်။ အချက်အလက်အထောက်အထားများ မှန်ကန်ပြည့်စုံမှုရှိပါက စာအုပ်တန်ဖိုး မြင့်မားပေသည်။ အချက်အလက်အထောက်အထားဟုဆိုရာတွင် မူရင်းအထောက်အထားနှင့် တစ်ဆင့်ခံအထောက်အထားဟူ၍ ရှိလေရာ မူရင်းအထောက်အထားကို အသုံးပြု၍ ရေးသားပြုစုသော စာတမ်းစာအုပ်များသည် ခိုင်မာစိတ်ချရသော စာအုပ်စာတမ်းများ ဖြစ်ပါသည်။ အချက်အလက် အထောက်အထားသစ်များ တွေ့ရှိရလေတိုင်း သမိုင်းကို ပြင်ဆင်ဖြည့်စွက်ရမြဲ ဖြစ်သည်။ သို့အတွက် အချက်အလက်အထောက် အထားသစ်များ ရရှိရလေရန် ကွင်းဆင်းသုတေသနပြုမှုများ၊ မူရင်းအထောက်အထားများကို ရှာဖွေ၍ စာတမ်းစာအုပ်များကို ပြုစုရေးသားရပါသည်။ ယခု သမိုင်းအထောက်အထား အရင်းအမြစ်များ ရှာဖွေခြင်း သုတေသနစာတမ်းဖတ်ပွဲတွင် ဖတ်ကြားခဲ့သော စာတမ်းများတွင် အချက်အလက် အထောက်အထားများ အရင်းအမြစ်သဖွယ် အရေးပါသည်ကို တွေ့ရှိဖတ်ရှုနိုင်ပါသည်။ **တန်ဖိုးငွေကျပ် - ၂၅၀၀/-**

**ဦးစံဝင်း၏ လက်ရွေးစင်စာတမ်းများ**




မြန်မာသမိုင်းအဖွဲ့ အဖွဲ့ဝင် ဦးစံဝင်း၏ လက်ရွေးစင်စာတမ်းများ စာအုပ်တွင် ဦးစံဝင်း၏ သုတေသနခရီးတစ်လျှောက် ကွင်းဆင်းသုတေသနပြုခြင်းအပေါ် အခြေခံ၍ ရေးသားပြုစုထားသော စာတမ်းများဖြစ်သည့် ပါဒမြို့ဟောင်း၊ တကောင်းမြို့ဟောင်း၊ မုတ္တမမြို့ဟောင်းများ၊ ဂဝံမြို့တော်ဟောင်းများနှင့် ဂဝံယဉ်ကျေးမှု၊ စမ္ပာနဂိုရ်-လကွန်းဗျည်း၊ သဲကုန်းမြို့ဟောင်း၊ တိုက်ကုလားမြို့ဟောင်း၊ ဘားပြလိုဏ်ဂူကျောက်စာလေ့လာချက်၊ ဘုရားထောင် ပျူကျောက်စာ၏ ရက်စွဲ၊ လက်ရေးစင်းအုတ်ချပ်ခလေ့နှင့် ပျူယဉ်ကျေးမှု အစရှိသည့် သုတေသနစာတမ်း ၁၀ စောင်ကို လေ့လာဖတ်ရှုနိုင်မည်ဖြစ်ပါသည်။

**တန်ဖိုးငွေကျပ် - ၃၀၀၀/-**



**ဌာနတွင်းစွမ်းရည်မြှင့်တင်ရေးအတွက် မြန်မာသမိုင်းအဖွဲ့ဝင်များ ဖတ်ကြားခဲ့သော စာတမ်းများ အတွဲ (၄)**

ဤဦးစီးဌာနသည် မြန်မာသမိုင်းအဖွဲ့နှင့် တွဲဖက်၍ သမိုင်းဆိုင်ရာ သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး မြန်မာသမိုင်းအဖွဲ့ဝင် ပညာရှင်များကဌာနမှ သုတေသနဝန်ထမ်းများ၏ ဌာနတွင်းစွမ်းရည် မြှင့်တင်ရေးအတွက် သမိုင်းအသိပညာ ဖြန့်ဝေပေးခြင်းနှင့် စာတမ်း ဖတ်ကြားဆွေးနွေးဟောပြောခြင်းတို့ကို ၂၀၁၅ ခုနှစ်မှစ၍ ကျင်းပလာ ခဲ့ရာ ယခုထုတ်ဝေသည့် အတွဲ(၄) စာအုပ်တွင် ၂၀၁၈ ခုနှစ်အတွင်း မြန်မာသမိုင်းအဖွဲ့ဝင်များ ဖတ်ကြားခဲ့သော စာတမ်းများကို ဖတ်ရှုလေ့လာနိုင်မည်ဖြစ်ပါသည်။ **တန်ဖိုးငွေကျပ် - ၂၀၀၀/-**

**ဦးသန်းဆွေ၏ လက်ရွေးစင်စာတမ်းများ**





မြန်မာသမိုင်းအဖွဲ့၊ ဒုတိယဥက္ကဋ္ဌ(၁) ဦးသန်းဆွေ၏ လက်ရွေးစင် စာတမ်းများစာအုပ်တွင် ကိုယ်တွေ့မေးမြန်းချက်များနှင့် ကွင်းဆင်းသုတေသနပြု၍ ရရှိလာသော အချက်အလက် အထောက်အထားများ အပေါ် အခြေခံပြီး ပြုစုရေးသားခဲ့သော စာတမ်းများဖြစ်သည့် Early Konbaung, Dawei and Thailand စာတမ်း၊ The Restoration of Monarchy during the Japanese Occupation စာတမ်း၊ Vignettes of the Konbaung Dynasty: 1885–1945 စာတမ်း၊ Historical Sites in Lower Myanmar: World War II and Today စာတမ်း၊ ထားဝယ်မြစ်ရိုးတစ်လျှောက် မြို့ဟောင်းများမှ သာဂရနှင့် မုတ္ထီးစာတမ်း၊ ဇာတ်သဘင်မှ နတ်ကတော်နှင့် အပျိုတော်ကခန်း စာတမ်း၊ ပယ်ပုံတော် ကျောက်စာနှင့် ပယ်ပုံတော်ဝင်းစာတမ်း၊ လက်ပန်စဉ် မိဖုရားဆုတောင်းစာ စာတမ်း၊ မိန်းမစိုး စာတမ်း၊ ရတနာပုံခေတ် လေးကျွန်းအောင်မြေ နန်းမြို့တော်၏ မြို့ကွက် သုတေသနစာတမ်း၊ ပါတော်မူသျှိုးလိုက် ရတု၊ ဝက်မစွတ်ဝန်ထောက် နေ့စဉ်မှတ်တမ်း တတိယတွဲ (၁၈၄၄-၁၈၄၈) ရှင်းတမ်းစာတမ်း၊ တနင်္သာရီတိုင်း၏ ရာဘာနိဒါန်း စာတမ်း၊ ကျွန်တော့်ဆရာ သမိုင်းပညာရှင် ဇေယျကျော်ထင် ဗိုလ်မှူးကြီးဘရှင် ရာပြည့်စာတမ်းတို့ကို ဖတ်ရှုလေ့လာနိုင်မည် ဖြစ်ပါသည်။ **တန်ဖိုးငွေကျပ် - ၂၅၀၀/-**

*(ဆက်လက်ဖော်ပြပါမည်)*

# ဟွန်ဆန်ကို ၂၀၂၃ ခုနှစ်အထွေထွေရွေးကောက်ပွဲအတွက် ဝန်ကြီးချုပ်လောင်းအဖြစ် ထောက်ခံ

ဖနောင်ပင် ဇူလိုင် ၁၈

**ကမ္ဘောဒီးယားအာဏာရပါတီဖြစ်သည့် ပြည်သူ့ပါတီ (စီပီပီ)သည် တနင်္ဂနွေနေ့က ၎င်း၏ဗဟိုကော်မတီအစည်းအဝေး ပြီးဆုံးခဲ့သည်။ အဆိုပါအစည်းအဝေး၌ ၂၀၂၃ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် ကျင်းပမည့်အထွေထွေရွေးကောက်ပွဲတွင် ဆက်လက်အနိုင်ရပါက လက်ရှိဝန်ကြီးချုပ် ဆမ်ဒက်တက်ချိုဟွန်ဆန်ကို နောက်တစ်ကြိမ်ဝန်ကြီးချုပ် သက်တမ်းအတွက် အပြည့်အဝထောက်ခံသွားမည်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။**




ကမ္ဘောဒီးယားဝန်ကြီးချုပ် ဆမ်ဒက်တက်ချိုဟွန်ဆန်။

အဆိုပါအစည်းအဝေးက အမျိုးသားလွှတ်တော်သတ္တမအကြိမ်အတွက် ဝန်ကြီးချုပ်လောင်းအဖြစ် ဆမ်ဒက်တက်ချိုဟွန်ဆန်ကို ထောက်ခံကြောင်း ဖော်ပြခဲ့သည်။ ထို့အပြင် ၎င်း၏သားကြီး ဟွန်မနက်ကိုလည်း အနာဂတ်ဝန်ကြီးချုပ်လောင်းအဖြစ် ထောက်ခံကြောင်း ပါတီ၏ ကြေညာချက်တွင် ဖော်ပြခဲ့သည်။

ဟွန်ဆန်သည် အသက် ၆၉ နှစ်ရှိပြီဖြစ်ကာ နိုင်ငံတော် ဝန်ကြီးချုပ်အဖြစ် ၃၇ နှစ်ကြာ အုပ်ချုပ်ခဲ့သည်။ ဟွန်ဆန်၏အကြီးဆုံးသား ဟွန်မနက်သည် လက်ရှိတွင် စီပီပီ၏ အမြဲတမ်းကော်မတီအဖွဲ့ဝင်တစ်ဦးဖြစ်ပြီး တော်ဝင်ကမ္ဘောဒီးယားတပ်ဖွဲ့ (အာရ်ကပ်ဖ်)၏ လက်ထောက်ကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မမှူး တစ်ဦးလည်းဖြစ်သည်။

စီပီပီဗဟိုကော်မတီအစည်းအဝေးကို နှစ်ရက်ကြာ ကျင်းပပြုလုပ်ပြီးနောက် ယခုလိုကြေညာချက် ထွက်ပေါ်လာခြင်းဖြစ်သည်။ အဆိုပါ အစည်းအဝေးကို မြို့တော်ဖနောင်ပင်ရှိ ပါတီဌာနချုပ်တွင် စီပီပီဥက္ကဋ္ဌ ဟွန်ဆန်၏ ဦးဆောင်မှုဖြင့် ကျင်းပခဲ့ခြင်းဖြစ်သည်။ အစည်းအဝေးက နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် တခြားအဖွဲ့အစည်းများကို လာမည့် ၂၀၂၃ ခုနှစ်အထွေထွေရွေးကောက်ပွဲအတွက် အကောင်းဆုံး နိုင်ငံရေးဝန်းကျင်တစ်ခု ဖန်တီးနိုင်ရန် ဒီမိုကရေစီစည်းမျဉ်းများအတိုင်း အနီးကပ်ပူးပေါင်း ဆောင်ရွက်ရန် တိုက်တွန်းထားသည်။

ဆင်ဟွာ



သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့၌ ကုန်သွယ်ရေးသမဂ္ဂ ကိုယ်စားလှယ်များနှင့် တက်ကြွလှုပ်ရှားသူများ သီရိလင်္ကာယာယီသမ္မတကို ဆန့်ကျင်ဆန္ဒပြကြစဉ်။

## သီရိလင်္ကာ ယာယီသမ္မတ နိုင်ငံတော်အရေးပေါ်အခြေအနေကြေညာ

ကိုလံဘို ဇူလိုင် ၁၈

သီရိလင်္ကာ ယာယီသမ္မတ ရာနေးလ်ဝစ်ကရမ်ဆင်း သည် နိုင်ငံတော်အရေးပေါ်အခြေအနေ တစ်ရပ်ကို ကြေညာခဲ့သည်။ အဆိုပါ ကြေညာချက်သည် တနင်္လာနေ့တွင် စတင်အာဏာသက်ရောက်ခဲ့သည်။

ပြည်သူများ၏တည်ငြိမ်အေးချမ်းရေးကို ကာကွယ်ရန်အတွက်၊ လူနေမှုဘဝအတွက် မရှိမဖြစ်လိုအပ်သော ထောက်ပံ့ရေးပစ္စည်းများကို ထိန်းသိမ်းရန်အတွက်နှင့် ပြည်သူ့လုံခြုံရေးအတွက် ယခုကဲ့သို့ နိုင်ငံတော်အရေးပေါ်အခြေအနေ ကြေညာခဲ့ကြောင်း ဝစ်ကရမ်ဆင်းက ထုတ်ပြန်ချက်တွင် ပြောကြားလိုက်သည်။ သီရိလင်္ကာ သမ္မတဂိုတာဘာယာ ရာဂျာပက်ဆာ ရာထူးမှ နုတ်ထွက်ပြီးနောက် ဇူလိုင် ၂၀ ရက်တွင် သမ္မတသစ်ကို ရွေးချယ်ရန် သီရိလင်္ကာလွှတ်တော်က စီစဉ်ထားသည်။

နိုင်ငံအတွင်း ခါးသီးပြင်းထန်သည့် စီးပွားရေးအကျပ်အတည်းများ ဖြစ်ပေါ်နေချိန်တွင် ရာဂျာပက်ဆာသည် မော်လ်ဒိုက်မှ တစ်ဆင့် စင်ကာပူသို့ ထွက်ပြေးလာခဲ့သည်။ သမ္မတလောင်းများ အမည် စာရင်းတင်သွင်းခြင်းကို အင်္ဂါနေ့တွင် ပြုလုပ်ပေးရန် တိုက်တွန်း နှိုးဆော်ထားကြောင်း သိရသည်။

ဆင်ဟွာ

## အိန္ဒိယနိုင်ငံ၌ Monkeypox ဒုတိယ ကူးစက်ခံရသူ တွေ့ရှိ

နယူးဒေလီ ဇူလိုင် ၁၈

အိန္ဒိယနိုင်ငံတောင်ပိုင်း ကီရာလာပြည်နယ်တွင် တနင်္လာနေ့က Monkeypox ရောဂါ ဒုတိယမြောက် ကူးစက်ခံရသူတွေ့ရှိကြောင်း ကျန်းမာရေးဌာနက အတည်ပြု ထုတ်ပြန်ချက်အရ သိရသည်။ အဆိုပါ ကူးစက်ခံရသူသည် ကန်နူရ်ခရိုင်မှ အသက် ၃၁ နှစ်အရွယ်ရှိ ဒေသခံတစ်ဦးဖြစ်ပြီး ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

၎င်းသည် ဇူလိုင် ၁၃ ရက်က ဒူဘိုင်းမှ ပြန်လည် ရောက်ရှိလာကြောင်း၊ အဆိုပါ လူနာ၏ ကျန်းမာရေး အခြေအနေသည် ကောင်းမွန်လျက်ရှိကြောင်း၊ ၎င်းနှင့် အနီးကပ်ထိတွေ့သူများကို စောင့်ကြည့် လျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။ ပီယွန် မြို့ရှိ ဗိုင်းရပ်စ်သုတေသနဌာန၌ အဆိုပါ ရောဂါကူး စက်ခံရသူ၏ နမူနာများကို စမ်းသပ်မှုပြုလုပ် ပြီးနောက် ဒုတိယအကြိမ်မြောက်တွေ့ရှိမှုအဖြစ် အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း ကီရာလာ ကျန်းမာရေးဝန်ကြီး ဗီးနာဂျော့ဂျ်၏ အဆိုအရ သိရသည်။

အိန္ဒိယနိုင်ငံ၏ ပထမဆုံး Monkeypox ရောဂါကူးစက်မှုကို လွန်ခဲ့သည့်လေးရက်က ယူအေအီးနိုင်ငံသို့ ခရီးသွားခဲ့ပြီး ဇူလိုင် ၁၂ ရက်တွင် ပြန်လည်ရောက်ရှိလာသော ကီရာလာပြည်နယ်မှ အသက် ၃၅ နှစ်အရွယ် အမျိုးသားတစ်ဦးထံတွင် တွေ့ရှိခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

မကြာသေးမီလများအတွင်း နိုင်ငံပေါင်း ၆၀ ခန့်၌ Monkeypox ရောဂါ အတည်ပြုကူးစက်ခံရသူ အရေအတွက် စုစုပေါင်း ၉၀၀၀ ကျော်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဒေါက်တာ အီတ်ချ်အိုက်ဗ ပြောသည်။

ဆင်ဟွာ

## တောင်ကိုရီးယား၌ ကိုဗစ်-၁၉ ကူးစက်မှု လျော့ကျ

ဆိုးလ် ဇူလိုင် ၁၈

တောင်ကိုရီးယား နိုင်ငံသည် တနင်္ဂနွေနေ့ သန်းခေါင်ယံအထိ ကိုဗစ်-၁၉ ရောဂါထပ်မံကူးစက်ခံရသူ ၂၆၂၉၉ ဦး စစ်ဆေးတွေ့ရှိကြောင်း ကျန်းမာရေးအာဏာပိုင်များက တနင်္လာနေ့တွင် ပြောသည်။

အဆိုပါ ကူးစက်မှုပမာဏသည် ယခင်ရက်က ကူးစက်မှုပမာဏထက် လျော့ကျလာကြောင်း တောင်ကိုရီးယား ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီက ပြောသည်။ အဆိုပါ ကူးစက်ခံရသူများအနက် ၂၁၉ ဦးသည် ပြည်ပပြန်ကူးစက်မှုဖြစ်သည့်အတွက် နိုင်ငံတစ်ဝန်း ပြည်ပပြန်ကူးစက်မှု အရေအတွက် ၃၉၅၀၂ ဦးအထိ ရှိလာပြီ ဖြစ်သည်။

တောင်ကိုရီးယား နိုင်ငံ၌ ရောဂါကူးစက်ခံရပြီး သေဆုံးသူ အရေအတွက် စုစုပေါင်း ၂၄၇၅၃ ဦး အထိ ရှိလာပြီဖြစ်သည်။

ဆင်ဟွာ

# အမေရိကန်ပြည်ထောင်စု အင်ဒီယာနာပြည်နယ်၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား၊ လူလေးဦးသေဆုံး

ချီကာဂို ဇူလိုင် ၁၈

အမေရိကန် ပြည်ထောင်စု အနောက်အလယ်ပိုင်းပြည်နယ်တစ်ခုဖြစ်သည့် အင်ဒီယာနာပြည်နယ်တွင် တနင်္ဂနွေနေ့ညနေက သေနတ်ပစ်ခတ်မှုတစ်ခု ဖြစ်ပွားခဲ့ရာ လူလေးဦးသေဆုံးခဲ့သည်။ အဆိုပါသေဆုံးသူများတွင် သေနတ်သမားလည်း ပါဝင်ပြီး နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ပစ်ခတ်မှုသည် အင်ဒီယာနာမြို့တော် တောင်ဘက် Greenwood Park ဈေးဝယ်ကုန်တိုက်ရှိ စားသောက်ဆိုင်တစ်ဆိုင်၌ ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ရိုင်ဖယ်သေနတ်နှင့် ကျည်ဆန်များ ကိုင်ကာ စားသောက်ဆိုင်သို့ ဝင်လာသည့် အရွယ်ရောက်သူ တစ်ဦးက သေနတ်ပစ်ခတ်မှုကို ပြုလုပ်ခဲ့သည်။ သေနတ်ပစ်ခတ်မှုကြောင့် လူသုံးဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း Greenwood ရဲချုပ် ဂျိမ်းစ်အိုင်စွန်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အခင်းဖြစ်ပွားရာနေရာတွင် လက်နက်ကိုင်ဆောင်သူတစ်ဦးက အဆိုပါ သေနတ်သမားကို ပစ်သတ်ခဲ့ခြင်းဖြစ်နိုင်သည်ဟု ရဲဘက်က ယူဆလျက်ရှိသည်။

သေနတ် ပစ်ခတ်ရသည့် အကြောင်းရင်းကို မသိရသေးပေ။ သေနတ်ပစ်ခတ်မှု ဖြစ်စဉ်နှင့် ပတ်သက်ပြီး အင်ဒီယာနာ မြို့တော်ရဲဌာန လက်ထောက်ရဲချုပ် ခရစ္စတိုဖာ ဘိုင်လေးက အများပြည်သူ စိုးရိမ်ဖွယ်အခြေအနေမရှိကြောင်း ပြောကြားလိုက်သည်။ အဆိုပါ ကုန်တိုက်သည် အင်ဒီယာနာမြို့တွင် ဒုတိယအကြီးဆုံး ကုန်တိုက်တစ်ခုဖြစ်သည်။

ဆင်ဟွာ




သက်ဆိုင်ရာတာဝန်ရှိသူများ သေနတ်ပစ်ခတ်မှု ဖြစ်ပွားရာနေရာ၌ စစ်ဆေးဆောင်ရွက်ကြစဉ်။

# အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှု သတ္တမမြောက်လှိုင်း ဖြစ်ပွားနေ



**တီဟီရန် ဇူလိုင် ၁၈**

အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှု သတ္တမမြောက်လှိုင်း စတင်နေပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး ဘာရမ် အီနိုလာနီက တနင်္ဂနွေနေ့တွင် ပြောသည်။ ကာကွယ်ဆေးများ ထပ်ဆောင်းထိုးနှံကြရန်နှင့် ကျန်းမာရေးဆိုင်ရာ ထုတ်ပြန်ထားသော စည်းမျဉ်း စည်းကမ်းများကို လိုက်နာကြရန်၊ အထူးသဖြင့် အမိုးအကာအောက် လူထူထပ်သောနေရာများတွင် ပါးစပ် နှာခေါင်းစည်းတပ်ဆင်ကြရန် သတင်းစာ ရှင်းလင်းပွဲတစ်ခု၌ ၎င်းက ပြည်သူများကို တောင်းဆို ထားသည်။

အီရန်နိုင်ငံ၌ တနင်္ဂနွေနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၇၅၁ ဦး စစ်ဆေးတွေ့ရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူ ၁၃ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။ အဆိုပါ ကူးစက်ခံရသူများအနက် ၆၅၆ ဦးကို ဆေးရုံတင်ထားရပြီး ၎င်းတို့ထဲမှ ၅၁၆ ဦးသည် စိုးရိမ်ရသည့်အခြေအနေတွင်ရှိကြောင်း သိရသည်။

ထို့အပြင် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလနှောင်းပိုင်းမှစ၍ အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုဖြစ်ပွားသူ စုစုပေါင်း ၇၂၇၈၄၇၈ ဦးရှိကြောင်း၊ အဆိုပါရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၁၄၁၄၉၉ ဦးအထိရှိကြောင်း ဝန်ကြီးဌာန၏ ထုတ်ပြန် ချက်အရ သိရသည်။

**ဆင်ဟွာ**

# အီသီယိုပီးယားနိုင်ငံမှ ဆူဒန်ဒုက္ခသည် ၂၈၀၃ ဦး နေရပ်ပြန်လာ

**အဒစ္စ အာဘာဘာ ဇူလိုင် ၁၈**

မကြာသေးမီ ရက်များအတွင်း အီသီယိုပီးယားယာယီစခန်းများမှ ဆူဒန်ဒုက္ခသည် ၂၈၀၃ ဦးသည် နေရပ်ပြန်လည်ရောက်ရှိခဲ့ကြောင်း ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ ဇူလိုင် ၁၈ ရက်က ထုတ်ပြန်ချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။

အီသီယိုပီးယား နိုင်ငံ အနောက်ပိုင်း ဘီနီရှန်ဂူ ဂါမတ်ဇ်ဒေသရှိ ကာမခ်မြို့နယ်စပ်ဂိတ်ကိုဖြတ်၍ ဆူဒန်နိုင်ငံသို့ ပြန်လည်ရောက်ရှိကြောင်း အီသီယိုပီးယား အရေးပေါ်အခြေအနေ အစီရင်ခံစာတစ်စောင်တွင် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ပြောကြားသည်။ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမှစကာ အီသီယိုပီးယား ယာယီစခန်းမှ ဆူဒန်နိုင်ငံသို့ ပြန်လည်ရောက်ရှိလာသည့် ဆူဒန်ဒုက္ခသည် စုစုပေါင်း ၇၅၅၉ ဦးနှင့် တောင်ဆူဒန်ဒုက္ခသည် ၄၅၂ ဦးရှိကြောင်း ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ ထုတ်ပြန်ထားသည်။

မကြာသေးမီ နှစ်များအတွင်းက ဆူဒန်နှင့် တောင်ဆူဒန်ဒုက္ခသည်များသည် ၎င်းတို့နိုင်ငံအသီးသီး၌ ပဋိပက္ခများ ဖြစ်ပွားနေသောကြောင့် ထောင်နှင့်ချီ၍ ဘီနီရှန်ဂူ ဂါမတ်ဇ် ဒေသသို့ ထွက်ပြေးလာကြောင်း သိရသည်။ လွန်ခဲ့သော နှစ်ပတ်ကလည်း အီသီယိုပီးယားနိုင်ငံ အနောက်တောင်ပိုင်း ဂန်ဘယ်လာဒေသ ယာယီစခန်းများမှ ဆူဒန်ဒုက္ခသည် ၇၇၂ ဦးမှာ ၎င်းတို့နိုင်ငံအတွင်းသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ ပြောကြားသည်။

ဂန်ဘယ်လာ ဒေသသည် ၂၀၁၃ ခုနှစ်မှစကာ ပြည်တွင်းစစ်ဖြစ်ပွားနေသည့် တောင်ဆူဒန်ဒုက္ခသည် ထောင်ပေါင်းများစွာကို လက်ခံခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**



အီသီယိုပီးယားနိုင်ငံမှ ပြန်လာသည့် ဆူဒန်ဒုက္ခသည်များကို တွေ့ရစဉ်။





# တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီး ပတ်ခ်ဂျင် ဂျပန်နိုင်ငံသို့ သွားရောက်

**ဆိုးလ် ဇူလိုင် ၁၈**

တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီး ပတ်ခ်ဂျင်သည် တောင်ကိုရီးယားသမ္မတ ယွန်ဆွတ်ယိုးလ်၏ အစိုးရသစ်၌ မေလတွင် ၎င်း၏ ရာထူးတာဝန်များ စတင်ထမ်းဆောင်ပြီးနောက် ဂျပန်နိုင်ငံသို့ ပထမဆုံးအကြိမ် သွားရောက်ခြင်းဖြစ်ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။

၎င်း၏ ခရီးစဉ်အတွင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဟာယာရှိ ယိုရှိမာဆာနှင့် အခြားတာဝန်ရှိသူများကို တိုကျိုတွင် တွေ့ဆုံရန် စီစဉ်ထားကြောင်း သိရသည်။ သုံးရက်ကြာမည့် အဆိုပါခရီးစဉ်အတွင်း တနင်္လာနေ့ ညနေပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတစ်ခု ပြုလုပ်ရန် စီစဉ်ထားကြောင်း သိရသည်။ အဆိုပါအစည်းအဝေးသည် ၂၀၁၉ ခုနှစ် နိုဝင်ဘာလနောက်ပိုင်း ဂျပန်နိုင်ငံတွင် နှစ်နိုင်ငံကြား နိုင်ငံခြားရေးဝန်ကြီးများ ပထမဆုံးအကြိမ်ပြုလုပ်သည့် အစည်းအဝေး ဖြစ်လာမည် ဖြစ်သည်။

ပတ်ခ်သည် ဝန်ကြီးချုပ် ဖူမီယို ကီရှီဒါနှင့်လည်း တွေ့ဆုံသွားဖွယ် ရှိနေသည်။

**အင်န်အိတ်ချ်ကေ**

# အိန္ဒိယနိုင်ငံအလယ်ပိုင်း၌ မြစ်အတွင်းသို့ ဘတ်စ်ကားတစ်စီးထိုးကျ၊ ၁၃ ဦးသေဆုံး

**နယူးဒေလီ ဇူလိုင် ၁၈**

အိန္ဒိယနိုင်ငံအလယ်ပိုင်း မဒ္ဒရာ ပရာဒက်ရှ်ပြည်နယ် ဒါးခရိုင်တွင် ဇူလိုင် ၁၈ ရက်က ဘတ်စ်ကားတစ်စီးမြစ်အတွင်းသို့ ပြုတ်ကျမှုဖြစ်ပွားရာ ၁၃ ဦးထက်မနည်းသေဆုံးကြောင်း သိရသည်။

အခင်းဖြစ်ပွားရာနေရာတွင် ကယ်ဆယ်ရေးသမားများက ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိရာ နာမာဒါမြစ်အတွင်းမှ စုစုပေါင်း ၁၃ ဦးကို ပြန်လည်တွေ့ရှိကြောင်း သိရသည်။ ယာဉ်ပေါ်တွင် လိုက်ပါလာသည့် စုစုပေါင်းခရီးသည်အရေအတွက်ကို မသိရသေးပေ။

ပြည်နယ်ဝန်ကြီးချုပ် ရှီဗားဆင်း ရှောင်းဟန်၏ ပြောကြားချက်အရ သေဆုံးသူ ငါးဦး၏ အထောက်အထားကို ဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။ ဝန်ကြီးချုပ် နာရန်ဒရာမိုဒီက အဆိုပါမတော်တဆမှုအတွင်း သေဆုံးသူများအတွက် ဝမ်းနည်းကြောင်း ပြောကြားသည်။ မတော်တဆ ဖြစ်ပွားမှုနှင့် ပတ်သက်၍ ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေပြီး ဒေသအာဏာပိုင်များက ယာဉ်မတော်တဆဖြစ်ပွားမှုကြောင့် ထိခိုက်ခံစားရသူများကို ဖြစ်နိုင်သမျှ အကူအညီပေးနေကြောင်း မိုဒီက တွစ်တာတွင် ဖော်ပြထားသည်။

**ဆင်ဟွာ**

# တရုတ်နိုင်ငံ၌ ရေကြီးရေလျှံမှုကြောင့် ခြောက်ဦးထက်မနည်း သေဆုံး၊ ၁၂ ဦး ပျောက်ဆုံးနေ

**ပေကျင်း ဇူလိုင် ၁၈**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်းပြည်နယ်၌ ရေကြီး ရေလျှံမှုကြောင့် ခြောက်ဦးထက်မနည်း သေဆုံးကာ ၁၂ ဦး ပျောက်ဆုံးနေကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။

စီချွမ်းပြည်နယ် ဘေချွန်းဒေသ၌ သောကြာနေ့နှင့် စနေနေ့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့ပြီး ရွှံ့ညွန်များ ပြိုကျမှုကြောင့် လူနေအိမ်များ ထိခိုက်ပျက်စီးခဲ့သည့်အတွက် လူပေါင်း ၂၃၀၀၀ ခန့် အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ရကြောင်း သိရသည်။

ရေကြီးရေလျှံမှုကြောင့် အဆိုပါဒေသတစ်လျှောက် လမ်းများ အပါအဝင် အခြေခံအဆောက်အအုံများ ဆိုးရွားစွာ ပျက်စီးမှုဖြစ်ခဲ့သည့်အပြင် လျှပ်စစ်ဓာတ်အားနှင့် ဆက်သွယ်ရေး ပြတ်တောက်မှု ဖြစ်ပေါ်ခဲ့ကြောင်း၊ ပြီးခဲ့သည့် သီတင်းပတ်တွင်လည်း တနင်္လာနေ့မှ သောကြာနေ့အထိ ကျန်စုပြည်နယ်တွင် မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားကာ ခြောက်ဦးထက်မနည်း သေဆုံးခဲ့ကြောင်း သိရသည်။

တရုတ်အစိုးရသည် ဇူလိုင်လနှင့် ဩဂုတ်လကြားတွင် ရေကြီးရေလျှံမှု ဖြစ်ပေါ်လာနိုင်သည့်အတွက် နိုင်ငံတစ်ဝန်းမှ ပြည်သူများအနေဖြင့် သတိရှိရှိနေထိုင်ကြရန် တိုက်တွန်းထားသည်။

**အင်န်အိတ်ချ်ကေ**



တရုတ်နိုင်ငံတွင် မိုးသည်းစွာ ရွာသွန်းပြီးနောက် ရေကြီးရေလျှံမှုဖြစ်ပွားနေသည်ကို တွေ့ရစဉ်။

# လူဦးရေနှင့် အိမ်ထောင်စု အကြောင်းအရာများကို ပြည့်စုံမှန်ကန်စွာရရှိထားမှသာ ပြည်သူများ၏အကျိုးစီးပွားအတွက် ထိရောက်စွာဆောင်ရွက်နိုင်မည်

**မော်လမြိုင် ဇူလိုင် ၁၈**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းသည် ယနေ့မွန်းလွဲပိုင်းက မော်လမြိုင်မြို့နယ်၊ ချောင်းဆုံမြို့နယ်များ၌ အိမ်ထောင်စုစာရင်းပုံစံများအား သက်ဆိုင်ရာဝန်ထမ်းများက Data Base စနစ်ဖြင့် ဖြည့်သွင်းစိစစ်နေမှုအခြေအနေများနှင့် ပတ်သက်၍ သွားရောက်ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)

ပြည်နယ်ဝန်ကြီးချုပ်က လူဦးရေနှင့် အိမ်ထောင်စု အကြောင်းအရာများကို ပြည့်စုံမှန်ကန်စွာ ရရှိထားမှသာလျှင် ပြည်သူများ၏ အကျိုးစီးပွားအတွက် ထိရောက်စွာ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီး လူမှုရေး၊ ကျန်းမာရေး၊ လုံခြုံရေး စသည့် လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ မှန်ကန်သော စာရင်းဇယားအချက်အလက်များ ရရှိရေးအတွက် ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်းနှင့် ယခုဆောင်ရွက်သည့် စီမံချက်သည် နိုင်ငံအတွက် လုပ်ငန်းများ ဆောင်ရွက်ရာ၌ သက်ဆိုင်ရာ ဌာနများအနေဖြင့် ဝိုင်းဝန်းပူးပေါင်းကာ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ သက်ဆိုင်ရာ မြို့နယ်များအလိုက် ဖြည့်သွင်းစိစစ်ရမည့် အိမ်ထောင်စုစာရင်းပုံစံ အရေအတွက်များကို သတ်မှတ်ရက်အတွင်း ပြီးစီးရေးအလေးထားစီမံဆောင်ရွက်ကြရန်ဖြစ်ကြောင်း ပြောကြားပြီး လိုအပ်ချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

မွန်ပြည်နယ်အတွင်း အိမ်ထောင်စု စာရင်းပုံစံများ ဖြည့်သွင်းစိစစ်ခြင်းများကို သက်ဆိုင်ရာ မြို့နယ်များအလိုက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းများ၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ပညာရေး ဝန်ထမ်းများနှင့် မြို့မိမြို့ဖများက မြို့နယ်များအလိုက် စုရပ်နေရာ အသီးသီးတို့တွင် ဖြည့်သွင်းစိစစ်ခြင်းများကို ပြုလုပ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ခရိုင်(ပြန်/ဆက်)








# မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဘဏ်များအသင်းအမှုဆောင်အဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေး

## ဘဏ်များအနေဖြင့် လုပ်ငန်းအောင်မြင်ရေးအတွက် ဗဟိုဘဏ်၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်သွားရန်လိုအပ်

**နေပြည်တော် ဇူလိုင် ၁၈**

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်သော ဦးဝင်းသော်၊ ဒေါ်သန်းသန်းဆွေနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဘဏ်များအသင်း နာယက ဦးခင်မောင်အေး၊ ဥက္ကဋ္ဌ ဒေါ်ခင်စောဦးနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များမှ ဥက္ကဋ္ဌများ၊ ဦးဆောင် ညွှန်ကြားရေးမှူးများ၊ အမှုဆောင် အရာရှိချုပ်များ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းက နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးရေးအတွက် အရေးကြီးသည့် ဘဏ်လုပ်ငန်းကဏ္ဍ တည်ငြိမ်စွာဖြင့် ဖွံ့ဖြိုးရေးအတွက် ဘဏ္ဍာရေးမူဝါဒနှင့် ငွေကြေးမူဝါဒများကို ဟန်ချက်ညီစွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ဘဏ်များအားလုံး ဝိုင်းဝန်းပူးပေါင်းကြိုးပမ်း၍ ဆောင်ရွက်ပေးခြင်းကြောင့် ပြည်သူများအကြား ဘဏ်အသုံးပြုမှုပိုမိုများလာပြီး ဘဏ်လုပ်ငန်းစနစ်အပေါ် ယုံကြည်မှုတိုးတက်တည်ဆောက်နိုင်ခဲ့ကြောင်း၊ ဗဟိုဘဏ်အနေဖြင့် ဘဏ်များအခက်အခဲကြုံတွေ့ရစဉ် Liquidity Support ဆောင်ရွက်ပေးခဲ့ခြင်း၊ လိုက်နာရမည့် သတ်မှတ်အချိုးများကို ဖြေလျှော့ပေးခဲ့ခြင်း၊ ဘဏ်တစ်ဘဏ်ချင်းအလိုက် လိုအပ်ချက်အပေါ်မူတည်၍ ပံ့ပိုးပေးခဲ့ခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ဘဏ်များ၏ ဝန်ဆောင်မှု ကောင်းသထက်ကောင်းအောင်၊ စီမံခန့်ခွဲသူများက ဦးဆောင်ပြီး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဘဏ်များအနေဖြင့် လုပ်ငန်းအောင်မြင်တိုးတက်ရေးအတွက် ဗဟိုဘဏ်၏ လမ်းညွှန်ချက်များနှင့်အညီ ဆက်လက် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း မှာကြားသည်။

ယင်းနောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းသော်က ဘဏ်များအတွက် လိုအပ်သည့် ငွေသားလွယ်ကူမှု ပံ့ပိုးပေးခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံခြားသုံးငွေဆိုင်ရာ သတ်မှတ်ချက်များ၊ ဆောင်ရွက်ရမည့်နည်းလမ်းများကို ဆက်လက်လိုက်နာဆောင်ရွက်သွားရန် လိုအပ်ကြောင်းကိုလည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက ဘဏ်များအားလုံးသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်ထားသည့် စည်းမျဉ်း၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကို တိကျစွာ လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကမ္ဘာ့စီးပွားရေးနှင့် နိုင်ငံ့စီးပွားရေး အခြေအနေအရ ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးစေရန် လိုက်လျောညီထွေရှိမည့် ငွေကြေးမူဝါဒ နည်းလမ်းများနှင့် ဘဏ်များတွင် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို ပြေလည်စေမည့် နည်းလမ်းများ၊ ဖြေလျှော့မှုများကို ချမှတ် အကောင်အထည်ဖော်လျက်ရှိကြောင်းကို လည်းကောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဘဏ်များအသင်းမှ ဥက္ကဋ္ဌ ဒေါ်ခင်စောဦး၊ ဒုတိယဥက္ကဋ္ဌ ဦးတိုးအောင်မြင့်၊ နာယက ဦးခင်မောင်အေးနှင့် အမှုဆောင်အဖွဲ့ဝင်များကလည်းကောင်း၊ ယူအေဘီဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးနေအေး၊ နေပြည်တော် ဖွံ့ဖြိုးရေးဘဏ်လီမိတက် အမှုဆောင် အရာရှိချုပ် ဦးအောင်ကျော်ငြိမ်၊ အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးသန်းရီနှင့် ကမ္ဘောဇဘဏ်လီမိတက် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကျော်မျိုးတို့က လည်းကောင်း ဗဟိုဘဏ်၏ လမ်းညွှန်မှုနှင့်အညီ ဘဏ်လုပ်ငန်းကဏ္ဍ ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိဆောင်ရွက်မှု၊ ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များ၊ အကြံပြုချက်များကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းက မြန်မာနိုင်ငံဘဏ်များ အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ဘဏ်ဥက္ကဋ္ဌများ၏ ဆွေးနွေးအကြံပြုချက်များဆိုင်ရာ ပြန်လည်ဆွေးနွေးခြင်းကို လည်းကောင်း၊ ဤကဲ့သို့ ဗဟိုဘဏ်နှင့် မြန်မာနိုင်ငံဘဏ်များအသင်း အကြား တွေ့ဆုံဆွေးနွေးခြင်းများကို ပုံမှန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဤအစည်းအဝေး၌ ဆွေးနွေးချက်များနှင့်အညီ ဘဏ်လုပ်ငန်းကဏ္ဍ တည်ငြိမ်စွာ ဖွံ့ဖြိုးရေးအတွက် ဆက်လက် ကြိုးပမ်းကြရန် တိုက်တွန်းချက်ကိုလည်းကောင်း ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ လူမျိုးဘာသာမရွေး ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေး

**နေပြည်တော် ဇူလိုင် ၁၈**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသားအကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၅ နှစ်မှ ၁၂ နှစ်အထက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်နှင့် တာမွေမြို့နယ်တို့၌ ဒေသခံပြည်သူ ၉၉၈ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၅၄၂၁ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ၁၁ မြို့နယ်တို့၌ ဒေသခံပြည်သူ ၄၁၂၆ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ဒေသခံပြည်သူ ၁၅၆၈၁ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်၌ ကျောင်းသား ကျောင်းသူ ၇၈ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၁၄၃၇၇ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၄ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၁၇၂၅၇ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့၌ ကျောင်းသား ကျောင်းသူ ၂၅၃ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ကျောင်းသား ကျောင်းသူ ၆၂၄၈ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ဇူလိုင် ၁၈ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၂ ဦး တွေ့ရှိ

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၃၆ ရာခိုင်နှုန်းရှိ

**(၁၈-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ/မရှိ ဓာတ်ခွဲစစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၇-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၈-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၁၇၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၂) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်း မှာ (၀.၃၆) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၄၆၃,၂၉၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၈၃၈) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၈) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၇၄၄) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**

**(၁၈-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၆၉) ခု | – |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁၉၀) ခု | – |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၉၂၉) ခု | (၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄၆၂) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄,၅၂၅) ခု | (၁၂) ဦး |
| စုစုပေါင်း | (၆,၁၇၅) ခု | (၂၂) ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသူ/ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ခြောက်လနှင့် အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## ၁၈-၇-၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၁၂၇၅၁၄၉ | ၈၆၆၄၆၂၂၀ | ၁၀၄၈၈၄၃ |
| ၂။ | အိန္ဒိယ | ၄၃၇၆၇၅၃၄ | ၄၃၀၉၇၅၁၀ | ၅၂၅၇၆၀ |
| ၃။ | ဘရာဇီး | ၃၃၃၀၁၁၁၈ | ၃၁၅၅၆၃၉၃ | ၆၇၅၄၀၈ |
| ၄။ | ပြင်သစ် | ၃၃၀၁၆၅၇၈ | ၃၀၅၂၇၉၆၅ | ၁၅၀၅၇၆ |
| ၅။ | ဂျာမနီ | ၂၉၆၉၂၉၈၉ | ၂၇၇၈၆၇၀၀ | ၁၄၂၅၃၃ |
| ၆။ | ဗြိတိန် | ၂၃၀၇၅၃၆၀ | ၂၂၃၇၅၈၇၄ | ၁၈၁၅၈၀ |
| ၇။ | အီတလီ | ၂၀၁၄၅၈၅၉ | ၁၈၅၁၀၈၈၄ | ၁၆၉၉၂၅ |
| ၈။ | တောင်ကိုရီးယား | ၁၈၇၈၈၀၅၆ | ၁၈၃၃၄၅၉၉ | ၂၄၇၅၃ |
| ၉။ | ရုရှား | ၁၈၄၉၄၈၄၄ | ၁၇၉၁၁၃၄၀ | ၃၈၁၉၁၆ |
| ၁၀။ | တူကီယဲ | ၁၅၂၉၇၅၃၉ | ၁၅၀၉၆၇၇၄ | ၉၉၀၈၈ |

## ၁၈-၇-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၀၇၆၁၄၃၅ | ၉၈၀၈၃၅၇ | ၄၃၀၉၁ |
| အင်ဒိုနီးရှား | ၆၁၃၈၃၄၆ | ၅၉၅၂၉၈၁ | ၁၅၆၈၅၉ |
| မလေးရှား | ၄၆၂၂၉၈၁ | ၄၅၄၄၆၁၅ | ၃၅၈၅၅ |
| ထိုင်း | ၄၅၆၀၈၄၃ | ၄၅၀၇၀၉၅ | ၃၀၀၁၆ |
| ဖိလစ်ပိုင် | ၃၇၃၅၃၈၃ | ၃၆၅၄၂၁၈ | ၆၀၆၄၁ |
| စင်ကာပူ | ၁၅၉၆၀၄၆ | ၁၄၉၅၁၄၁ | ၁၄၅၃ |
| မြန်မာ | ၆၁၃၈၃၈ | ၅၉၂၇၄၄ | ၁၉၄၃၄ |
| လာအို | ၂၁၀၅၄၆ | ၂၀၈၃၄၄ | ၇၅၇ |
| ဘရူနိုင်း | ၁၈၂၉၅၀ | ၁၆၄၁၁၆ | ၂၂၅ |
| ကမ္ဘောဒီးယား | ၁၃၆၄၇၇ | ၁၃၃၃၀၂ | ၃၀၅၆ |

## ကော့သောင်းမြို့ ရပ်ကွက်များအတွင်း အသက် ၅ နှစ်မှ ၁၅ နှစ်အရွယ် ကျောင်းမနေသည့် ကလေးငယ်များအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိ

ကော့သောင်း ဇူလိုင် ၁၈

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့တွင် ရပ်ကွက်များအတွင်း အသက် ၅ နှစ်မှ ၁၅ နှစ်အရွယ်ကျောင်းမနေသည့် ကလေးငယ်များအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက်မှ ကလေးငယ် ၉၀ ကို ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ကာကွယ်ဆေးထိုးနှံရာတွင် ကော့သောင်းခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် အသက် ၁၈ နှစ်အောက် ၅ နှစ်မှ ၁၅ နှစ်အရွယ်ကျောင်းမနေသည့် ရပ်ကွက်အတွင်း ကလေးငယ်များကို ထိုးနှံပေးခြင်းဖြစ်ရာ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများအတွင်းရှိ ကျောင်းမနေသည့် ကလေးငယ်များအား သတ်မှတ်ရက်များအလိုက် မြို့နယ်ပြည်သူ့ကျန်းမာရေးဌာန ဝန်ထမ်းဆေးထိုးအဖွဲ့များဖြင့် ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ကျော်စိုး (ကော့သောင်း)

# မြန်မာနိုင်ငံ၏ ပထမဆုံး တောဆင်ရိုင်းများ ထိန်းသိမ်းရေးနယ်မြေ သို့မဟုတ် ရခိုင်ရိုးမ ဆင်ဘေးမဲ့တော



ရခိုင်ရိုးမဆင်ဘေးမဲ့တောတွင် တွေ့ရသည့် တောဆင်ရိုင်းများ။

သိန်းညွန့်(PZL)

**တောဆင်ရိုင်းများ အပါအဝင် ဇီဝမျိုးစုံမျိုးကွဲများနှင့် ၎င်းတို့၏ နေရင်းဒေသများကို ကာကွယ်စောင့်ရှောက်ရန် အဓိကရည်ရွယ်ကာ ရခိုင်ပြည်နယ် သံတွဲမြို့နယ်နှင့် ဂွမြို့နယ်တို့အတွင်း "ရခိုင်ရိုးမ ဆင် ဘေးမဲ့တော" ကို သစ်တောရေးရာဝန်ကြီးဌာနက လွန်ခဲ့သော ၂၀၀၂ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်က အတည်ပြုပြဋ္ဌာန်းခဲ့ပေသည်။**

ယင်းကဲ့သို့ဆောင်ရွက်ရာတွင် ရခိုင်ပြည်နယ် ဒေသခံပြည်သူများအား ထိန်းသိမ်းရေးသိမြင်နိုးကြားမှုမြှင့်တင်ရန်အတွက် လည်းကောင်း၊ ဘေးမဲ့တောဧရိယာအတွင်း လူနှင့်ဆင် သတ္တဝါများအကြား ပဋိပက္ခဖြစ်ပွားမှု လျော့ပါးစေရန် လည်းကောင်း စီမံချက်များ ချမှတ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့ပြင် သဘာဝအခြေခံခရီးသွားလုပ်ငန်းကို ဖော်ဆောင်ကာ ဒေသခံတိုင်းရင်းသားများ၏ လူမှုစီးပွားဘဝကိုပါ အထောက်အကူပြုစေရန်ဟူသည့် ရည်ရွယ်ချက်တစ်ရပ်ပါ ထားရှိခဲ့သည်။ ရခိုင်ရိုးမဆင်ဘေးမဲ့တောဝန်းကျင်ကို လေ့လာလိုက်ပါက ကျောက်တောင်များထူထပ်ပြီး မတ်စောက်၍ ချောင်းများသည်လည်း ရေစီးသန်လှသည်ကို မြင်တွေ့ရမည်ဖြစ်ပြီး ၄၃၃၈၄၃ ဒသမ ၂၈ဧက (၆၇၇ ဒသမ ၈၈ စတုရန်းမိုင်)ကျယ်ပြောသော ဘေးမဲ့တောတစ်ခုပင် ဖြစ်သည်။

အဆိုပါဧရိယာများအနက် သံတွဲမြို့နယ်အတွင်း ၂၉၃ ဒသမ ၂၇ စတုရန်းမိုင် ပါဝင်ပြီး ဂွမြို့နယ်အတွင်း၌ကား ၃၈၄ ဒသမ ၆ စတုရန်းမိုင် ပါဝင်ကြောင်း သိမှတ်ရသည်။ ဘေးမဲ့တော၏မြောက်ဘက်နယ်နိမိတ်အဆုံးကို ရှုကြည့်လိုက်ပါက ပေ ၄၀၀၀ ကျော်မြင့်မားသော "စပါးပုံတောင်"ထိပ်ကို မြင်တွေ့နိုင်ပေသည်။

အရှေ့ဘက်နယ်နိမိတ်သည် ၄၀၁၅ ပေရှိ တောင်နီကြီးတောင် အပါအဝင် တောင်နှင့်မြောက်မြန်အောင် ကြိုးဝိုင်းတို့နှင့် ထိစပ်နေသည်။ အရှေ့ဘက်တစ်ခွင်သည်ကား ဂွနှင့် သံတွဲမြို့နယ်တို့အကြား တည်ရှိနေပြီး သူငွေးချောင်း၊ ကျိန္တလီချောင်း၊ သံတွဲချောင်းနှင့် စလူချောင်းများသည် ရေဝေရေလဲဒေသများ ဖြစ်ကြသည်။

ဤဒေသဝန်းကျင်သည် မိုးရွာသွန်းမှုကဲသော အခင်းအကျင်းဖြစ်၍ ရွက်အုပ်ပိတ်၊ ရွက်အုပ်ပွင့်၊

> ၂၀၁၈ ခုနှစ်အထိ စာရင်းကောက်ယူ မှတ်တမ်းတင်ထားချက်အရ အဆိုပါဘေးမဲ့တော၌ တောဆင် အပါအဝင် ပြောင်၊ ဟိမဝန္တာဝက်ဝံ၊ မလေးဝက်ဝံ၊ ကျားသစ်၊ အင်းကျား၊ ကြောင်မင်း (သို့မဟုတ်)ကျားနီ၊ တောဆိတ်၊ ခွေးအ၊ မျောက်လွှဲကျော်၊ မြွေပါ၊ ရှဉ့်၊ ဖြူကောင်ကြီး စသည့် နို့တိုက်သတ္တဝါ မျိုးစိတ် ၄၀ တို့ ကျက်စားလျက်ရှိ

တောနိမ့်နှင့် စိုက်ပျိုးမြေဟူ၍ တွေ့ရပြီး တောအမျိုးအစားသုံးမျိုး စုဖွဲ့ထားပေရာ အမြဲစိမ်းတော၊ ခရင်ဝါးနှင့် မြက်ခင်းတောများ ပေါက်ရောက်သည်။ ၂၀၁၈ ခုနှစ်အထိ စာရင်းကောက်ယူ မှတ်တမ်းတင်ထားချက်အရ အဆိုပါဘေးမဲ့တော၌ တောဆင်အပါအဝင် ပြောင်၊ ဟိမဝန္တာဝက်ဝံ၊ မလေးဝက်ဝံ၊ ကျားသစ်၊ အင်းကျား၊ ကြောင်မင်း (သို့မဟုတ်)ကျားနီ၊ တောဆိတ်၊ ခွေးအ၊ မျောက်လွှဲကျော်၊ မြွေပါ၊ ရှဉ့်၊ ဖြူကောင်ကြီး စသည့် နို့တိုက်သတ္တဝါ မျိုးစိတ် ၄၀ တို့ ကျက်စားလျက်ရှိကြောင်း သိရသည်။

၂၀၁၈ ခုနှစ်မှတ်တမ်းများအရ အောင်လောင်၊ အောက်ချင်း၊ ကြက်တူရွေး၊ ရစ်၊ စွန်၊ ငှက်တော်၊ ပုစဉ်းထိုးစသည့် ကျေးငှက်မျိုး ၆၈ မျိုးကိုလည်း တွေ့ရှိရသည်ဆို၏။

၂၀၁၃ ခုနှစ်အတွင်းက ဗြိတိန်နိုင်ငံ အခြေစိုက် (Indo Myanmar Conservation –IMC)နှင့် ရခိုင်ရိုးမတောင်ပိုင်းဆင်ရိုင်းများ အပါအဝင် ဇီဝ မျိုးစုံထိန်းသိမ်းစောင့်ရှောက်ခြင်းကို ပူးပေါင်းဆောင်ရွက်ခဲ့သကဲ့သို့ အမေရိကန်အခြေစိုက် သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCS)နှင့်လည်း ဥပဒေစိုးမိုးရေးနှင့် တောဆင်ရိုင်းများဆိုင်ရာ ကင်းလှည့်ထိန်းသိမ်းခြင်းလုပ်ငန်းကို ၂၀၁၂ ခုနှစ်မှစတင်၍ ဆောင်ရွက်နေကြောင်း သိမှတ်ရပေသည်။

ထို့ပြင် ရခိုင်ရိုးမဆင်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးဝင်းခြံအတွင်း၌ ခြံတည်ဆောက်ကာ ရခိုင်တောင်လိပ်နှင့် လိပ်မောင်းများ ထိန်းသိမ်းစောင့်ရှောက်ခြင်းသာမက ဘေးမဲ့တောနှင့် ဆက်စပ်ဧရိယာများ၌ ရခိုင်တောင်လိပ်များ၏ သဘာဝအတိုင်း ပျံ့နှံ့နေထိုင်မှုများအား Radio Telemetry များ တပ်ဆင်၍ လေ့လာခြင်းလုပ်ငန်းများကို လိပ်မျိုးဆက်ရှင်သန်ရေးအဖွဲ့(TSA)မှ ဝန်ထမ်းများနှင့် ပူးပေါင်းပြီး ၂၀၁၃ ခုနှစ်မှစတင်၍ ယနေ့အထိ စနစ်တကျ ကာကွယ်ထိန်းသိမ်းထားကြောင်း သိရသည်။ ထို့အတူ ရခိုင်ရိုးမဆင်ဘေးမဲ့တောဝန်းကျင်ရှိ မလေးဝက်ဝံမျိုးစိတ် ထိန်းသိမ်းရေးလုပ်ငန်းကိုလည်း လွန်ခဲ့သော ၂၀၁၆ ခုနှစ်ကတည်းက ယနေ့တိုင်အောင် လုပ်ဆောင်လျက်ရှိသည်။

ရန်ကုန်မြို့မှ ဘေးမဲ့တောအစပ်ထိ သွားရောက်မည်ဆိုပါလျှင် ရန်ကုန်မှ ဂွမြို့သို့ ၁၄၆ မိုင် မော်တော်ယာဉ်ခရီး၊ ဂွမြို့မှ ရတနာမြိုင်အထိ မော်တော်ယာဉ်ဖြင့် ၃၄ မိုင်ခရီး သွားရောက်ရပြီး ဘေးမဲ့တောအစပ် ကြိမ်ခါးခုံသို့မူ ရတနာမြိုင်မှ စက်လှေဖြင့် ၁၆ မိုင်ခရီးဆက်ကြရမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရပါမူ ရခိုင်ရိုးမဆင်ဘေးမဲ့တောသည်ကား သစ်တောဦးစီးဌာနပိုင် ဆင်များဖြင့် ဂေဟာစနစ်များ လေ့လာစေ့ငုခံစားနိုင်ကြပြီး ကျိန္တလီချောင်းတစ်လျှောက် အပျော်စီးလှေစီးကာ သဘာဝတောတောင် အလှအပ အဖုံဖုံကို ကြည့်ရှုအပန်းဖြေနိုင်ကြမည့် ဒေသတစ်ခုအဖြစ် ခရီးသွားများအား ဆွဲဆောင်လျက်ရှိပါကြောင်း။ ။

## ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ကြပါစို့

ဇီဝမျိုးစုံမျိုးကွဲဆိုသည်မှာ သက်ရှိဇီဝတို့၏ ပုံသဏ္ဌာန်အမျိုးအမည်၊ အဆင့်အတန်းနှင့် ပေါင်းစပ်ဖွဲ့စည်းမှု စသည်တို့ ကွဲပြားခြားနားမှုကို ဆိုလိုပါသည်။

မြန်မာနိုင်ငံသည် ဇီဝမျိုးစုံမျိုးကွဲများဖြစ်သော အပင်နှင့် တိရစ္ဆာန်များကို ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရန်အတွက် ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ ကွန်ဗင်းရှင်း၊ မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ ကွန်ဗင်းရှင်း စသည့် ကွန်ဗင်းရှင်းများသို့ လက်မှတ်ရေးထိုးခဲ့သည်။

ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ ကွန်ဗင်းရှင်း(CBD)၏ ရည်ရွယ်ချက်များမှာ ဇီဝမျိုးစုံမျိုးကွဲများအား ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန်၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ၎င်းတို့၏ ဆက်စပ်ပစ္စည်းများကို ရေရှည်စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေး ၊ ဇီဝအရင်းအမြစ်များကို အသုံးချခြင်းမှ ရရှိလာသော အကျိုးအမြတ်များအား အညီအမျှခွဲဝေရန်တို့ဖြစ်သည်။

မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ ကွန်ဗင်းရှင်း (CITES) ၏ အဓိက ရည်ရွယ်ချက်မှာ ရှားပါး၍ မျိုးဆက်ပျက်သုဉ်းတော့မည့် တောရိုင်းတိရစ္ဆာန်၊ သစ်ပင်ပန်းမန်နှင့် ၎င်းတို့၏ အစိတ်အပိုင်းများအား တရားမဝင် အလွန်အကျွံရောင်းဝယ်နေမှုကို နိုင်ငံတကာပြဿနာတစ်ရပ်အနေဖြင့် သတ်မှတ်၍ အဖွဲ့ဝင်နိုင်ငံများမှ ပူးပေါင်းထိန်းသိမ်းကာကွယ်ရန် ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ် စက်တင်ဘာ ၁၁ ရက်တွင် CITES အဖွဲ့ဝင်နိုင်ငံ ဖြစ်ခဲ့သည်။

မြန်မာနိုင်ငံ၏ ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝမှု အခြေအနေမှာ ပင်လယ်သမုဒ္ဒရာများရှိ သန္တာကျောက်တန်းများ၊ ဒီရေတောတွင် ကျက်စားနေသော မိကျောင်းများ၊ မုတ္တမပင်လယ်ကွေ့ရှိ ရေညှော်င့်နှုတ်ဝိုင်းငှက် စသည်တို့ ဖြစ်ကြသည်။

ဇီဝမျိုးစုံမျိုးကွဲများနှင့် ၎င်းတို့၏ နေရင်းဒေသများအပေါ် ကျရောက်နေသည့် အန္တရာယ်များမှာ သဘာဝတောကြီးများကို အခြားမြေ အသုံးချမှုအတွက် ခုတ်လှဲခြင်း၊ ရှားပါးအပင်နှင့် တိရစ္ဆာန်များကို စီးပွားဖြစ် ထုတ်ယူဖမ်းဆီးရောင်းဝယ်မှုပြုခြင်း၊ ထိန်းချုပ်မှု အားနည်းခြင်း၊ ပင်လယ်သမုဒ္ဒရာ၊ မြစ်၊ ချောင်း၊အင်းအိုင်များအတွင်း ဓာတုပစ္စည်းများ အသုံးပြုခြင်း၊ အဆင့်မြင့်ငါးဖမ်းကိရိယာများကို စနစ်တကျသုံးစွဲမှုမရှိခြင်း၊ အခြားဒေသမှ အပင်နှင့် တိရစ္ဆာန်မျိုးစိတ်များကို လေ့လာစိစစ်စမ်းသပ်မှုမပြုဘဲ တင်သွင်းစိုက်ပျိုးမွေးမြူခြင်းနှင့် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းတို့ကြောင့် ဖြစ်သည်။

အထက်ပါအကြောင်းရင်းများကြောင့် တိရစ္ဆာန်နှင့် အပင်များ ခြိမ်းခြောက်ခံနေရသဖြင့် "တို့ကမ္ဘာမြေဂေဟာစနစ် ထိန်းသိမ်းဖို့ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ တရားမဝင် ကုန်သွယ်မှုကို ဆန့်ကျင်တိုက်ဖျက်စို့" ဟူသော ဆောင်ပုဒ်ကို သတ်မှတ်ထားခြင်း ဖြစ်ပါသည်။

ပင်လယ်ပြာ(ငါးဦးစီး)

# ဝတ်မှုန်ကူးသတ္တဝါများ၏ အနာဂတ်

## သီဟစည်သူ

**ဝတ်မှုန်** ကူးခြင်းသည် လူသားများနှင့် သဘာဝကုန်းနေ ဂေဟစနစ်နှစ်ခုလုံးတွင် အဓိကကျသော လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး စားနပ်ရိက္ခာထုတ်လုပ်မှုနှင့် လူ့အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအတွက် များစွာအရေးပါလျက်ရှိကာ သဘာဝဂေဟစနစ်များကို စိုက်ပျိုးရေးထုတ်လုပ်မှုစနစ်များနှင့် တိုက်ရိုက်ချိတ်ဆက်ပေးနေသည်။

ပျားများနှင့် ဝတ်မှုန်ကူး အင်းဆက်များသည် အစားအသောက်သီးနှံများအပါအဝင် အပင်များစွာကို မျိုးပွားရန် ဝတ်မှုန်ကူး ဝန်ဆောင်မှုများကို လုပ်ဆောင်ပေးနေသည်။ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကဲ့သို့သော အစားအစာများသည် ဝတ်မှုန်ကူးသော ပိုးမွှားအင်းဆက်များကို တိုက်ရိုက်မှီခိုနေရသည်။ ကမ္ဘာတစ်ဝန်းရှိ ပင်မသီးနှံများ၏ ၇၅ ဒသမ ၇ ရာခိုင်နှုန်းခန့်သည် ဝတ်မှုန်ကူးသူများအပေါ် မူတည်ပြီး အင်းဆက်များ၏ စီးပွားရေးတန်ဖိုးသည် တစ်ကမ္ဘာလုံးတွင် စုစုပေါင်း သီးနှံထွက်ရှိမှုတန်ဖိုး၏ ၉ ဒသမ ၅ ရာခိုင်နှုန်းရှိကြောင်း တရုတ်နိုင်ငံ စိုက်ပျိုးရေးသိပ္ပံအကယ်ဒမီ၏ အချက်အလက်များအရ သိရသည်။ ထို့ကြောင့် ဝတ်မှုန်ကူးသူမရှိသော ကမ္ဘာသည် အစာမရှိသောကမ္ဘာနှင့် အတူတူပင်ဖြစ်သည်။ ၎င်းတို့သည် ဒေသတွင်း ဂေဟစနစ်များ၏ ကျန်းမာရေးကို အချက်ပြသည့်အပြင် ပေါ်ပေါက်လာမည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အန္တရာယ်များအတွက် ကင်းစောင့်သူများအဖြစ်လည်း ဆောင်ရွက်ကြသည်။

### ဂေဟစနစ်၏ ထောက်တိုင်

ဝတ်မှုန်ကူးခြင်းသည် ကျွန်ုပ်တို့၏ ဂေဟစနစ်၏ ထောက်တိုင်တစ်ခုဖြစ်သည်။ ဝတ်မှုန်ကူးသူများသည် လူသားများ၏ အာဟာရအတွက် အရေးပါသော သစ်သီးဝလံများနှင့် အစေ့များ၏ အရည်အသွေးကြွယ်ဝမှုကို ပိုမိုအောင်မြင်စေသည်။ သာမက ဆေးဝါးများ၊ ဇီဝလောင်စာများ၊ ချည်နှင့် ပိတ်ချောကဲ့သို့ အမျှင်များနှင့် ဆောက်လုပ်ရေးပစ္စည်းများကို တိုက်ရိုက်ပံ့ပိုးပေးလျက်ရှိသည်။ ဝတ်မှုန်ကူးသူများသာ မရှိပါက ဂေဟစနစ်အတွင်း ချိတ်ဆက်လုပ်ဆောင်နေသော မျိုးစိတ်များနှင့် လုပ်ငန်းစဉ်များစွာ ပြိုလဲသွားမည်ဖြစ်သည်။

ပျားကောင်များသည် ဝတ်မှုန်ကူးသူများ၏ သံတမန်များပင်ဖြစ်သည်။ ကမ္ဘာပေါ်တွင် ပျားမျိုးစိတ် ၂၅၀၀၀ မှ ၃၀၀၀၀ ခန့်ရှိပြီး အများစုသည် ထိရောက်သော ဝတ်မှုန်ကူးပေးသူများ ဖြစ်ကြသည်။ ထို့အတူ ပိုးဖလံများ၊ အင်းဆက်ပိုးမွှားများနှင့် လိပ်ပြာများသည်လည်း ဝတ်မှုန်ကူးသည့် ဇီဝမျိုးစိတ်ဖြစ်ပြီး လင်းနို့များ၊ နို့တိုက်သတ္တဝါများဖြစ်သည့် မျောက်၊ ကြွက်၊ ရှဉ့်၊ ငှက်များနှင့် ကျောရိုးရှိ ဝတ်မှုန်ကူးသတ္တဝါများလည်း ပါဝင်သည်။

ဝတ်မှုန်ကူးသူများမရှိပါက စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေး ရည်မှန်းချက်များလည်း မရှိနိုင်ပါ။ ဝတ်မှုန်ကူးသူများ၏ ကွဲပြားမှုသည် သီးနှံအထွက်နှုန်းအပေါ် တိုက်ရိုက်သက်ရောက်မှုရှိသည်။



> ✤ ကမ္ဘာပေါ်တွင် ပျားမျိုးစိတ် ၂၅၀၀၀ မှ ၃၀၀၀၀ ခန့်ရှိပြီး အများစုသည် ထိရောက်သော ဝတ်မှုန်ကူးပေးသူများ ဖြစ်ကြသည်
>
> ✤ ပျားနှင့် အခြားသော ဝတ်မှုန်ကူး အင်းဆက်ပိုးမွှားများသည် ကမ္ဘာတစ်ဝန်းရှိ လယ်သမား နှစ်ဘီလီယံ၏ အစားအစာ ထုတ်လုပ်မှု၏ ၃၅ ရာခိုင်နှုန်းကို တိုးတက်စေသည့်အပြင် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံမှုကို အထောက်အပံ့ ဖြစ်စေလျက်ရှိ

ပျားနှင့် အခြားသော ဝတ်မှုန်ကူး အင်းဆက်ပိုးမွှားများသည် ကမ္ဘာတစ်ဝန်းရှိ လယ်သမား နှစ်ဘီလီယံ၏ အစားအစာထုတ်လုပ်မှု၏ ၃၅ ရာခိုင်နှုန်းကို တိုးတက်စေသည့်အပြင် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံမှုကို အထောက်အပံ့ ဖြစ်စေလျက်ရှိသည်။ ဥပမာအားဖြင့် တောတောင်များအတွင်းရှိ ပျားဖွပ်ခြင်းဖြင့် ပျားရည်စုဆောင်းခြင်းသည် နိုင်ငံများစွာရှိ သစ်တောများအား မှီခိုနေသူများ၏ အသက်မွေးဝမ်းကျောင်းမှုအတွက် အရေးကြီးသော အစိတ်အပိုင်းတစ်ခုအဖြစ် ကျန်ရှိနေဆဲပင်ဖြစ်သည်။

### ခေတ်မီပျားမွေးမြူရေး

ပျားရည် ထုတ်လုပ်ရေးအတွက် သဘာဝမှ ထုတ်လုပ်သည့်အပြင် မွေးမြူခြင်းဖြင့်လည်း ထုတ်လုပ်လျက်ရှိသည်။ ကမ္ဘာပေါ်တွင် ခေတ်မီပျားမွေးမြူရေးစနစ်ကို ၁၈၅၁ ခုနှစ်တွင် အမေရိကန်နိုင်ငံ၌ စတင်လုပ်ကိုင်လာခဲ့ရာ ယခုအခါ ခေတ်မီ ပျားမွေးမြူရေးမှာ များစွာအောင်မြင်ဖြစ်ထွန်း တိုးတက်လျက်ရှိကြောင်း သိရသည်။ မြန်မာနိုင်ငံ၌ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တို့တွင် ယခုထက်တိုင် ရှေးရိုးစဉ်လာအတိုင်း ပျားမွေးမြူလျက်ရှိနေပြီး ခေတ်မီပျားမွေးမြူရေးကို မြန်မာနိုင်ငံတွင် ၁၉၇၉ ခုနှစ်၌ လယ်ယာနှင့်သစ်တောဝန်ကြီးဌာနက ကုလသမဂ္ဂ၊ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့တို့၏ ပူးပေါင်းကူညီမှုဖြင့် ဥရောပပျားမျိုး ပျားအုံ ၃၅၀ ကို သြစတြေးလျနိုင်ငံမှ မှာယူပြီး ပျားမွေးမြူရေးကျွမ်းကျင်သူ ပိုလန်နိုင်ငံသားနှင့် ခေတ်မီ ပျားမွေးမြူရေးလုပ်ငန်းကို စတင်ခဲ့ကြောင်း သိရသည်။

ယခုလက်ရှိ ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ်တွင် ပုဂ္ဂလိက ပျားမွေးမြူသူ ဦးရေ ၈၂၀ နှင့် ပုဂ္ဂလိက ပျားအုံ ၂၀၁၁၄၃ အုံအထိ တိုးတက်မွေးမြူလျက်ရှိသည်။ လက်ရှိအချိန်အထိ ပျားအုံပေါင်း ၂၀၁၁၄၃ အုံမှ ပျားရည် ၆၅၀၀ မက်ထရစ်တန်ထုတ်လုပ်၍ တစ်နှစ်ပျမ်းမျှ ၂၅၀၀ မက်ထရစ်တန်ကို နိုင်ငံခြားသို့ တင်ပို့လျက်ရှိပြီး နိုင်ငံခြားဝင်ငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၇ သန်း ရရှိလျက်ရှိကြောင်း သိရသည်။ ထို့အတူ မြန်မာနိုင်ငံ ပျားမွေးမြူရေးကဏ္ဍမှ နှစ်စဉ်စိုက်ပျိုးဧက သိန်း ၂၀ ခန့်ကို ဝတ်မှုန်ကူး ဝန်ဆောင်မှုပေးလျက်ရှိပြီး ယခုဘဏ္ဍာနှစ်တွင်လည်း မြန်မာနိုင်ငံ နေကြာစိုက်ဧက၏ ၁၁ ရာခိုင်နှုန်းကို ပျားများက ဝတ်မှုန်ကူးပေးနိုင်မည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။ မြန်မာနိုင်ငံရှိ ဒေသပျားမျိုးစိတ်များ ထိန်းသိမ်း စောင့်ရှောက်နိုင်ခြင်းသည် တစ်ဖက်တစ်လမ်းမှ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကိုပါ စောင့်ရှောက်ခြင်းဖြစ်သကဲ့သို့ ပတ်ဝန်းကျင်အတွက် အရေးပါလှသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။

### လူသားတို့အတွက် အကျိုးရှိစေ

ပျားမွေးမြူရေးသည် လူသားတို့အတွက် အကျိုးရှိစေသည့် အထောက်အကူပြုလုပ်ငန်းဖြစ်ကြောင်း ပိုမိုလေ့လာသိရှိလာကြသဖြင့် ယခုအခါ မွေးမြူရေးကို စိတ်ပါဝင်စားသူ များပြားလာနေသည်။ ပျားမွေးမြူရေးကြောင့် လူသားတို့၏ စိုက်ပျိုးသီးနှံများ အရည်အသွေးရော၊ အရေအတွက် ပိုမိုကောင်းမွန်လာသကဲ့သို့ ပျားရည်၊ ပျားဖယောင်း၊ ပျားဝတ်မှုန်၊ ပျားအဆိပ်၊ ပျားကော် အစရှိသည့် ပျားထွက်ပစ္စည်းများက လူသားတို့အတွက် ဆေးဝါး၊ စားသောက်ကုန်နှင့် အသုံးအဆောင်ပစ္စည်းများအဖြစ် တွင်ကျယ်စွာ အသုံးပြုလာနိုင်ခြင်းကြောင့်ပင် ဖြစ်သည်။

သို့သော်လည်း မွေးမြူရေးပျားမဟုတ်သည့် သဘာဝတောရိုင်းပျားများသည် လယ်ယာစိုက်ပျိုးရေး၊ ဆောက်လုပ်ရေးနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်မှုတို့မှတစ်ဆင့် နေထိုင်ရာနေရာများ ဆုံးရှုံးခြင်း၊ ပိုးသတ်ဆေးများနှင့် အခြားအန္တရာယ်ရှိသော ဓာတုပစ္စည်းများ အလွန်အကျွံသုံးစွဲခြင်း၊ အစာကွင်းဆက်အတွက် မွေးမြူရေးပျားများ ယှဉ်ပြိုင်နေရမှုနှင့် တောမီးလောင်မှုများကြောင့် အကောင်ရေများစွာ ကျဆင်းလာလျက်ရှိသည်။ အဆိုပါအကြောင်းအရင်းများကြောင့် ၂၀၀၆ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့အကြား တောရိုင်းပျားမျိုးစိတ်အားလုံး၏ ၂၅ ရာခိုင်နှုန်းခန့် လျော့နည်းသွားခဲ့ပြီဖြစ်ကြောင်း စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ၏ လေ့လာမှုများအရ သိရသည်။

### မျိုးစိတ်များ ကျဆင်းလာ

ဤမျိုးစိတ်များ ကျဆင်းလာခြင်းသည် ဂေဟစနစ်နှင့် အစားအစာသီးနှံများ၏ အရည်အသွေးနှင့် ပမာဏအပေါ်တွင် များစွာသော အကျိုးသက်ရောက်မှုများရှိပြီး သဘာဝအရင်းအမြစ်များ လျော့နည်းလာမှု၏ တိုက်ရိုက်အကျိုးဆက်အနေဖြင့် ဆင်းရဲတွင်းနက်သည့် လူ့ဘောင်အဖွဲ့အစည်းများလည်း ဖြစ်ပေါ်လာနေသည်။ သဘာဝအရင်းအမြစ်များ ဆုံးရှုံးလာခြင်းသည် သန်းပေါင်းများစွာသော လူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုပင် ထိခိုက်လာမည်ဖြစ်ရာ ကမ္ဘာ့ငတ်မွတ်ခေါင်းပါးမှုကို အဆုံးသတ်ရန် ရည်မှန်းချက်များနှင့် ကုန်းမြေဂေဟစနစ်ကို ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ပြန်လည်ထူထောင်ရေး ရည်မှန်းချက်များကဲ့သို့သော ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးပန်းတိုင်များကိုပင် ထိခိုက်လာတော့သည်။

သုတေသနပြု လေ့လာချက်များအရ အော်ဂဲနစ်စိုက်ပျိုးရေး နည်းစနစ်များသည် ပျားမျိုးစိတ်များနှင့် ဝတ်မှုန်ကူး အင်းဆက်မျိုးကွဲများအား ကာကွယ်စောင့်ရှောက်ရာတွင် များစွာအထောက်အကူပြုသည်ကို သိရှိရသည်။ ထို့ကြောင့် ကမ္ဘာ့အပူချိန် မြင့်တက်လာခြင်း၊ မိုးရေချိန်မြင့်တက်လာခြင်း စသည့်ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်များကြောင့် ပျားနှင့် အခြားဝတ်မှုန်ကူး အင်းဆက်ပိုးများ၏ အစာရရှိမှုနှင့် ၎င်းတို့နေထိုင်ကျက်စားရာနေရာများ ပျောက်ကွယ်လာနိုင်သည့်အတွက် ဇီဝဂေဟစနစ်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်သည့် အော်ဂဲနစ်စိုက်ပျိုးရေးကို တိုးမြှင့်လုပ်ဆောင်ကြရန် တိုက်တွန်းလိုက်ရပေသည်။ ။



ကိုးကား –

https:// www. un. org/ en/observances/ bee – day/background

မြန်မာနိုင်ငံ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှထုတ်ဝေသည့် ပျားမွေးမြူရေး စာအုပ်။

❖ *ကျောဖုံးမှ*

ကြေညာချက်အပြည့်အစုံမှာ -

**ပြည်တွင်း၊ ပြည်ပရှိ အချို့သော ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ်နှင့် CDM ဝန်ထမ်းများအား ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေး အသိပေးထုတ်ပြန်ခြင်း**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့အပြင် အခြားကဏ္ဍပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ပြည်ထောင်စုအတွင်းရှိ ဒေသအသီးသီးတွင် တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်စားသောက်နိုင်ရေးအတွက်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးလုပ်ငန်းများကို ထမ်းဆောင်လျက်ရှိသည်။ မိမိတို့အနေဖြင့် တိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုပေါင်းအားကို တည်ဆောက်သွားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးရရှိစေရန် အလေးထားဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုအပ်ဘဲ ဆုံးရှုံးမှု မရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ခြင်း၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်နေသူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို ပြန်လည်ဖိတ်ခေါ်ခြင်းတို့အား အသိပေးထုတ်ပြန်ခဲ့ရာ ပြန်လည်ဝင်ရောက်လာသူများကိုလည်း စနစ်တကျ လက်ခံပေးလျက်ရှိသည်။

နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းစေလိုသည့် CRPH နှင့် NUG အကြမ်းဖက်အုပ်စုများက ဆွဲဆောင်စည်းရုံးမှု၊ သွေးထိုးလှုံ့ဆော်မှု၊ ခြိမ်းခြောက်အကျပ်ကိုင်မှုများကြောင့် အချို့သော CDM ဝန်ထမ်းများ၊ ကျောင်းသား/ ကျောင်းသူများ၊ လူငယ်လူရွယ်များတို့သည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများတည်ရှိရာ နယ်မြေဒေသများသို့ ရောက်ရှိသွားခဲ့ပြီး လက်နက်ပစ်ခတ်ခြင်းနှင့် ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများသို့ စာရင်းသွင်း ပါဝင်တက်ရောက်ခဲ့ကြသည်ကို တွေ့ရှိရသည်။

ထိုသို့သင်တန်းတက်ရောက်ခဲ့သူများအနက်မှ အချို့သောသူများသည် အကြမ်းဖက်တိုက်ခိုက်သည့် လုပ်ရပ်များတွင် ပါဝင်လိုခြင်းမရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်ပြီး ပြည်တွင်း/ပြည်ပဒေသအချို့၌ သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်းကို ကြားသိရသည်။ ၎င်းတို့သည် NUG အမည်ခံ အကြမ်းဖက်အုပ်စုနှင့် ၎င်းတို့၏ လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့တို့၏ အကြမ်းဖက်လုပ်ရပ်များကို မျက်ဝါးထင်ထင် တွေ့မြင်လာပြီး လက်ခံနိုင်မှုမရှိခြင်း၊ နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ထာဝရငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်နေမှုများကို ယုံကြည်လက်ခံလာခြင်း၊ မိမိတို့၏ နေရပ်ဒေသအသီးသီးရှိ မိဘဆွေမျိုးများနှင့်အတူ တည်ငြိမ်အေးချမ်းစွာ ပြန်လည်နေထိုင်လိုခြင်းတို့ကြောင့် မိမိတို့နေရပ်ဒေသသို့ ပြန်လည်ဝင်ရောက်လိုသော်လည်း CRPH နှင့် NUG အကြမ်းဖက်အုပ်စုများနှင့် ၎င်းတို့၏လက်ဝေခံများက ထိန်းချုပ်အကျပ်ကိုင် ခြိမ်းခြောက်ထားမှုတို့ကြောင့် ပြန်လည်ဝင်ရောက်ခြင်း မပြုနိုင်ကြသည်ကိုလည်း ဆက်သွယ်သတင်းပေးပို့ချက်များအရ သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ထိုသို့သော မြန်မာနိုင်ငံရှိ နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကြိုဆိုလက်ခံနိုင်ရေးအတွက် နယ်စပ်ဒေသအသီးသီးတွင် ပြန်လည်ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အဆိုပါစခန်းများအပြင် နီးစပ်ရာတပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉-၇-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၇၇၀ | ၁၈၂၀ | ၁၈၁၅ | ၁၇၈၀ | ၁၈၁၅ | ၁၈၄၀ | ၁၈၂၅ | ၁၈၀၅ | ၁၈၉၅ | ၁၉၁၅ | ၁၈၁၀ | ၁၈၂၀ | ၁၈၅၅ | ၁၈၅၅ | ၁၈၅၅ | ၂၀၇၅ | ၂၅၆၀ |
| 95 Ron | ၁၈၃၀ | ၁၈၇၅ | ၁၈၇၅ | ၁၈၃၅ | ၁၈၇၅ | ၁၈၉၅ | ၁၈၈၀ | ၁၈၆၀ | ၁၉၅၅ | ၁၉၇၀ | ၁၈၆၅ | ၁၈၈၅ | ၁၉၁၀ | ၁၉၁၀ | ၁၉၁၅ | ၂၁၃၀ | ၂၆၁၅ |
| HSD (500 ppm) | ၂၁၅၅ | ၂၂၀၀ | ၂၁၉၅ | ၂၁၆၅ | ၂၂၀၀ | ၂၂၂၅ | ၂၂၂၀ | ၂၁၈၅ | ၂၃၀၀ | ၂၂၉၅ | ၂၁၉၅ | ၂၂၀၀ | ၂၂၃၅ | ၂၂၃၅ | ၂၂၄၀ | ၂၄၆၀ | ၂၈၄၅ |
| HSD (50 ppm) | ၂၂၁၀ | ၂၂၆၀ | ၂၂၅၅ | ၂၂၂၀ | ၂၂၅၅ | ၂၂၈၀ | ၂၂၇၅ | ၂၂၄၅ | ၂၃၆၀ | ၂၃၅၅ | ၂၂၅၀ | ၂၂၆၀ | ၂၂၉၅ | ၂၂၉၅ | ၂၂၉၅ | ၂၅၁၅ | ၂၈၇၅ |
| HSD (10 ppm) | ၂၂၁၀ | ၂၂၆၀ | ၂၂၅၅ | ၂၂၂၀ | ၂၂၅၅ | ၂၂၈၀ | ၂၂၇၅ | ၂၂၄၅ | ၂၃၆၀ | ၂၃၅၅ | ၂၂၅၀ | ၂၂၆၀ | ၂၂၉၅ | ၂၂၉၅ | ၂၂၉၅ | ၂၅၁၅ | ၂၈၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၆၈၀ | ၁၇၄၇ |
| 95 Ron | ၁၇၃၆ | ၁၈၀၄ |
| HSD (500 ppm) | ၂၀၅၃ | ၂၁၂၃ |
| HSD (50 ppm) | ၂၁၀၈ | ၂၁၇၉ |
| HSD (10 ppm) | ၂၁၀၈ | ၂၁၇၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ဘားအံမြို့နယ်၌ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ ရက်သတ္တပတ်လှုပ်ရှားမှု ကွင်းဆင်းဆောင်ရွက်

**ဘားအံ ဇူလိုင် ၁၈**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကော့ထော်ကျေးရွာအုပ်စု၌ ယနေ့နံနက်ပိုင်းက မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာစောဖောင်ဟိ၊ ဝန်ထမ်းများနှင့် တိရစ္ဆာန်ကျန်းမာရေးလုပ်သားများပူးပေါင်း၍ တိရစ္ဆာန် ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ ရက်သတ္တပတ်လှုပ်ရှားမှု အသိပညာပေးဟောပြောခြင်း၊ အသိပညာပေးပိုစတာများ စိုက်ထူခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ကာကွယ်ဆေးထိုးနှံခြင်းများကို ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါ ရက်သတ္တပတ် လှုပ်ရှားမှုဆောင်ရွက်ရာတွင် တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းနှင့်ပတ်သက်၍ မွေးမြူရေးခြံပိုင်ရှင်များအား တိရစ္ဆာန်ကူးစက်ရောဂါများဖြစ်သည့် ကျွဲ နွား ခွာနာလျှာနာရောဂါ၊ အရေပြားအကျိတ်နာ ရောဂါ၊ အာဖရိက ဝက်အပြင်းဖျားရောဂါစသည့် ကူးစက်ရောဂါများ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ လုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် အသိပညာပေးဟောပြောသည်။

ယင်းနောက် ကျွဲ နွား ခွာနာလျှာနာ၊ လည်ချောင်းကွဲရောဂါ၊ ပေါင်ပုပ်လက်ပုပ်ရောဂါ ကာကွယ်ဆေးများထိုးနှံပေးလုပ်ငန်းများကို ဌာနဝန်ထမ်းများနှင့် တိရစ္ဆာန်ကျန်းမာရေးလုပ်သားများက ဆောင်ရွက်ပေးကြောင်း သိရှိရသည်။

ခရိုင်(ပြန်/ဆက်)

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၉-၇-၂၀၂၂ အင်္ဂါနေ့

**MRTV HD**

**၀၆:၀၀** ပေဋ္ဌာနသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အနန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၇:၄၀** (၇၅)နှစ်မြောက်အာဇာနည်နေ့အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှု
**၁၀:၃၀** ဗိုလ်ချုပ်အောင်ဆန်းနှင့်ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများ၏ရုပ်ပုံ
**၁၀:၃၇** အာဇာနည်နေ့ဂါရဝအလေးပြုအစီအစဉ် (ဗိုလ်ချုပ်အောင်ဆန်းနှင့်ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား ဂါရဝပြုအစီအစဉ်)
**၁၂:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အမှန်တရားရဲ့လှို့ဝှက်ချက်'** (အပိုင်း-၁၀၇)
**၁၃:၃၀** MRTV National News
**၁၇:၃၀** ဖော်ရွေပျူငှာကြိုနေမှာနောင်ချိုမြို့မှ ကဝနေ့ရွာ (CBT)
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၄၅** အောက်မေ့အခါခါ အမှတ်တရများစွာ တည်ရှိရာဗိုလ်ချုပ်အောင်ဆန်းပြတိုက်မှာ
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'ဘတ်စကက်ဘောအက်ဒေး'** (အပိုင်း-၃၀)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** (၇၅)နှစ်မြောက်အာဇာနည်နေ့အခမ်းအနား
**၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'ပြည့်စုံခြင်းအိပ်မက်'** (အပိုင်း-၃၃)

**mitv**

**07:01** Evergreen Classic: Suvanna Sama (Hnin Yee Thant)
**07:11** Porcelain and Glass
**07:17** Secret Recipes by Gourmet Chefs (Thai)
**07:48** Toddy Palm Product Shop
**08:01** Healthy Diet: Fasting Diet
**08:09** Shrinking Footprints
**08:34** South Okkalapa Pagoda
**08:50** Lessons Learnt from History
**09:01** News
**09:27** Global Partnership for Brighter Future: Kuwait Pavilion at Expo 2020 Dubai
**09:33** Skilful Marionette Performance of New Generation Artistes
**09:48** Mote Khwe Late from Intaing Village

**MRTV NRC**

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ရောဝတီရဲ့အရှိုင်းဆန်တဲ့အလှ(သို့မဟုတ်) ဂေါ်ရန်ဂျီကျွန်း
**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ခံတွင်းမြိန်စေမယ့်ဒေါ်လေးရဲ့လက်ရာ
**ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)**
သင်မယ်၊ ရေးမယ်၊ တို့ချင်းစာ(အပိုင်း-၅၅)
**ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)**
ချင်းရိုးရာဆေးအိုး/ဆေးတံအကြောင်း
**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
ကျိုက္ကဗီရေလယ်ဘုရားနှင့်စက်စဲကမ်းခြေသို့ အလည်တစ်ခေါက်
**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည်(အပိုင်း-၁၀)
**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
ခမ်းနားထည်ဝါအင်းသားတို့ရဲ့ရေးလက်ရာ
**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
လားရှိုးသို့အလည်တစ်ခေါက်
**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
ဗိုင်ဝါးဘာသာစကားပြောကြရအောင်
**ကယား (၂၀:၀၀ မှ ၂၁:၀၀)**
ကယားတိုင်းရင်းသားတို့ရဲ့ကယားလိုင်ုံးအိုးရိုး(ခေါ်)တေး
**ဝကောကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ဘွဲကရင်တိုင်းရင်းသားတို့ထိန်းသိမ်းထားသော ရိုးရာတူရိယာများ

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၇:၄၀** (၇၅)နှစ်မြောက်အာဇာနည်နေ့ အခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မှု
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို **'လူချင်းအတူတူ'**
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၅)
**၁၁:၀၀** ဒီမိုကရေစီဆိုသည်မှာ (အပိုင်း-၃)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၅)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၄၅** ရလဒ်ကောင်းများရရှိရေး သီးနှံအတွဲများစိုက်ကာပေး
**၀၇:၁၅** စပါးမျိုးစပ်မွေးမြူရေးလုပ်ငန်း
**၀၇:၅၀** တောင်သူ့ဘဝသုတကဏ္ဍ
**၀၈:၂၅** လယ်လုပ်သူတို့ပျော်ရွှင်ချိန်
**၀၉:၁၅** စာသင်ခန်းမှသည်လယ်တောဆီ
**၀၉:၁၅** သစ်စိမ်းမြေဩဇာနှင့်ရွှေရောင်လွှင်ပြင်

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ်နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း(၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၁၈**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်ရှိ နတ်ပေး ကျောင်းတိုက်သို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်ရှိ လှသိန်းတန် စာသင်တိုက်နှင့် ပြည်မြို့နယ်ရှိအောင်မြင်ဗာဟုကျောင်းတိုက်တို့သို့ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်ရှိ ငြိမ်းကျောင်း ကျောင်းတိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ ဗောဓိရုံကျောင်းတိုက်သို့လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်ရှိ သီရိလင်္ကာရာ ကျိုက်ထီးရိုး ပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့/ ဦးစီးဌာနများမှ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ **(သတင်းစဉ်)**

# "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၁၈**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"PDF အမည်ခံ အကြမ်းဖက်သမားများက ပေါက်မြို့နယ် ဒေါင်းသာကျေးရွာ သာသနာ့ဝံသဘုန်းကြီးကျောင်းမှ ဆရာတော်၏ လည်ပင်းအား ဓားဖြင့် ရက်စက်စွာ ခုတ်၍ သတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်"** ခေါင်းစဉ်ဖြင့် ဇူလိုင် ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်မိုင်း၊ လက်နက်ငယ်များဖြင့် ဖောက်ခွဲပစ်ခတ်ခဲ့သည့်အတွက် မုံရွာ - မန္တလေးကားလမ်းအတိုင်း မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးတွင် ပါလာသော အပြစ်မဲ့ ပြည်သူနှစ်ဦး သေဆုံးပြီး နှစ်ဦး ဒဏ်ရာရသည့် ဖြစ်စဉ်"** နှင့် ပတ်သက်သည့်ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၈-၇-၂၀၂၂

**ရွှေ**

၁၈-၇-၂၀၂၂ ဈေးနှုန်း

| | | | | |
|---|---|---|---|---|
| ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၆၈၀၀၀ |
| ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၄၆၄၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၂၅ ကျပ် | ၂၁၇၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၁၈၅ ကျပ် | ၂၂၃၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၆၉၅ ကျပ် | ၁၇၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၇၄၀ ကျပ် | ၁၇၉၀ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၈၇၆ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၂၄ . ၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၀ . ၅၀၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၃၈ . ၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၁၅ . ၄၅ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၄ . ၆၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၁၃၇ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၄၀၀ | ၇၄၀၀ | ၁၃၁ | ၉၆၉၉၀၀ |
| MTSH | ၂၆၀၀ | ၂၆၅၀ | ၁၃၀၂ | ၃၃၈၂၈၀၀ |
| MCB | ၇၃၀၀ | ၇၃၀၀ | ၅၃ | ၃၈၆၉၀၀ |
| FPB | ၁၇၅၀၀ | ၁၇၅၀၀ | ၂၀ | ၃၅၀၀၀၀ |
| TMH | ၂၀၅၀ | ၂၅၀၀ | ၁၅၉ | ၃၂၇၇၅၀ |
| EFR | ၂၅၅၀ | ၂၅၅၀ | ၄ | ၁၀၂၀၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၁ | ၅၀၀၀ |

ညီညီ - စုစည်းသည်


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၁၈

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်၊ မကျီးစင်ကျေးရွာနေ နေလင်းသည် ၎င်းအသုံးပြုသည့် “Nay Linn” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် ရော(၁၈)လမ်းနေ ဒေါ်လာမင်းပိုင် သည် ၎င်းအသုံးပြုသည့် “Dollar Min Paing” Facebook အကောင့်၊ မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာနေ ကောင်းစိုးစံ (ခ)စည်သူသည် ၎င်းအသုံးပြုသည့် “Kaung Soe San” Facebook အကောင့်၊ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် (၈)ရပ်ကွက် ကျွန်စစ်မင်းအိမ်ရာနေ ပြည့်ဖြိုးဦးသည် ၎င်းအသုံးပြုသည့် “Pyae Phyo Oo” Facebook အကောင့်၊ ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ထုံးဝကျေးရွာနေ ဇော်ထက်သည် ၎င်းအသုံးပြုသည့် “Zaw Htet” Facebook အကောင့် တို့သည် အသိပေးသတင်း ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❑ *ကျောဖုံးမှ*

ဒေသခံပြည်သူများ၏ နေအိမ်အလုံး ၈၀ ခန့်မှာ မီးလောင်ပျက်စီးလျက်ရှိသည်ကို တွေ့ရှိရသဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ကျေးရွာအတွင်း လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်စဉ် ကျေးရွာဘုန်းကြီးကျောင်းအနီး၌ PDF အမည်ခံ အကြမ်းဖက်သမားများ၏ လက်လုပ်သေနတ် တစ်လက်၊ လက်လုပ်စိန်ပြောင်း တစ်လက်၊ လက်လုပ်ဗုံး သုံးလုံး၊ လက်လုပ်မိုင်း နှစ်လုံး၊ ဝါးညှပ်မိုင်း ၉၉ ချောင်း၊ လည်တိုဖိနပ် ခြောက်ရန်၊ လည်ရှည်ဖိနပ် တစ်ရန်၊ ယမ်းမှုန့် ၅၀ ကျပ်သား၊ ကန့်မှုန့် ၅၀ ကျပ်သား၊ ဓာတ်ခဲအကြီး (ဝိုင်ယာကြိုးတပ်လျက်) လေးလုံး၊ ဘောစိအလုံး ၅၀၀ နှင့် အခြားဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။

**အရေးယူနိုင်ရေး ဆောင်ရွက်**

PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် ဒေသခံပြည်သူများကို ခြိမ်းခြောက်အကျပ်ကိုင်၍ ဆက်ကြေးများကောက်ခံခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်းနှင့် ဒေသခံပြည်သူများ၏ နေအိမ်များ မီးရှို့ဖျက်ဆီးခြင်းများကို အသိတရားကင်းမဲ့စွာ ဆောင်ရွက်လျက် ရှိကြောင်းနှင့် အဆိုပါ ဒေသခံပြည်သူများ၏ နေအိမ်များ မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမား များကို အမြန်ဆုံးအရေးယူနိုင်ရေး လုံခြုံရေး တပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပေါက်မြို့နယ် ကျောက်အိုးကျေးရွာ အနောက်ဘက်တောင်ယာတဲ၌ ဆေးကုသည့်နေရာ။





ပေါက်မြို့နယ် ကျောက်အိုးကျေးရွာရှိ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

# ၂၀၂၂ ရာသီ MNL-2 (ပထမတန်း) ပြိုင်ပွဲတွင် မြန်မာ ယူ-၁၆ နှင့် ယူ-၁၉ လက်ရွေးစင်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် ဇူလိုင် ၁၈**

နိုင်ငံတကာပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ရန် လေ့ကျင့်ပြင်ဆင်လျက်ရှိသည့် မြန်မာလူငယ်လက်ရွေးစင် ယူ-၁၉ အသင်းနှင့် ယူ-၁၆ အသင်းသည် ကစားသမားများ အတွေ့အကြုံရစေရန် ၂၀၂၂ ရာသီ MNL-2 (ပထမတန်း) ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ယခုနှစ်အတွင်းကျင်းပမည့် နိုင်ငံတကာပြိုင်ပွဲများယှဉ်ပြိုင်ရန် မြန်မာ ယူ-၁၉ အသင်းက ဧပြီနှင့် ယူ-၁၆ အသင်းက မေလတို့တွင် စတင်လေ့ကျင့်ခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၆ အသင်းနှင့် ယူ-၁၉ အသင်းတို့မှာ ယခုနှစ်အတွင်း အာဆီယံအဆင့်ပြိုင်ပွဲနှင့် အာရှဖလားခြေစစ်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သော်လည်း ကာလရှည်ဖွဲ့စည်းမည်ဖြစ်သောကြောင့် ကစားသမားများ အတွေ့အကြုံရစေရန် MNL-2 (ပထမတန်း) ပြိုင်ပွဲ ယှဉ်ပြိုင်ရန် စီစဉ်ထားခြင်းဖြစ်သည်။ ယင်းနှစ်သင်းစလုံးကို ပဏာမကစားသမား ၂၅ ဦးမှ ၃၀ ကြားဖြင့် ဖွဲ့စည်းထားပြီး မြန်မာ ယူ-၁၉ အသင်းကို ဦးစိုးမြတ်မင်း၊ မြန်မာ ယူ-၁၆ အသင်းကို ဦးအောင်ဇော်မျိုးက နည်းပြချုပ်အဖြစ် ကိုင်တွယ်လျက်ရှိသည်။ မြန်မာလူငယ်လက်ရွေးစင်အသင်းများသည် ပြီးခဲ့သည့် ဆယ်စုနှစ်တစ်ခု ဝန်းကျင်ကာလကတည်းက ကစားသမားများ အတွေ့အကြုံရစေရန် ပြည်တွင်းလိဂ်များတွင် ဝင်ရောက်ယှဉ်ပြိုင်ဖူးပြီး ယခုရာသီတွင်လည်း ယှဉ်ပြိုင်ခြင်းဖြစ်သည်။

ယင်းနှစ်သင်းအနက် မြန်မာ ယူ-၁၉ အသင်းသည် ဇူလိုင် ၂ ရက်မှ ၁၅ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပသည့် အာဆီယံ ယူ-၁၉ ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ မြန်မာ ယူ-၁၉ အသင်းသည် ဩဂုတ်တွင် ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲ၊ စက်တင်ဘာတွင် အာရှဖလား ယူ-၂၀ ခြေစစ်ပွဲ၊ မြန်မာ ယူ-၁၆ အသင်းသည် ဩဂုတ်တွင် အာဆီယံ ယူ-၁၆ ပြိုင်ပွဲ၊ အောက်တိုဘာတွင် အာရှဖလား ယူ-၁၇ ခြေစစ်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**ကိုညီလေး**

# PDF အမည်ခံအကြမ်းဖက်သမားများက ပညာရေးကဏ္ဍမြင့်မားရေးကို နည်းမျိုးစုံအသုံးပြု၍ နှောင့်ယှက်ဖျက်ဆီး


**နေပြည်တော် ဇူလိုင် ၁၈**

NUG အမည်ခံအကြမ်းဖက်အဖွဲ့နှင့် ၎င်း၏လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် အနာဂတ်လူငယ်များ၏ ပညာသင်ကြား သင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြား၍ ပညာမဲ့ လူတန်းစားများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်ချက်များဖြင့် နည်းလမ်းမျိုးစုံ အသုံးပြု၍ ပညာရေးကဏ္ဍ မြင့်မားရေးကို နှောင့်ယှက် ဖျက်ဆီးလျက်ရှိရာ ဇူလိုင် ၁၇ ရက် နံနက် ၆ နာရီခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ် ထောက်ကြန့်ကျေးရွာတွင်နေထိုင်ပြီး အဆိုပါကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ တာဝန်ထမ်းဆောင်နေကြသည့် ကျောင်းဆရာမ ခုနစ်ဦးတို့၏ နေအိမ်များကို PDF အမည်ခံအကြမ်းဖက်သမားများက "ဆရာ၊ ဆရာမများ CDM ပြုလုပ်ရန်၊ ကျောင်းဆက်တက်ခြင်း ဆက်လက်မပြုလုပ်ရန်နှင့် ဆက်လက်လုပ်ဆောင်ပါက အပြတ်ချေမှုန်းသွားမည်ဖြစ်ကြောင်း နောက်ဆုံးအနေဖြင့် သတိပေးခြင်း" ဟု ရေးသားထားသည့် ခြိမ်းခြောက်စာနှင့်အတူ ကျည်ဆန် တစ်တောင့်ကို လာရောက်ပစ်ချ ခြိမ်းခြောက်ခဲ့ကြောင်း သိရှိရသည်။

ထို့ပြင် ဇူလိုင် ၁၇ ရက်တွင် ကချင်ပြည်နယ် ပူတာအိုမြို့ ကောင်ကထောင် ရပ်ကွက်ရှိ အခြေခံပညာ အထက်တန်းကျောင်း၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျောက်မြောင်းအရှေ့ရပ်ကွက်ရှိ အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း၌ လည်းကောင်း ကျောင်း တက်ရောက်မှုကို အနှောင့်အယှက် ဖြစ်စေရန် ခြိမ်းခြောက်ဆန့်ကျင်သည့် စာများ ရေးသားနှောင့်ယှက်ထားသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



56

၅-၇-၂၀၂၂ ထုတ်ပြန်ကြေညာချက်

ကလေးမြို့နယ်မှတာဆင့်ကျေးရွာအလိုက်

ပြည်သူ့ကာကွယ်ရေးအဖွဲ့မှသတိပေးထုတ်ပြန်ကြေညာလိုက်သည်။

၅-၇-၂၀၂၂မှစ၍CDMမလုပ်ဆောင်သောကျောင်း ဆရာ/မများ ကျောင်းတက်/ကျောင်းပြသွားလာလှုပ်ရှား စစ်ကောင်စီခေါက်တိုင်များ အဖြစ်သတ်မှတ်ပြီးအဖြစ်ပါမကျွန် တိုက် ခိုက်ချေမှုန်း သွားမည်ဖြစ်ပါ၍ ဆက်လက်လုပ်ဆောင်လို သည့်ဆရာ/မ အားလုံး ရပ်ရွာနေရာ ဒေသမှ အပြီးအပိုင်ရွှေ့ပြောင်းနိုင်ကြောင်းနှင့် လုပ်ဆောင်နေသူများကို စစ်ကောင်စီ ခေါက်တိုင် ဖြစ်သော ကြောင့်အပြတ် ရှင်းလင်းသွား မည်ဖြစ်ပါ၍ပြည်သူ့ကာကွယ်ရေး အနေဖြင့် ပြင်းထန်စွာသတိပေးလိုက်သည်။ သတိပေးသောအချိန်မှ မရပ်တန့်ဘဲသွား လာလှုပ်ရှား မှုရှိနေပါကငင်း တို့၏ အသက်အန္တရာယ်ကိုပါ မငဲ့ကွက်ဘဲလုပ်ဆောင်သူအားလုံးကို အပြတ် ချေမှုန်းသွား မည်ဖြစ်သည်။ ကလေးပြည်သူ့ကာကွယ်ရေး အဖွဲ့မှ နောက်ဆုံး အကြိမ်သတိ ပေးခြင်းဖြစ်သည်။

ပုံ

ပြည်သူ့ကာကွယ်ရေးအဖွဲ့



ကလေးမြို့ရှိ ကျောင်းဆရာမ ခုနစ်ဦးအား အကြမ်းဖက်သမားများ ပေးပို့ခဲ့သည့် ခြိမ်းခြောက်စာနှင့် ကျည်ဆန်တို့၏ မှတ်တမ်းဓာတ်ပုံ။





ပူတာအိုမြို့ ကောင်ကထောင်ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း အနောက်ဘက် ဝင်ပေါက်အနီး၌ အကြမ်းဖက်သမားများ ရေးသားထားသည့် ခြိမ်းခြောက်စာများ၏ မှတ်တမ်းဓာတ်ပုံ။

## တတိယအကြိမ်မြောက် လမင်းအလင်းစာပေ ဆုပေးပွဲနှင့် ဂေါ်တမ်ဗုဒ္ဓစာအုပ်မိတ်ဆက်ပွဲကျင်းပ

**မန္တလေး ဇူလိုင် ၁၈**

စာရေးဆရာလမင်းမောင်မောင်၏ တတိယအကြိမ် လမင်းအလင်း စာပေဆု ဆုပေးပွဲနှင့် ဆရာလမင်းမောင်မောင် ရေးသားပူဇော်သည့် ဂေါ်တမ်ဗုဒ္ဓ (ဗုဒ္ဓဝင်ဝတ္ထု) စဆုံး မိတ်ဆက်ပွဲကို ဇူလိုင် ၁၆ ရက်က မန္တလေးမြို့ မဟာအောင်မြေမြို့နယ် စကြာနွယ်စဉ်ရပ်ရှိ ဆရာမ ခင်ခင်ဝင်း (ပညာရေး) နေအိမ်တွင် ကျင်းပသည်။

ရှေးဦးစွာ တတိယအကြိမ် လမင်းအလင်းစာပေ ဆုရရှိစာရင်းကို ဖတ်ကြားသည်။ ထို့နောက် စာပေဆု ရရှိသူများအတွက် မုဒိတာစကားကို ဆရာ သန်းစိုးအောင်နှင့် ဆရာပြည့်ဖြိုးသီတို့က ပြောကြားသည်။ ထို့နောက် လမင်းအလင်း စာပေဆု ရှိသူ ဆရာမောင်သင်းပန် (ကဗျာဆု) နှင့် ဆရာမ ခင်ခင်ဝင်း (ပညာရေး) သတင်းဆုရရှိသူများက ကျေးဇူးတင်စကား ပြောကြားသည်။ ဆက်လက်၍ ဆရာ လမင်းမောင်မောင်က ဂုဏ်ပြုဆုပေးအပ်သည်။

ဒုတိယပိုင်း အစီအစဉ်အရ ဆရာလမင်းမောင်မောင်က ဂေါ်တမ်ဗုဒ္ဓ (ဗုဒ္ဓဝင်ဝတ္ထုစဆုံး) ရေးသားပူဇော်ထုတ်ဝေရခြင်းနှင့် ပတ်သက်၍ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းရာ ဆရာ လမင်းမောင်မောင်က ပြန်လည်ဖြေကြားသည်။ ယင်းနောက် ဆရာ လမင်းမောင်မောင်က တက်ရောက်လာသူများ အားစာအုပ်လက်ဆောင်များ ပေးအပ်ပြီး ယခုစာအုပ်သည် ဆရာ လမင်းမောင်မောင်၏ ၁၆ အုပ်မြောက် လုံးချင်းစာအုပ်ဖြစ်သည်။

(ဝ၄၂)



## ကျောက်ဖြူမြို့၌ လေထုအရည်အသွေး သိရှိနိုင်စေရေး လေထုတိုင်းတာစစ်ဆေး

**ကျောက်ဖြူ ဇူလိုင် ၁၈**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ လေထုအရည်အသွေးအခြေအနေများကို သိရှိနိုင်စေရန် ရည်ရွယ်၍ ယမန်နေ့ နံနက်ပိုင်းက ကျောက်ဖြူခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့တို့က တိုးချဲ့ရပ်ကွက်ရှိ ဘိုးဘွားရိပ်သာအနီးတွင် ဝန်းကျင်လေထုအရည်အသွေးကို တိုင်းတာစစ်ဆေးခဲ့သည်။



ထိုသို့ ဝန်းကျင်လေထု အရည်အသွေးကို တိုင်းတာစစ်ဆေးရာတွင် အမေရိကန် နိုင်ငံထုတ် လေထု အရည်အသွေးတိုင်းကိရိယာဖြစ်သည့် Haz Scanner စက်ဖြင့် တိုင်းတာစစ်ဆေးခြင်းဖြစ်ပြီး PM2.5 ၊ PM10 ၊ $NO_2$ ၊ $SO_2$ နှင့် $O_3$ စသော Parameter များကို အဓိကထား၍ ၂၄ နာရီကြာ တိုင်းတာခြင်းဖြစ်ကာ ရရှိလာသည့် ရလဒ်များကို ဆက်စပ်ဌာနများနှင့် အများပြည်သူများ သိရှိစေရန် ဖြန့်ဝေဆောင်ရွက်သွားမည်ဖြစ်သည်။ ယင်းအပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ထိုသို့လေထုအရည်အသွေးတိုင်းတာခြင်းကို လစဉ်ပုံမှန် ကွင်းဆင်းဆောင်ရွက်စစ်ဆေးပေးလျက်ရှိကြောင်းနှင့် ယခုလက်ရှိအချိန်အထိ ကွင်းဆင်းဆောင်ရွက်တွေ့ရှိချက်များအရ ကျောက်ဖြူမြို့နယ်အတွင်းတွင် လေထုအရည်အသွေး ကောင်းမွန်လျက်ရှိကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**တင်ထွန်းဦး၊ ဖြိုးဝေလင်း (ပြန်/ဆက်)**

## အာရှကာယဗလပြိုင်ပွဲတွင် မြန်မာမှ အေးသန္တာခိုင် ရွှေတံဆိပ်ဆုဆွတ်ခူး

**ရန်ကုန် ဇူလိုင် ၁၈**

မော်လ်ဒိုက်နိုင်ငံ၌ ဇူလိုင် ၁၇ ရက်မှ ၂၁ ရက်အထိ ကျင်းပသည့် အာရှကာယဗလပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု အေးသန္တာခိုင်က ပထမ(ရွှေတံဆိပ်)ဆု ဆွတ်ခူးရရှိသွားကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို ဇူလိုင် ၁၈ ရက်က အမျိုးသမီး ၁၆၀ စင်တီမီတာအထက်တွင် အေးသန္တာခိုင်က ပထမဆုရရှိခဲ့ခြင်းဖြစ်ပြီး ဇူလိုင် ၁၉ ရက်တွင် အမျိုးသား ၅၅ ကီလိုတန်း၌ ကျော်မင်းသန်း၊ ၇၀ ကီလိုတန်းတွင် ရဲထွန်းနောင်၊ ၈၀ ကီလိုတန်းတွင် ခင်မောင်ကျော်တို့ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်မှ အားကစားသမား အမျိုးသား သုံးဦး၊ အမျိုးသမီး သုံးဦး ဆက်လက်ဝင်ရောက် ယှဉ်ပြိုင်နေကြောင်း သိရသည်။

**အာကာစိုး**




## ၂၀၂၂ အာဆီယံ ယူ-၁၆ ပြိုင်ပွဲတွင် မြန်မာအသင်း အုပ်စုပထမပွဲအဖြစ် ဩစတြေးလျနှင့် ကစားမည်

**ရန်ကုန် ဇူလိုင် ၁၈**

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၂ အာဆီယံ ယူ-၁၆ ပြိုင်ပွဲ အုပ်စုပွဲစဉ်များ ထုတ်ပြန်လိုက်ပြီဖြစ်ပြီး မြန်မာအသင်းသည် ဩစတြေးလျအသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် အရှေ့တောင်အာရှ ၁၁ နိုင်ငံအပြင် အာဆီယံဘောလုံးအဖွဲ့ချုပ် အဖွဲ့ဝင်နိုင်ငံဖြစ်သော ဩစတြေးလျအသင်းလည်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သောကြောင့် ပြိုင်ပွဲဝင် ၁၂ သင်းအထိရှိနေသဖြင့် လေးသင်း သုံးအုပ်စုခွဲ၍ ကျင်းပသွားမည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၁၂ ရက်အထိ အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။ အုပ်စုခွဲဝေမှုအရ အုပ်စု (က) တွင် အိမ်ရှင်အင်ဒိုနီးရှား၊ ဗီယက်နမ်၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ အုပ်စု (ခ) တွင် ထိုင်း၊ တီမော၊ လာအို၊ ဘရူနိုင်း၊ အုပ်စု (ဂ) တွင် မလေးရှား၊ ဩစတြေးလျ၊ မြန်မာနှင့် ကမ္ဘောဒီးယားအသင်းတို့ ပါဝင်နေသည်။ ပွဲစဉ်ရေးဆွဲထားမှုအရ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဩဂုတ် ၂ ရက်တွင် ဩစတြေးလျအသင်း၊ ဩဂုတ် ၅ ရက်တွင် မလေးရှားအသင်း၊ ဩဂုတ် ၈ ရက်တွင် ကမ္ဘောဒီးယားအသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**

# ရန်ကုန်-ပြည်လမ်းတစ်လျှောက် လမ်းလယ်ကျွန်းများ၌ ပန်းအလှပင်များအလှဆင်ခြင်း အပိုင်းလိုက်ဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၁၈**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် ဇူလိုင် ၁၇ ရက်က ရန်ကုန်-ပြည်လမ်း ဒဂုံမြို့နယ် ပြည်သူ့ ဥယျာဉ်ရှေ့ မြေနီကုန်းတံတားမှ လမ်းမတော်မြို့နယ် စိန်ဂျွန်းမှတ်တိုင်အနီး မင်းရဲကျော်စွာလမ်းထိပ် လမ်းလယ်ကျွန်းများတွင် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ စက်ယန္တရားကြီးများဖြင့် အပိုင်း (၃) လမ်းမီးတိုင်များ စိုက်ထူနေသည့်လုပ်ငန်းနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ လမ်းလယ်ကျွန်းအား သန့်ရှင်းရေးဆောင်ရွက်ပြီး ပန်းအလှပင်များ အလှဆင်ခြင်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါလုပ်ငန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ဘတ်ဂျက်ဖြင့် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့က မင်္ဂလာဒုံလေဆိပ်လမ်းဆုံမှ ပါရမီလမ်းဆုံ အေဒီမီးပွိုင့်အထိ အပိုင်း (၁) အဖြစ်လည်းကောင်း၊ ပါရမီလမ်းဆုံမှ လှည်းတန်းခုံးကျော်တံတားအထိ အပိုင်း(၂) အဖြစ်လည်းကောင်း၊ လှည်းတန်းခုံးကျော်တံတားမှ မင်းရဲကျော်စွာလမ်းထိပ်အထိ အပိုင်း(၃) အဖြစ်လည်းကောင်း၊ အပိုင်း(၃) ပိုင်းခွဲကာ ဆောင်ရွက်ခဲ့ပြီး ယခုအခါ အပိုင်း (၂) နှင့် (၃) တို့ ဆောင်ရွက်ပြီးစီးသည့် အခြေအနေများနှင့် ရန်ကုန်လေဆိပ်မီးပွိုင့်မှ ပြည်လမ်းတစ်လျှောက် မင်းရဲကျော်စွာလမ်းထိပ်အထိ မြေအောက်ဓာတ်အားလိုင်း ၆ ဒသမ ၇၁ မိုင် ရှိပြီး ၅၀ ကေဗွီအေထရန်စဖော်မာ ခုနစ်လုံးဖြင့် မီးတိုင်ပေါင်း ၃၆၇ တိုင်၊ မီးလုံးပေါင်း ၇၆၅ လုံး တပ်ဆင်မည့်အခြေအနေများနှင့် အပိုင်း(၃) ပိုင်းစလုံးတွင် လမ်းလယ်ကျွန်းပန်းအလှဆင်ခြင်း လုပ်ငန်းဆောင်ရွက်မည့် အခြေအနေများကို ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးကျော်သူ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ငွေး တို့က ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့် ပတ်သက်၍ မြို့တော်အင်္ဂါရပ်နှင့်အညီ ညအချိန်တွင် လမ်းမီးအလင်းရောင်များဖြင့် သာယာလှပစေရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ လမ်းလယ်နှင့် ယာဉ်ကြောနှစ်ဖက်စလုံး



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် လမ်းလယ်ကျွန်းများ၌ ပန်းအလှပင်များ အလှဆင်နေမှုကို ကြည့်ရှုစဉ်။

တွင် အလင်းရောင်ပြည့်ဝစွာရရှိရေး ရည်ရွယ်၍ လမ်းလယ်ကျွန်းများတွင် လမ်းမီးတိုင်များ စိုက်ထူခြင်းဖြစ်ကြောင်း၊ လုပ်ငန်းများကို နေ့ညမပြတ် အားထည့်ဆောင်ရွက်ကြရန်နှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောလျင်စွာပြီးစီးရေး ဆောင်ရွက်ရန်မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

**ဆန်းကျော်ဦး**

**(ပြန်/ဆက်)**

# လေးတောင်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးနှင့် ငွေကောက်ကောင်တာ ဖွင့်ပွဲပြုလုပ်

**ကျောက်ဖြူ ဇူလိုင် ၁၈**

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် လေးတောင်မြို့၏ အမှတ်(၁) ရပ်ကွက် နဂါးကွင်းမြေနေရာတွင် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုအစိုးရ ရန်ပုံငွေဖြင့် တည်ဆောက်ပြီးစီးခဲ့သော လေးတောင်မြို့နယ် လျှပ်စစ်



အင်ဂျင်နီယာရုံးနှင့် ငွေကောက်ကောင်တာဖွင့်ပွဲကို ဇူလိုင် ၁၀ ရက်က တာဝန်ရှိသူများက အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း ကျောက်ဖြူခရိုင် လျှပ်စစ်အင်ဂျင်နီယာရုံးမှ သိရသည်။

ထို့ပြင် အထက်ပါ ဖွင့်လှစ်ပေးခြင်းကို ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးသိန်းစိုး၊ လေးတောင်မြို့ အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်၊ ရမ်းဗြဲမြို့ ၆၆/၁၁ ကေဗွီဓာတ်အား ခွဲရုံမှူး ဦးသန်းမြင့်၊ ရမ်းဗြဲမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးစည်သူအောင်နှင့် လေးတောင်မြို့မှ ရပ်မိရပ်ဖများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များက ဖွင့်လှစ်ပေးသည်။

**အောင်လှဖြူ (ရမ်းဗြဲ)**

# ကျောက်ဆည်မြို့နယ်၌ လျှပ်စီးခတ်မှုကြောင့် ဘုရားနှင့် စာသင်ကျောင်းဆောင် မျက်နှာကြက်များပျက်စီး

**ကျောက်ဆည် ဇူလိုင် ၁၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် ဇူလိုင် ၁၆ ရက် ညနေ ၄ နာရီ ၃၁ မိနစ်က လျှပ်စီးခတ်မှု ဖြစ်ပွားခဲ့ပြီး ဘုရားလေးဆူနှင့် စာသင်ကျောင်းဆောင်တစ်ဆောင် မျက်နှာကြက်များ ပျက်စီးမှုဖြစ်ပွားခဲ့သည်။

အဆိုပါလျှပ်စီးသည် မန္တလေးတိုင်းဒေသကြီး မြေငလျင်စခန်းမှ အနောက်တောင်ဘက် ၃၄ မိုင်အကွာ၊ ကျောက်ဆည်မြို့၏ အနောက်တောင်ဘက် ရှစ်မိုင်ခန့်အကွာ မြောက်လတ္တီတွဒ် ၂၁ ဒသမ ၅၂ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ဝ၅ ဒီဂရီ အနက် ၂၁ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၈ အဆင့်ရှိ လျှပ်စီးခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။


လျှပ်စီးခတ်မှုကြောင့် ဖောင်ရွာရပ်ကွက်အတွင်းရှိ စေတီနှစ်ဆူ၏ စိန်ဖူးတော်များ မြေခဲ့ပြီး စေတီတစ်ဆူ ထီးတော်စောင်းခြင်း၊ စေတီတစ်ဆူ ထီးတော်အက်ကွဲခဲ့ကြောင်းနှင့် ကတဲကျေးရွာအုပ်စု ရန်ပုံနှစ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ စာသင်ကျောင်းဆောင်တစ်ဆောင် မျက်နှာကြက်များ ပြုတ်ကျပျက်စီးခဲ့ကြောင်း သိရပြီး စုစုပေါင်း ဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၁၄ သိန်း ငါးသောင်း ဖြစ်ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# တိရစ္ဆာန်များ၌ ဖြစ်ပွားတတ်သော ရောဂါသုံးမျိုးအား ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်

**ရန်ကုန် ဇူလိုင် ၁၈**

ရန်ကုန်တိုင်းဒေသကြီး အတွင်း တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သည့် ခွာနာလျှာနာရောဂါ၊ အရေပြားအကျိတ်ရောဂါနှင့် အာဖရိကဝက်အပြင်းဖျားရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



တိရစ္ဆာန်များတွင် ရောဂါဖြစ်ပွား ကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဇူလိုင် ၁၁ ရက်မှ ၁၇ ရက်အထိ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဒေသဆိုင်ရာစီမံအုပ်ချုပ်ရေးအဖွဲ့၊ ဆက်စပ်ဌာနများနှင့် ပေါင်းစပ်၍ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များအား တာဝန်ပေးအပ်ခြင်း၊ အဆိုပါအဖွဲ့အနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေး သရုပ်ပြလေ့ကျင့်ခြင်း၊ ပြည်သူလူထု သိရှိရန် အသိပညာပေး ပို့စတာများစိုက်ထူ၍ ဟောပြောကာ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ရောဂါစူးစမ်းထောက်လှမ်းခြင်းနှင့် ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းတို့ကို ဆောင်ရွက်သည်။

တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် နှစ်စဉ်ပုံမှန် ဆောင်ရွက်ခဲ့ပြီး ယခုနှစ်တွင် ရောဂါသုံးမျိုးအတွက် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ရက်သတ္တပတ်ဆောင်ရွက်မှုပြီးစီးပြီး နောက်ပိုင်းတွင်လည်း အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျွဲ၊ နွား၊ ဝက်၊ ကြက်၊ ငုံးနှင့် ဘဲတို့တွင် ရောဂါတစ်စုံတစ်ရာဖြစ်ပေါ်ပါက မွေးမြူရေးသမားများအနေဖြင့် သက်ဆိုင်ရာမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနများသို့ အချိန်မီ သတင်းပေးပို့နိုင်ရန် အသိပေးနှိုးဆော်ထားသည်။

**ညိမ်းသူ**

**(သတင်းစဉ်)**

# အသက် ငါးနှစ်မှ ၁၂ နှစ်အောက် ကလေးသူငယ်များအား ကိုဗစ် - ၁၉ ကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံ

**လဟယ် ဇူလိုင် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့တွင် အခြေခံပညာကျောင်းများရှိ အသက် ငါးနှစ်မှ ၁၂ နှစ်အတွင်း ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံခြင်းကို ယနေ့နံနက်ပိုင်းမှစတင်၍ လဟယ် မြို့ အ-ထ-က ကျောင်း၌ ထိုးနှံပေးလျက်ရှိသည်။

ကျောင်းနေအရွယ် ကလေးတိုင်း ကျန်းမာပျော်ရွှင်စွာပညာသင်ကြားနိုင်ဖို့ ကိုဗစ် -၁၉ ရောဂါ ကာကွယ်ဆေးထိုးကြပါစို့ ဆောင်ပုဒ်နှင့်အညီ ကျောင်းသားကျောင်းသူများ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမဖြစ်ပေါ်စေရေးအတွက် လဟယ်မြို့ အထက်တန်းကျောင်း၊ တိုးချဲ့(၂)ရပ်ကွက် မူလတန်းကျောင်း၊ ဘ/က ကျောင်း၊ တပ်တွင်းကျောင်းတို့၌ ကာကွယ်ဆေး မထိုးရသေးသည့် ကျောင်းသား ကျောင်းသူများ၊ ပထမအကြိမ်ထိုးနှံပြီးသည့် ကျောင်းသားကျောင်းသူများကို ဒုတိယအကြိမ် ထိုးနှံပေးလျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံခြင်းလုပ်ငန်းကို ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေးထိုးနှံခြင်း၊ ပညာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများက စာရင်းမှတ်တမ်းကောက်ယူခြင်း၊ အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ယွန်း(မုံရွာ၊ ကိုယ်ပွား)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ (၇၅)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အကြို ဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပ

**နန်းယွန်း**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် (၇၅)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အကြို စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲကို ဇူလိုင် ၁၇ ရက်က ကျင်းပသည်။

ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်လွတ်လပ်ရေးရရှိရေးအတွက် စိတ်အား၊ ကိုယ်အား၊ ပညာအား၊ လက်ရုံးရည်၊ နှလုံးရည်များဖြင့် ဆောင်ရွက်ရင်း အသက်စွန့်ခဲ့ရသော အာဇာနည်ခေါင်းဆောင်များကို လေးစားဂုဏ်ပြုသောအားဖြင့် အာဇာနည်နေ့အထိမ်းအမှတ် ပြိုင်ပွဲများဖြစ်သည့် စာစီစာကုံးပြိုင်ပွဲကို အထက်တန်းနှင့် အလယ်တန်း အဆင့်အား အာဇာနည်နေ့ဖြစ်ပေါ်လာပုံ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကဗျာပြိုင်ပွဲကို မူလတန်းအဆင့် အာဇာနည်နေ့တို့မမေ့ ခေါင်းစဉ်ဖြင့် လည်း ကောင်း၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းသား ကျောင်းသူများအား ၁၉ ဇူလိုင်မမေ့နိုင်ခေါင်းစဉ်တို့ဖြင့် လည်းကောင်း ပြိုင်ပွဲများကျင်းပပေးခဲ့ကြောင်း နန်းယွန်းမြို့နယ် အခြေခံပညာ အထက်တန်းကျောင်းအုပ် ဆရာကြီးဦးရှန်ယုန်ထံက သိရသည်။

**ဟန်ကမ်း(ပြန်/ဆက်)**




**ရွှေကောင်း**

ရောဝတီတိုင်းဒေသကြီး ငရုတ်ကောင်းမြို့တွင် ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် (၇၅)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အဖြစ်ဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲများကို ဇူလိုင်၁၇ ရက်က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် ငရုတ်ကောင်းမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကျော်မာလာလွင်က အာဇာနည် ခေါင်းဆောင်ကြီးများ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိများအကြောင်း အာဇာနည် နေ့ဖြစ်ပေါ်လာပုံသမိုင်းကြောင်းများနှင့် အာဇာနည်စိတ်ဓာတ်များ အကြောင်း၊ အာဇာနည်နေ့အခမ်းအနားများပြုလုပ်ရခြင်း ရည်ရွယ်ချက် များအကြောင်း ဟောပြောခဲ့သည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများကို စာဖတ်စွမ်းရည်များ တိုးတက်လာစေရန် အာဇာနည် နေ့အကြောင်း ရေးသားထားသောစာအုပ်များကို ဖတ်ကြားစေပြီး ပြိုင်ပွဲကျင်းပပေးခဲ့ကာ အာဇာနည်ခေါင်းဆောင်ကြီးများအကြောင်း ပြသထားသည့် နံရံကပ်စာစောင်များနှင့် စာအုပ်များအား လေ့လာ ကြည့်ရှုကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**သံတောင်ကြီး**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်တွင် ကလေးသူငယ်များ၊ ကျောင်းသူ ကျောင်းသားများအနေဖြင့် (၇၅)နှစ်မြောက် အာဇာနည်နေ့ အကြောင်းသိရှိစေရန်၊ စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန်၊ အားလပ်ချိန်ကို တန်ဖိုးရှိစွာ အသုံးပြုတတ်စေရန်၊ ဉာဏ်ရည် ဉာဏ်သွေးမြင့်မားစေရန်၊ စာကြည့်တိုက်သို့ လာရောက်သည့် အလေ့ အထများဖြစ်စေရန်နှင့် စာဖတ်ခြင်း အကျိုးကျေးဇူးများ သိစေရန် ဇူလိုင် ၁၇ ရက်က မြို့နယ် ပြည်သူ့စာကြည့်တိုက် ကလေးစာဖတ်ခန်း တွင် ဆေးရောင်ခြယ်ပြိုင်ပွဲပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်ဦးစီးမှူးနော်လော်မူက ပြိုင်ပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်များကို ပြောကြားပြီး ဆေးရောင်ခြယ်ပြိုင်ပွဲများကို ဆက်လက်ပြုလုပ်ရာ သံတောင်ကြီးမြို့ပေါ်ရှိ ကျောင်းသား ကျောင်းသူ ၁၇ ဦး တို့က ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများကို အမှတ်တရ လက်ဆောင်များ ပေးအပ်ခဲ့သည်။ **နော်နော်မူ**

**အုတ်ဖို**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် (၇၅)နှစ်မြောက် အာဇာနည် နေ့အထိမ်းအမှတ်စာအုပ်ပြပွဲနှင့် ပန်းချီပြိုင်ပွဲကို ဇူလိုင် ၁၈ ရက်က ကျင်းပသည်။

အဆိုပါ အခမ်းအနားကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန၊ ပညာရေးဌာန၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့် ကလေးစောင့်ရှောက် ရေးအဖွဲ့တို့မှ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး အခမ်းအနားတွင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ညွန့် ညွန့်စိန်က အခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်နှင့် အာဇာနည်နေ့ အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး အမျိုးသမီး ရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နေဇင်ယုက ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် ပန်းချီပြိုင်ပွဲနှင့် စာအုပ်ပြပွဲတို့ကိုကျင်းပကာ ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ဆုချီးမြှင့်ခဲ့ကြောင်းနှင့် ပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၃၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ **အောင်သူ**



**ပုဏ္ဏားကျွန်း**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့၌ ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် (၇၅) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အကြိုဟောပြောပွဲနှင့် စာစီစာကုံးပြိုင်ပွဲကို ဇူလိုင် ၁၅ရက်က ပုဏ္ဏားကျွန်းမြို့ အခြေခံပညာ အထက်တန်းကျောင်း ဆရာထွန်းခန်းမ၌ ကျင်းပသည်။

အဆိုပါစာစီစာကုံးပြိုင်ပွဲတွင် “ အာဇာနည်နေ့နှင့် ယနေ့လူငယ် တာဝန်” ခေါင်းစဉ်ဖြင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၀ နှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၉ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး အထက်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းအေးက ကျောင်းသား ကျောင်းသူများအနေဖြင့် ဦးညွတ် အလေးပြုထိုက်သည့် နိုင်ငံ့အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူး ဂုဏ်ကို သိရှိတန်ဖိုးထားစေရန်နှင့် ဗိုလ်ချုပ်အောင်ဆန်း၏ ဇနီး ဒေါ်ခင်ကြည်၏ စိတ်ဓာတ်အား အတုယူစရာတို့ကို ရှင်းလင်းပြောကြားခဲ့ သည်။

ထို့နောက် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူ တို့အား ကျောင်းအုပ်ဆရာမကြီးက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့ပြီး အလားတူ ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိ အခြေခံ ပညာကျောင်းများတွင် (၇၅) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အကြိုဟောပြောပွဲနှင့် ကဗျာ၊ စာစီစာကုံးပြိုင်ပွဲတို့ကို ကျင်းပလျက်ရှိကြောင်း မြို့နယ် ပညာရေးမှူးရုံးမှ သိရသည်။

**နီထွန်းအောင်(ပြန်/ဆက်)**

**နတ်မောက်**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် လူထုအခြေပြုဗဟိုဌာန ခန်းမ၌ အထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဇူလိုင် ၁၈ ရက်က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်စင်က အာဇာနည်ခေါင်းဆောင်ကြီးများ၏ သမိုင်းအကျဉ်းများ၊ အာဇာနည်ခေါင်းဆောင်ကြီးများ မြန်မာနိုင်ငံ လွတ်လပ်ရေးရအောင် ကြိုးပမ်းကြပုံများအား ဗဟုသုတရစေရန် ရည်ရွယ်ချက်ဖြင့် ရှင်းလင်း ပြောကြားသည်။ ဆက်လက်၍ စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများက မိမိတို့ယှဉ်ပြိုင်ခဲ့သည့် ခေါင်းစဉ်များဖြင့် ဟောပြောဆွေးနွေးခဲ့သည်။ ထို့နောက် အထက်တန်း၊ အလယ်တန်း အဆင့် ဆုရရှိသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးတို့က ဆုများ ချီးမြှင့်ပေးသည်။

**လှဝင်း**




## မော်တော်ယာဉ်မောင်းနှင်သူသည် တောင်ဆင်း၊ တောင်တက်လမ်း မောင်းနှင်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၀၇)

မော်တော်ယာဉ်မောင်းနှင်သူသည် တောင်ဆင်း၊ တောင်တက်လမ်း တွင် မောင်းနှင်ရာတွင် အောက်ပါအချက်များကို လိုက်နာရပါမည်-

(က) အဆင်းနှင့် အတက်မော်တော်ယာဉ်များ ဆုံရာ၌ ရှောင်တိမ်းရန် အခက်အခဲရှိပါက အဆင်းမော်တော်ယာဉ် သည် လမ်း၏လက်ယာဘက်ဘေးသို့ တတ်နိုင်သမျှကပ်၍ ရပ်ပေးပြီး အတက်မော်တော်ယာဉ်ကို ဦးစားပေးရမည်။

( ခ) အကယ်၍ အဆင်းမော်တော်ယာဉ်နှင့် အတက်မော်တော် ယာဉ်များ ဆုံမည့်နေရာ မရောက်မီ အတက်မော်တော် ယာဉ်၏ လမ်းကြောင်း လက်ယာဘက်၌သာ ရှောင်တိမ်း ပေးနိုင်သော နေရာလပ်ရှိပါက အတက်မော်တော်ယာဉ်မှ အဆင်းမော်တော်ယာဉ်ကို ရှောင်တိမ်းပေးရမည်။

( ဂ) အကယ်၍ အဆင်းနှင့်အတက် မော်တော်ယာဉ်များ ဆုံသည့်နေရာ၌ ရှောင်တိမ်းရန် မလွယ်ကူခဲ့သော် နောက်ဆုတ်ပေးရန်အခက်အခဲမရှိသော မော်တော်ယာဉ် က နောက်ဆုတ်ပေးရမည်။

(ဃ) အကွေ့တိုင်းတွင် ဟွန်းတီးပြီး အမြန်နှုန်းလျှော့မောင်းရ မည်။

( င) အဆင်းမော်တော်ယာဉ်သည် ဂီယာကို ကြားအနေထား၌ သော်လည်းကောင်း၊ ကလပ်(ချ်)ကို နင်းထား၍သော် လည်းကောင်း မောင်းနှင်ခြင်းမပြုရ။

(စ) မော်တော်ယာဉ်သည် အတက်အဆင်း၌ စက်ရပ်သွားလျှင် သော်လည်းကောင်း၊ မော်တော်ယာဉ်ကို ရပ်ထားလျှင် သော်လည်းကောင်း လိမ့်ဆင်းမသွားစေရန် ဘရိတ်များ ကို အသုံးပြုရမည့်အပြင် လိုအပ်ပါက နောက်ဘီးများကိုပါ ကြမ်းတုံးများဖြင့် ခုထားရမည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# တောမီးဂယက်ကြောင့် ဥရောပတစ်ခွင် ပြင်းထန်သော အပူလှိုင်းအောက်ရောက်ရှိနေ

နွယ်နီလင်း

**ဥရောပ** အနောက်တောင်ပိုင်းဒေသများတွင် တောမီးများ ပြင်းထန်စွာဆက်တိုက်လောင်ကျွမ်းမှု၏ အကျိုးဆက်အားဖြင့် ဥရောပဒေသအတွင်းရှိ နိုင်ငံတော်တော်များများတွင် အမြင့်ဆုံးအပူချိန်စံချိန်သို့ပင် ရောက်ရှိနိုင်ကြောင်း ဇူလိုင် ၁၈ ရက်က သတိပေးချက်ထုတ်ပြန်လိုက်သည်။

**အင်္ဂလန်**

ကမ္ဘာ့မိုးလေဝသအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ကလယ်ရာနူးလစ်ကလည်း အနောက်ဥရောပတွင် အပူလှိုင်းသစ်တစ်ခု တိုးလာနေပြီး နောက်သီတင်းပတ်များအတွင်း ဥရောပ၏အခြားနေရာများသို့ ပျံ့နှံ့နိုင်မည်ဟု ခန့်မှန်းထားကြောင်း ဇူလိုင် ၁၂ ရက်ကတည်းက ပြောကြားခဲ့သည်။ အင်္ဂလန်နိုင်ငံ၏ အမျိုးသား မိုးလေဝသဌာနကလည်း ပြင်းထန်သော အပူလှိုင်းအတွက် အနီရောင်သတိပေးချက် ထုတ်ပြန်ခဲ့ပြီး အင်္ဂလန်နိုင်ငံ၏ အစိတ်အပိုင်းတော်တော်များများကို အမြင့်ဆုံးအဆင့် သတိပေးချက် ထုတ်ပြန်ထားသည်။ အင်္ဂလန်နိုင်ငံ၏ စံချိန်တင်အမြင့်ဆုံးအပူချိန်မှာ ၂၀၁၉ ခုနှစ် ဇူလိုင်လတွင် ကိန်းဘရစ် ရုက္ခဗေဒဥယျာဉ်တွင် ကြုံတွေ့ခဲ့ပြီး အပူချိန် ၃၈ ဒသမ ၇ ဒီဂရီစင်တီဂရိတ်အထိ ရှိခဲ့သည်။ ယခုကျရောက်မည့် အပူလှိုင်းသည် အဆိုပါစံချိန်ကိုပင် ကျော်တက်သွားနိုင်ကြောင်း ကျွမ်းကျင်ပညာရှင်များက ခန့်မှန်းထားကြသည်။ အဆိုပါပြင်းထန်သည့် အပူလှိုင်းကြောင့် လူအများအပြား၏ ကျန်းမာရေးထိခိုက်မှုများနှင့် သေဆုံးမှုများပါရှိနိုင်ကြောင်း၊ ကျောင်းများလည်း ဆက်လက်ပိတ်ထားရနိုင်ကြောင်း အင်္ဂလန်နိုင်ငံ၏ အမျိုးသားမိုးလေဝသဌာနက သတိပေးထားသည်။

ဥရောပမြောက်ပိုင်းဘက်မှ ပျံ့နှံ့လာသောအပူလှိုင်းသည် ပြီးခဲ့သည့် ရက်သတ္တပတ်များအတွင်း ဥရောပအနောက်တောင်ပိုင်းသို့ ဒုတိယအကြိမ်အဖြစ် ပြန်လည်ဝင်ရောက်လာခဲ့ပြီးနောက် ပြင်သစ်၊ ဂရိ၊ ပေါ်တူဂီနှင့် စပိန်နိုင်ငံတို့တွင် တောမီးများဆက်တိုက်လောင်ကျွမ်းနေပြီး သစ်တောမြေဟက်တာထောင်ပေါင်းများစွာ ပျက်စီးခဲ့ကာ ထောင်နှင့်ချီသော ပြည်သူများနှင့် အားလပ်ရက် အပန်းဖြေထွက်သူများပါ ထွက်ပြေးခဲ့ရသည်အထိ ဆိုးရွားလာခဲ့သည်။

**ပြင်သစ်**

ပြင်သစ်နိုင်ငံ အနောက်တောင်ဘက် အကွီကျင်းဒေသ၏ အပူချိန်သည် ဇူလိုင် ၁၈ ရက်တွင် ၄၂ ဒီဂရီ စင်တီဂရိတ် (၁၀၇ ဖာရင်ဟိုက်) ထက်ပိုနေမည်ဟု ခန့်မှန်းထားကြောင်း၊ ထို့အတူ မကြာသေးမီက အဆိုးရွားဆုံး အပူဒဏ်မှ လွတ်မြောက်ခဲ့သည့် ဘရစ်တနီကျွန်းဆွယ်တွင် အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်အထိ ထပ်မံမြင့်တက်လာနိုင်ကြောင်း မိုးလေဝသပညာရှင် အိုလီဗီယာ ပရေ့ာကဆိုသည်။ ပြင်သစ်နိုင်ငံ အနောက်တောင်ပိုင်း ဂီရွန်ဒီဒေသရှိ မီးသတ်သမားများသည် ပြီးခဲ့သည့်တစ်ပတ်ကတည်းက ဟက်တာ ၁၁၀၀၀ (ဧက၂၇၀၀၀) နီးပါးလောင်ကျွမ်းခဲ့သည့် တောမီးများကို ထိန်းချုပ်ရန် ဆက်တိုက် ကြိုးစားငြိမ်းသတ်နေကြရသည်။

တောမီး လောင်ကျွမ်းမှုကြောင့် ပြင်သစ်နိုင်ငံအတွင်းရှိ ပြည်သူများနှင့် ခရီးသွားများအပါအဝင် လူပေါင်း ၁၆၀၀၀ ကျော် နေရပ်စွန့်ခွာခဲ့ရပြီး အရေးပေါ် ကယ်ဆယ်ရေးစခန်းခုနစ်ခု ထူထောင်ကာ အဆိုပါ ဘေးသင့်ပြည်သူများအား နေရာချထားပေးလျက်ရှိသည်။ တောမီးများကို ငြိမ်းသတ်နိုင်ရန်အတွက် ပြင်သစ်နိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနက နောက်ထပ်မီးငြိမ်းသတ်လေယာဉ်သုံးစင်း၊ မီးသတ်သမား ၂၀၀ နှင့် မီးငြိမ်းသတ်ယာဉ်အများအပြား ထပ်မံစေလွှတ်မည်ဟု ကြေညာထားသည်။ အနောက်တောင်ပိုင်းဒေသများတွင် တောမီးများဆက်လက် လောင်ကျွမ်းနေသဖြင့် နောက်ထပ်လူ ၅၀၀၀ ကိုလည်း ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူများက ဇူလိုင် ၁၈ ရက်တွင် ပြောကြားသည်။

**စပိန်**

စပိန်နိုင်ငံ အနောက်မြောက်ပိုင်း ဇာမိုရာဒေသရှိ လိုဆာစီယိုတွင် တောမီးငြိမ်းသတ်ရန် လုပ်ဆောင်နေစဉ် မီးသတ်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း အာဏာပိုင်များက ဇူလိုင် ၁၇ ရက်တွင် ကြေညာခဲ့သည်။ ပြီးခဲ့သည့် သီတင်းပတ်များအတွင်း တောမီးလောင်ကျွမ်းမှုများကြောင့် ပြည်သူများစွာနှင့် အရေးပေါ် ကယ်ဆယ်ရေး လုပ်ဆောင်နေသူအချို့ကိုလည်း သေဆုံးစေခဲ့ပြီးဖြစ်သည်။ စပိန်နိုင်ငံတောင်ပိုင်းမှ အနောက်မြောက်ဘက်စွန်းရှိ ဂါလီစီယာဒေသအထိ နိုင်ငံအနှံ့ နေရာ ၂၀ ခန့်တွင် တောမီးများ ထိန်းမနိုင်သိမ်းမရ ဖြစ်နေသေးကြောင်း စပိန်အာဏာပိုင်များက သတင်းထုတ်ပြန်ထားပြီး အပူလှိုင်းစတင်ခဲ့သည့် တစ်ပတ်တာ ကာလအတွင်း သစ်တောဟက်တာပေါင်း ၂၂၀၀၀ ကျော် မီးလောင်ဆုံးရှုံးခဲ့ကြောင်း ထုတ်ပြန်ထားသည်။

**ပေါ်တူဂီ**

ပေါ်တူဂီနိုင်ငံတွင် အပူချိန်အနည်းငယ် ကျဆင်းသွားသော်လည်း ပြီးခဲ့သည့် တစ်ပတ်အတွင်းက အမြင့်ဆုံးအပူချိန် ၄၇ ဒီဂရီဆဲလ်စီးယပ်စ်သို့ ရောက်ရှိခဲ့မှုကြောင့် နိုင်ငံတစ်ဝန်းလုံးနီးပါး တောမီးသတိပေးချက် အမြင့်ဆုံးထုတ်ပြန်ထားဆဲပင်ဖြစ်သည်။ ပေါ်တူဂီနိုင်ငံတွင် ယခုနှစ်အတွင်း တောမီးလောင်ကျွမ်းမှုကြောင့် နှစ်ဦးသေဆုံးကာ ၆၀ ခန့် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး သစ်တောမြေဟက်တာ ၃၀၀၀၀ ခန့်မှာလည်း ပျက်စီးခဲ့ပြီးဖြစ်သည်။ အလားတူ နယ်သာလန်နိုင်ငံ၏နေရာ အနှံ့အပြားတွင်လည်း အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်အထက်ကို ကျော်လွန်လျက်ရှိသည်။

**အမေရိကန်**

ဇွန်လလယ်ခန့်မှစ၍ အမေရိကန်နိုင်ငံ အနောက်တောင်ပိုင်းရှိ ဖီးနစ်၊ လတ်စ်ဗီးဂတ်၊ ဒင်ဗာနှင့် ကယ်လီဖိုးနီးယားတို့တွင်လည်း ပြင်းထန်သောအပူလှိုင်းရိုက်ခတ်မှုများကြောင့် စံချိန်တင်အပူချိန်များ ဖြစ်ပေါ်ခဲ့သည်။ ဖီးနစ်ပြည်နယ်တွင် အပူချိန် ၄၆ ဒီဂရီစင်တီဂရိတ်အထိ ခံစားခဲ့ရပြီး ၁၉၁၈ ခုနှစ်နောက်ပိုင်း မကြုံစဖူးခံစားခဲ့ရသည့် စံချိန်တင်အပူချိန် မြင့်မားမှုဖြစ်သည်။

**အသံတိတ်လူသတ်သမား**

လွန်ခဲ့သည့် သီတင်းပတ်အတွင်း အပူလှိုင်းကြောင့် ပေါ်တူဂီနိုင်ငံ၌ လူ ၆၅၉ ဦး သေဆုံးခဲ့ပြီးဖြစ်ကြောင်း ဒေသတွင်းမီဒီယာများက ဖော်ပြခဲ့သည်။ စပိန်နိုင်ငံတွင်လည်း ဇူလိုင် ၁၆ ရက်အထိ အပူလှိုင်းနှင့်ဆက်စပ်သည့် အကြောင်းရင်းများကြောင့် လူ ၃၆၀ ခန့်သေဆုံးခဲ့သည်။

ရာသီဥတု ဖောက်ပြန်မှုကြောင့် အပူလှိုင်းရိုက်ခတ်မှုများ မကြာခဏဖြစ်ပွားနေပြီး ယခင်ကထက်လည်း ပိုမိုပြင်းထန်လာသည်ဟု ကျွမ်းကျင်သူများကဆိုသည်။

ရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာတစ်ဝန်းရှိ အလွန်အမင်း အပူချိန်ပြောင်းလဲမှုနှင့် အပူလှိုင်းကျရောက်မှုအရေအတွက် ပြောင်းလဲမှုများကို ဖြစ်ပေါ်စေလျက်ရှိသည့်အတွက် အပူလှိုင်းများကို ခပ်စိပ်စိပ် ကြုံတွေ့လာရနိုင်ပြီး ယင်းအခြေအနေများနှင့် လိုက်လျောညီထွေဖြစ်အောင်နေထိုင်ရေး သင်ယူတတ်ရန် လိုအပ်လာပြီဖြစ်ကြောင်း အင်္ဂလန်နိုင်ငံ အရှေ့အန်ဂလီယာ တက္ကသိုလ်မှ ရာသီဥတုပြောင်းလဲမှုသိပ္ပံဆိုင်ရာ ပါမောက္ခ ကော်ရင်နီလီကီရင်က သတိပေးထားသည်။

အပူချိန် ၃၄ ဒီဂရီစင်တီဂရိတ်နှင့် အထက်သည် အလုပ်လုပ်ကိုင်ရန် အန္တရာယ်ရှိသည့် အခြေအနေနှင့် အပူချိန် ၄၀ ဒီဂရီထက်ကျော်လွန်ပါက အသက်အန္တရာယ်ရှိသည့် အခြေအနေများဖြစ်ကြောင်း ၎င်းက အကြံပြုထားသည်။

အပူလှိုင်းသည် ရေကြီးခြင်းနှင့် ငလျင်လှုပ်ခြင်းကဲ့သို့ ကြီးမားသော ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုများကို မဖြစ်ပေါ်စေဘဲ ရာသီဥတု ဖောက်ပြန်မှုနှင့်အတူ ကောက်ပဲသီးနှံများ၊ တိရစ္ဆာန်များနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ထိခိုက်စေသည့် အသံတိတ်လူသတ်သမားပင်ဖြစ်သည်။

ကိုးကား - ဆင်ဟွာ၊ အေအက်ဖ်ပီ



ပြင်သစ်နိုင်ငံအနောက်တောင်ပိုင်း ဂီရွန်ဒီဒေသ၌ ဇူလိုင် ၁၇ ရက်က တောမီးများလောင်ကျွမ်းနေမှုကို တွေ့ရစဉ်။

❊ လွန်ခဲ့သည့် သီတင်းပတ်အတွင်း အပူလှိုင်းကြောင့် ပေါ်တူဂီနိုင်ငံ၌ လူ ၆၅၉ ဦး သေဆုံးခဲ့ပြီးဖြစ်ကြောင်း ဒေသတွင်းမီဒီယာများက ဖော်ပြခဲ့သည်။ စပိန်နိုင်ငံတွင်လည်း ဇူလိုင် ၁၆ ရက်အထိ အပူလှိုင်းနှင့်ဆက်စပ်သည့် အကြောင်းရင်းများကြောင့် လူ ၃၆၀ ခန့်သေဆုံးခဲ့သည်

❊ အပူချိန် ၃၄ ဒီဂရီစင်တီဂရိတ်နှင့် အထက်သည် အလုပ်လုပ်ကိုင်ရန် အန္တရာယ်ရှိသည့် အခြေအနေနှင့် အပူချိန် ၄၀ ဒီဂရီထက်ကျော်လွန်ပါက အသက်အန္တရာယ်ရှိသည့် အခြေအနေများဖြစ်

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၃၂၅ ဆူ | ၃၉၅ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၅၀ ခန်း | ၄၀၅ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၆ တိုင် | ၁၄ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၁၈ တိုင် | ၆၂ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၀၄ ခု | ၅၄၈ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၅ ကျင်း | ၂၀၈၄. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၇ ကျင်း | ၂၀၁. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၄ ကျင်း | ၅၈၉၆. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၂၀ ကျင်း | ၁၆၁၅. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | ၁၅၀၀ သိန်း | ၉၀၁၉ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၁၄၁၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ပါရမီလမ်း၊ အမှတ်-၉၅ ၂၊ တွင်ဆောက်လုပ်ထားသော တာဝါ-အေ၊ အခန်းအမှတ်- ၇၀၂ ဟုခေါ်တွင်သည့် (၈)ထပ်တိုက်အဆောက်အအုံပေါ်ရှိ (7st floor) (Unit -2)၏ ၁၈၀၃ ဒသမ ၈၆စတုရန်းပေ အကျယ်အဝန်းရှိ တိုက်ခန်း(၁)ခန်း၊ အိမ်သုံးလျှပ်စစ်မီတာ (၁)လုံး၊ ရေ၊ မီးအပြည့်အစုံအပါအဝင် ယင်းတို့နှင့် ဆက်စပ်ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား တိုက်ခန်းအမည်ပေါက်ပိုင်ဆိုင်သူ ဦးမင်းလှိုင် (ဘ) ဦးသာလှိုင် ၁၂/ ဗဟန (နိုင်) ၀၇၉၄၆၄၊ အမှတ် ၂၈၇ B၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့နေသူထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အဆိုပါ တိုက်ခန်းအရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ တိုက်ခန်း အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့်(B.Sc,P.G.D.L)** | **ဒေါ်ခင်မြတ်သူ(H.G.P,LL.B,D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၆၁၉၆)** | **တရားလွှတ်တော်ရှေ့နေ (စဉ် - ၇၅၁၅)** |
| **အမှတ်-၁၂၂၊ ၂-လမ်း (တောင်)၊** | **အမှတ်-၁၂၂၊ ၂-လမ်း (တောင်)၊** |
| **အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့** | **အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့** |
| **ဖုန်း - ၀၉ -၅၁၇ ၁၄၃၃** | **ဖုန်း - ၀၉- ၈၆၃ ၅၁၂၂၊ ၀၉-၂၅၄၄၈၈၃၃၀** |

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းဘောင် (၁၀)လမ်း၊ အမှတ်(၈၄၁)မြေအမျိုးအစား ဂရန်မြေ၊ (အလျား ၃၉ ပေ x အနံ ၆၀ ပေ)ရှိ မြေကွက်နှင့်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက်ဖြစ်သူ ဒေါ်ကျင်မွှေး ၁၂/ရကန(နိုင်)၀၄၉၇၀၂ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု မြွက်ဟဝန်ခံသူ ဒေါ်ဆုနှင်းအေး ၁၂/လမန(နိုင်)၁၃၅၄၄၈ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကောင်းမြတ်စံ ၁၂/လကန (နိုင်)၁၈၂၇၉၉သည် အပြီးအပိုင်လက်ရောက်ဝယ်ယူရန်စရန်ငွေ (တန်ဖိုး၏ တစ်စိတ်တစ်ဒေသ) ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက တရားဝင် ခိုင်လုံသော (စာရွက်စာတမ်းမူရင်းများ) အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ထိုရက်ကျော်လွန်သည့်တိုင် လာရောက်ကန့်ကွက်မှုများမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအာကာလင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၄၃၄/၂၀၂၁)**
**အမှတ်(၈၅၈)၊ အင်း၀လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉- ၂၆၄၁၉၉၂၈၈၊ ၀၉ -၂၆၀၃၉၉၀၃၅**

## ကြော်ငြာစာ

## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃)

## မန္တလေးခရိုင်တရားရုံးတော်

## ၂၀၂၂ ခုနှစ် တရားမအထွေထွေမှုအမှတ် - ၉၇

**ကွယ်လွန်သူ ဦးသန်းဆောင်၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ဆည်တော်ကျေးရွာ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးသန်းဆောင်၏ ကျန်ရစ်သော ပစ္စည်းအပေါ်၌ အမွေထိန်း လက်မှတ်စာ ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးဆိတ်မောင်က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၂ခုနှစ် ဇူလိုင် ၂၅ ရက် (၁၃၈၄ ခုနှစ် ဝါဆိုလဆုတ် ၁၃ ရက်) တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးသန်းဆောင်၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါ အမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၂ ခုနှစ် ဇူလိုင် ၂၅ ရက် (၁၃၈၄ ခုနှစ် ဝါဆိုလဆုတ် ၁၃ ရက်) ၌ မိမိတို့ ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော် လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဦးဆိတ်မောင်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက် ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၂ ခုနှစ် ဇူလိုင် ၁၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**( ငွေးအောင် )**
**ခရိုင်တရားသူကြီး**
**မန္တလေးခရိုင်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/11430 Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းကိုအောင် ၈/စလန(နိုင်)၀၉၉၅၅၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7Q/6666 LEXUS Gx 460 Station Wagon (4x4)L ယာဉ်လက်ဝယ်ရှိသူ ဒေါ်သင်းသင်းခိုင် ၁၃/လရန(နိုင်)၁၀၇၅၂၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မိုးညှင်းမြို့နယ်၊ ညောင်ပင်ကျေးရွာ၊ ရပ်ကွက်(၂)၊ အိမ်အမှတ်(၃၀)နေ ဦးအောင်ကျော်-ဒေါ်ခင်သန်းတို့၏ သား မောင်ဝေလင်းအောင် ၁/မညန(နိုင်) ၁၇၈၂၁၀ သည် မိဘများ၏ ဆိုဆုံးမမှုများကို နာခံခြင်းမရှိဘဲ အမျိုးမျိုး စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ၎င်းနှင့် ပတ်သက်သောကိစ္စအဝဝကို လုံးဝတာဝန်မယူပါကြောင်း နှင့်ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ကျော်-ဒေါ်ခင်သန်း**

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့နယ်၊ ရှောလီဝိုင်းရပ်ကွက်၊ ရွှေကူ (၁၉)ရပ်နေ (ဘ) ဦးညွန့်ငွေ ၏သား မောင်လှိုင်းဝေ ၉/မကန(နိုင်) ၁၄၇၆၈၀ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၂-၄-၁၉၉၇ ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5P/8088၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါ သဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## အမည်ပြောင်း

မအူပင်မြို့နယ်၊ သင်္ဘေးကုန်း ကျေးရွာ အုပ်စုနေ (ဘ)ဦးဇော်မင်းထိုက် ၁၄/မအပ (နိုင်)၁၆၉၇၀၆ ၏သား အထက ရေလဲကလေး G-10မှ မောင်ဖြိုးထက်ကျော်အား မောင်ဖြိုးထိုက်ကျော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဖြိုးထိုက်ကျော်**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ကျော်ဝင်းထွန်း ၈/အလန(နိုင်)၂၃၆၄၂၂ ၏ နိုင်ငံကူး လက်မှတ်အမှတ် (နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းသို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ကြည်ဝင်း ၈/အလန (နိုင်)၂၀၇၉၉၃ ၏နိုင်ငံကူး လက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းသို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ဇော်ဝင်းအေး ၈/သရန (နိုင်)၀၆၃၀၉၆ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက် ပါဖုန်းသို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်အောင်ကိုဝင်း ၈/သရန(နိုင်)၀၇၀၈၅၂ ၏ နိုင်ငံကူး လက်မှတ်အမှတ် (နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိ ပါက အောက်ပါဖုန်းသို့အကြောင်းကြား ပေးပါရန်။ **ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးထူးအောင် ၈/ကမန (နိုင်)၀၄၆၀၄၈ ၏ နိုင်ငံကူး လက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းသို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ဝင်းဇော် ၈/တတက (နိုင်)၁၆၂၉၀၂ ၏နိုင်ငံကူး လက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းသို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 57W/99247 HONDA Scoopy 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဆုသဥ္ဇာထက် ၉/မဟမ(နိုင်) ၀၆၇၀၅၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၈၇၈၀၃ Honda Click 110 ယာဉ်လက်ဝယ် ရှိသူ ဒေါ်ခင်မျိုးဝင်း ၉/ခအဇ(နိုင်) ၀၁၅၀၄၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ညောင်ဦးမြို့၊ ရွှေစည်းခုံစေတီတော်ပိုင်၊ ဝတ္တကမြေဖြစ်သော ညောင်ဦး မြို့၊ အမှတ်(၅)ရပ်ကွက်၊ သီရိပစ္စယာ(၅)ရပ်၊ ဝိုင်းအကွက်အမှတ်(၂၀၅)၊ ဦးသန့်ဇင် PGN-၀၉၉၃၆၄ အမည်ပေါက် ဝိုင်းမြေကွက်သည် အိမ်ပြောင်းရွှေ့ရာတွင် ပျောက်ဆုံးသွားခဲ့သဖြင့် ရွှေစည်းခုံစေတီတော်ပုံတော်ပါ ဝတ္တကမြေပေါ်တွင် နေထိုင်ခွင့်ရရှိကြသည့် ပုဂ္ဂိုလ်များထံမှ အလှူတော်ငွေရပြေစာစာရွက်ကို ဦးသန့်ဇင် PGN-၀၉၉၃၆၄ အမည်ဖြင့် အသစ်ထုတ်ပေးပါရန် ဦးသန့်ဇင်၏ ဇနီးဖြစ်သူ ဒေါ်အမာစိန် ၉/ ညဥန(နိုင်) ၀၀၈၈၅၉ မှ ရွှေစည်းခုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ရွှေစည်းခုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားသူ ဒေါ်အမာစိန်သို့ ဦးသန့်ဇင် PGN-၀၉၉၃၆၄ အမည်ဖြင့် ရွှေစည်းခုံစေတီတော်ပုံတော်ပါ ဝတ္တကမြေပေါ်တွင် နေထိုင်ခွင့်ရရှိကြသည့်ပုဂ္ဂိုလ်များထံမှ အလှူတော်ငွေရပြေစာ စာရွက်ထုတ်ပေးရေးကိစ္စကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ရွှေစည်းခုံစေတီတော်**
**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၂/ ပေါင်းလောင်း-၂၊ မြေကွက်အမှတ်(၁၂၀၉)၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ ဒေါ်နီလာဟန် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်(၇၇၄၂/၂၀၁၆)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ဖြူဖြူခိုင် ၁၂/ရကန(နိုင်) ၀၁၄၅၃၆မှ နှစ်(၃၀)မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စု လူဦးရေ စာရင်း မူရင်းများတင်ပြပြီး ဒေါ်နှင်းဝတ်ရည် ၉/ပမန(နိုင်)၁၈၀၁၈၀နှင့် မှတ်ပုံတင် အရောင်း အဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/ မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာပါ သဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာ ရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ကာလ အတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ညောင်ဦးမြို့၊ ရွှေစည်းခုံစေတီတော်ပိုင် ဝတ္တကမြေဖြစ်သော ညောင်ဦးမြို့၊ အမှတ်(၄)ရပ်ကွက်၊ သီရိပစ္စယာ(၄)ရပ်၊ ဝိုင်းအကွက်အမှတ်(၂၄၅)၊ ဦးကျော်ထွေး PGN-၀၀၂၂၁၀ အမည်ပေါက် ဝိုင်းမြေကွက်ကို ဦးမျိုးမင်းဦး ၉/ညဥန(နိုင်)၁၁၃၈၆၇ မှ ဝယ်ယူထားပြီး အိမ်ပြောင်းရွှေ့ရာတွင် ပျောက်ဆုံးသွားခဲ့သဖြင့် ရွှေစည်းခုံစေတီတော်ပုံတော်ပါ ဝတ္တကမြေပေါ်တွင် နေထိုင်ခွင့်ရရှိကြသည့် ပုဂ္ဂိုလ်များထံမှ အလှူတော်ငွေရပြေစာစာရွက်ကို ဦးကျော်ထွေး PGN-၀၀၂၂၁၀ အမည်ဖြင့် အသစ် ထုတ်ပေးပါရန် ဦးမျိုးမင်းဦး ၉/ညဥန(နိုင်)၁၁၃၈၆၇မှ ရွှေစည်းခုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့သို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ရွှေစည်းခုံစေတီတော်ဘဏ္ဍာ တော်ထိန်း ဂေါပကအဖွဲ့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက လျှောက်ထားသူ ဦးမျိုးမင်းဦးသို့ ဦးကျော်ထွေး PGN-၀၀၂၂၁၀ အမည်ဖြင့် ရွှေစည်းခုံ စေတီတော် ပုံတော်ပါ ဝတ္တကမြေပေါ်တွင် နေထိုင်ခွင့်ရရှိကြသည့် ပုဂ္ဂိုလ်များထံမှ အလှူတော်ငွေရ ပြေစာ စာရွက်ထုတ်ပေးရေးကိစ္စကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ရွှေစည်းခုံစေတီတော်**
**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

## အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်အုပ်စု၊ ပေါင်းလောင်းရပ်ကွက်၊ ဥယျာဉ်စု (၅)လမ်း၊ အမှတ်-၁/၉၀နေ ဦးချမ်းသာ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါ အတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ရေဆင်းကျေးရွာနေ ဦးနေမျိုးလွင် (ဘ) ဦးမြင့်လွင် ၉/ပမန(နိုင်)၂၁၁၅၁၉သည် ဦးချမ်းသာ၏ ဝန်ထမ်းတစ်ဦးဖြစ်ပြီး လွန်ခဲ့သော ၂၀၂၂ခုနှစ် (၂)လပိုင်းခန့်က ဦးနေမျိုးလွင်မှာ ဦးချမ်းသာထံမှကားအား ယူဆောင်ပြီး လုပ်ငန်းသုံးငွေကြေးများအား ပိုမိုထုတ်ယူကာ တိမ်းရှောင်နေသဖြင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝသည် ဦးချမ်းသာနှင့် သက်ဆိုင်ခြင်းမရှိသည့်အပြင် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ် ပါသည်။

**ကျွန်ုပ်၏ လွှဲအပ်ညွှန်ကြားချက်နှင့်အညီ ဖြစ်ပါသည်-**

| | |
|---|---|
| **ဦးချမ်းသာ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **၉/လဝန(နိုင်)၁၅၂၃၂၃** | **ဒေါ်ချိုချိုထွန်း LL.B** |
| **အမှတ်-၁/၉၀၊ ဥယျာဉ်စု(၅)လမ်း၊** | **တရားလွှတ်တော်ရှေ့နေ** |
| **ရွာကောက်အုပ်စု၊ ပေါင်းလောင်း** | **အမှတ်(၁၆၈၆)၊ မြို့ဦးရပ်ကွက်၊** |
| **ရပ်ကွက်၊ ပျဉ်းမနားမြို့၊** | **ပျဉ်းမနားမြို့၊ နေပြည်တော်၊** |
| **နေပြည်တော်** | **ဖုန်း-၀၉-၈၉၉၉၅၅၆၇၊၀၉-၆၇၆၇၇၆၇၇၈** |
| | **ဦးရဲကိုထူး (LL.B)** |
| | **အထက်တန်းရှေ့နေ** |
| | **အမှတ်(၄/၆၄)၊ ရန်အောင်(၂)ရပ်ကွက်၊** |
| | **ပျဉ်းမနားမြို့၊ နေပြည်တော်၊** |
| | **ဖုန်း-၀၉-၉၅၀၂၃၃၃၀** |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြတ်လေး(၃)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၁/ဥတ္တရသီရိမြောက်ရပ်)၊ ဦးပိုင်/မြေကွက်အမှတ် (ဥ-၆၃၄၇)၊ အကျယ်အဝန်း(၈၀x၈၀)ပေခန့်၊ ဧရိယာ ၀ ဒသမ ၁၄၆ဧကရှိ နှစ်(၃၀)မြေငှားဂရန် မြေကွက်သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေ စီမံခန့်ခွဲမှုဌာနတွင် ဦးကျော်ရှင်း ၉/ပမန(နိုင်)၀၀၁၈၁၃ အမည်ဖြင့် အမည်ပေါက် ထားပြီး ၎င်းထံမှ အပြီးအပိုင်ဝယ်ယူထားသူ ဒေါ်ဝင်းစံဖြူ ၇/ပမန(နိုင်)၀၈၉၆၁၁ ထံမှ တစ်ဆင့် အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသအား ကျွန်ုပ် မိတ်ဆွေ ဦးမင်းသက်ထိန် ၁၂/ကမတ(နိုင်)၀၆၉၂၂၅ က ပေးချေထားပြီးဖြစ်၍ အဆိုပါ မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤ ကြေညာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ထိုသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေမြင့်(စဉ်-၁၇၃၈၉/၂၁)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၅/၆၉၀)၊ ရန်-မန်းလမ်း**
**အောင်သာယာရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ ဖုန်း-၀၉-၂၅၀၂၀၃၀၃၁**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၇၃၀၃၆ Honda Click 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရင်ဇယ် ၁၃/ကလတ(နိုင်)၀၀၆၄၃၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7L/5468 Nissan AD VAY12 S/W(4x2) R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ထားလွင် ၈/မကန(နိုင်)၀၀၈၂၃၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားအသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ ယောဂီကျောင်းလမ်း၊ အမှတ်(၁၅၁)တွင် ကုမ္ပဏီရုံးခန်းဖွင့်၍ ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများလုပ်ကိုင် ဆောင်ရွက်လျက်ရှိသော တူးစီတူးပီ ပလပ်(စ်) (မြန်မာ)ကုမ္ပဏီလီမိတက်သည် အောက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် (၂၄-၆-၂၀၂၂)ရက်စွဲပါ မှတ်ပုံတင်စာချုပ် အမှတ်-၄/၄၈၃၆/၂၀၂၂ ဖြင့် မှတ်ပုံတင်ခဲ့ပြီးဖြစ်ပါသည်-

**၄/၄၈၃၆/၂၀၂၂**

အထက်တွင် ကပ်နှိပ်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား သည် တူးစီတူးပီ ပလပ်(စ်) (မြန်မာ)ကုမ္ပဏီလီမိတက်၏ မူပိုင်အမှတ်တံဆိပ်ဖြစ်ပြီး၊ ကုမ္ပဏီ၏ ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများနှင့်တကွ မိုလ်ဘိုင်းငွေဖြည့်ခြင်း၊ ဖုန်းဖြင့် ငွေပေးဆောင်ခြင်း၊ အင်တာနက်မှဈေးဝယ်လျှင်ငွေပေးချေခြင်း၊ အီလက်ထရောနစ် ငွေလွှဲလုပ်ငန်းများလုပ်ဆောင်ခြင်း စသည်တို့ကိုလုပ်ကိုင်ဆောင်ရွက်၍ မြန်မာနိုင်ငံ တစ်ဝှမ်း လုံးသို့ ဝန်ဆောင်မှုပေးမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို တိုက်ရိုက်သော် လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသနှင့် အစိတ် အပိုင်းကိုသော်လည်းကောင်း၊ ဆင်တူရိုးမှားပြုလုပ်၍ဖြစ်စေ၊ ထင်ယောင်ထင်မှား တုပပြုလုပ်၍ဖြစ်စေ၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ မှာယူတင်သွင်းခြင်း၊ လက်ဝယ်ထားရှိခြင်း၊ မပြုလုပ်ကြပါရန်နှင့် အကယ်၍ပြုလုပ်ပါကတရားဥပဒေအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးကျော်စွာလင်း** | **ဦးအောင်မင်းပိုင်** |
| **အထက်တန်းရှေ့နေ(စဉ်-၄၅၆၁၃)** | **အထက်တန်းရှေ့နေ(စဉ်-၄၅၉၀၈)** |

**အမှတ်(၄၇၄/က)၊ အောင်သပြေ(၁)လမ်း၊ ကြိုးပွားရေးရပ်ကွက်၊**
**သဃ်န်းကျွန်းမြို့နယ်၊ရန်ကုန်မြို့။ ၀၉ ၄၂၀၂၂၃၀၆၀၊ ၀၉ ၂၅၀၀၀၆၀၉၀**
**Bhawani Legal Services Company Limited**

## စက်မှုဇုန်မြေနှင့်အဆောက်အအုံရောင်းမည်

စက်မှုအလုပ်ရုံ နှစ်(၆၀)ဂရန်မြေ ပေ၂၀၀xပေ၁၄၀ အဆောက် အအုံအပြည့် 315 KVA Transformer, 3Ton Gantry Crane, ရုံးပေ ၄၀xပေ ၄၀ Steel Structure (၃)ထပ်၊ လူနေအိမ် ပေ၂၀xပေ ၃၀ RC(၂)ထပ် ပါဝင်သည်။ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံစက်မှုဇုန်၊ ၁၉ ရပ်ကွက်၊ ကနောင်လမ်းသွယ်(၂)ရောင်းမည်။ **(ညှိနှိုင်းဈေး)**

**ဖုန်း-၀၉-၅၀၀၉၈၄၃၊ ၀၉-၉၆၀၀၂၇၇၆၇၊ ၀၉-၂၆၁၀၄၀၉၉၁**

## အများသိစေရန်ကြေညာချက်

တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ရာဇသူရလမ်း၊ မြေတိုင်းရပ်ကွက် အမှတ်(၇)၊ မြေကွက်အမှတ်(၁၁၀၀/ခ)၊ အမှတ်(၁၁၀၀/ခ) တွင် ၁ခန်းတည်း (၆)ထပ်တိုက်(Partial Slab Roof)အဆောက်အဦ ဆောက်လုပ်ခွင့်အား မြေရှင် ဒေါ်လင်းလင်းထိုက်၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်ခိုင်ခိုင်ဦး၊ လိုင်စင်ရကန်ထရိုက်တာ ဒေါ်နန်းညွန့်မေ(I.C-819)၊ မှတ်ပုံတင်လက်မှတ်ရ အင်ဂျင်နီယာ ဦးကျော်သန်းဦး(RSE-3242)တို့ဖြင့် ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ၊ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့မှ ၁၀-၆-၂၀၂၀ ရက်စွဲပါစာအမှတ်၊ ၁၀၅၁/၁၀၅၂/စည်ပင်-ယာ (အုံ)ဖြင့် ခွင့်ပြုထားပြီးဖြစ်ပါသည်။

ယခုအခါ အဆိုပါ ၁ခန်းတည်း(၆)ထပ်တိုက် (Partial Slab Roof) အဆောက်အဦအား ၁ခန်းတည်း(၅)ထပ်တိုက်(Slab Roof) ဖြင့် အထပ်လျော့ ပြောင်းလဲဆောက်လုပ်ခွင့်ပြုပါရန် မြေရှင်၏အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူမှ Revised Plan တင်ပြလျှောက်ထားလာပါသဖြင့်ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက် ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထား ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်း ရပ်ကွက်(၄)၊ လူနေရပ်ကွက်အမှတ်-၄၊ မြေကွက်အမှတ်-၈၄၁၊ အကျယ် အဝန်း (အလျား၆၀ပေxအနံ ၄၀ပေ)ရှိ ဦးမြမောင် (ISN-၄၈၅၀၁၄)အမည် ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်အေးသန္တာဝင်း ၁၂/ ဗတထ (နိုင်)၀၃၂၀၁၃ ထံမှ ကျွန်ုပ်မိတ်ဆွေသည် အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်ချို့ပေးချေထားပြီးဖြစ်ပါ၍ ယင်းမြေကွက်နှင့် အဆောက်အအုံအား ပိုင်ရေးဆိုင်ခွင့်ရှိသည်ဟုယူဆပါက ယနေ့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်မကန့်ကွက်ပါက အရောင်းအဝယ် အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး နောက်နောင်တွင် ယင်းမြေ ကွက်နှင့်အဆောက်အအုံကိစ္စအဝဝအားလုံးကို တာဝန်ယူဖြေရှင်းပေး မည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ခင်သန်းမြင့်** | **ဒေါ်ခင်နွဲ့ရီ(LL.B)** |
| **၁၂/လမတ(နိုင်)၀၁၅၅၁၃** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၉၂၅)** |

**တိုက်(၉)၊ အခန်း(၂၇)၊ ဖဆပလ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၂၄၉၄၉၊ ၀၉-၈၉၃၅၆၆၃၇၀၊ ၀၉-၄၀၅၀၆၄၃၇၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5K/5598 TOYOTA PROBOX NCP 50 STATION WAGON (4x2)(R) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မိုးကျော် ၁၂/ဥကမ(နိုင်)၂၂၁၂၂၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ် တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/67844 Canda 125 ယာဉ်လက်ဝယ်ရှိသူ ဦးငြိမ်းချမ်း ၉/ပမန (နိုင်)၂၂၉၄၇၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

**ဒီမိုကရေစီတွင် တူညီသည့်အခွင့်အရေးများပေးရမည်ဖြစ်သကဲ့သို့ ဖက်ဒရယ်စနစ်တွင်လည်း တူညီသည့်အခွင့်အရေးများပေးရမည်ဖြစ်၊ ငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆက်လက်ဆွေးနွေးသွားမည်။**

**တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးရာတွင် အဆင်ပြေမှုများရှိခဲ့ပြီး ကောင်းမွန်သည့်တွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်၍ နိုင်ငံငြိမ်းချမ်းရေးရရှိအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်။**

**အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှာ အကြောင်းအမျိုးမျိုးဖြင့် တွေ့ဆုံဆွေးနွေးမှုမပြုနိုင်ကြ၊ မိမိတို့သည် နိုင်ငံရေးရည်မှန်းချက်နှစ်ရပ်အတိုင်း ခိုင်မြဲစွာ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ဆွေးနွေးရန်ကျန်ရှိသည့်အဖွဲ့များအနေဖြင့် မိမိကမ်းလှမ်းထားသည့်အတိုင်း ထပ်မံဖိတ်ခေါ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ခုနှစ်၊ ဇွန်လ ၉ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ယနေ့ သတင်းအညွှန်း

**ရုရှားမြေတွင် ပွင့်လန်းလာသည့် ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာရောင်ဝါ အလင်းတန်း**

ဆောင်းပါး စာ - ၆

## CDM ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များအား ကြိုဆိုရေးစခန်းများ ဖွင့်လှစ်လက်ခံခြင်းနှင့် နီးစပ်ရာလုံခြုံရေးစခန်းများ၌ လက်ခံခြင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာချက် ထုတ်ပြန်

နေပြည်တော် ဇူလိုင် ၁၇

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်း ရောက်ရှိနေသည့် CDM ဝန်ထမ်း များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားကြောင်း သိရှိရသည်။

*စာမျက်နှာ ၁၈ ကော်လံ ၁* ❖

## ၂၀၂၂ ခုနှစ် (၇၅) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇူလိုင် ၁၈

၂၀၂၂ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ရန်ကုန်မြို့ အာဇာနည်ဗိမာန်၌ ကျင်းပပြုလုပ်မည့် (၇၅) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား ကျင်းပပုံများကို နံနက် ၇ နာရီ မိနစ် ၄၀ အချိန်မှစတင်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV-HD၊ MWD-HD၊ MWD Variety-HD၊ MRTV News၊ MITV၊ MOI Website၊ MOI Youtube၊ MRTV Website နှင့် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ မန္တလေး FM၊ ပဒ္မဝတီ FM၊ ရွှေ FM၊ ပတ္တမြား FM၊ FM ပုဂံ၊ ချယ်ရီ FM နှင့် Star FM တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသသွားမည် ဖြစ်ပါကြောင်း သိရသည်။

သတင်းစဉ်



ပေါက်မြို့နယ် ကျောက်အိုးကျေးရွာ ဘုန်းကြီးကျောင်းအနီး၌ လက်နက်နှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ။

## ပေါက်မြို့နယ် ကျောက်အိုးကျေးရွာအတွင်းရှိ ဒေသခံပြည်သူများ၏ နေအိမ်များ PDF အမည်ခံအကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီး

နေပြည်တော် ဇူလိုင် ၁၈

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်အတွင်း အများပြည်သူများ လုံခြုံအေးချမ်းမှုရှိစေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၅ ရက် နံနက် ၇ နာရီခန့်၌ ကျောက်အိုးကျေးရွာတွင် PDF အမည်ခံအကြမ်းဖက်အဖွဲ့များက နေအိမ်များကို မီးရှို့ဖျက်ဆီးနေကြောင်း ပြည်သူအချို့၏ သတင်းပေးပို့လာမှုအရ သွားရောက်ခဲ့ရာ ကျေးရွာအတွင်းရှိ

*စာမျက်နှာ ၂၀ ကော်လံ ၁* ❏

ယနေ့ သတင်းအညွှန်း

**Kaung For You ဖြစ်စဉ်နှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၏ ဖြေကြားချက်**

ပြည်တွင်းသတင်း စာ - ၁၀

**ပထမဆုံးအကြိမ် လက်နက်၊ ခဲယမ်းများဖြင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်**

ပြည်တွင်းသတင်း စာ - ၁၁